ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်၊ တနင်္လာနေ့။ Monday, 9 November 2020 ၁၀၁၉၁

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွှမ်းတို့ ထန်တလန်မြို့ အမှတ်(၂) ရပ်ကွက် မဲရုံအမှတ်(၁)တွင် ဆန္ဒမဲပေး

ထန်တလန် နိုဝင်ဘာ ၈

ချင်းပြည်နယ် ထန်တလန်မြို့၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ဆန္ဒမဲပေးခြင်းကို ယနေ့နံနက် ၆ နာရီတွင် စတင်ရာ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သက်ဆိုင်ရာမဲရုံအသီးသီး၌ လာရောက် ဆန္ဒမဲပေးခဲ့ကြပြီး ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွှမ်းတို့သည် နံနက်ပိုင်းတွင် ထန်တလန်မြို့ အမှတ်(၂) ရပ်ကွက် မြို့နယ်ခန်းမ၌ ဖွင့်လှစ် ထားသော မဲရုံအမှတ်(၁)သို့ လာရောက်၍ ဆန္ဒမဲပေးခဲ့ကြသည်။

**ဆန္ဒမဲပေး**

ထန်တလန်မြို့နယ်၌ မဲရုံပေါင်း ၁၀၅ ရုံ ဖွင့်လှစ်ထားရှိပြီး ဆန္ဒမဲပေးခွင့်ရှိသူ ၃၃၈၀၆ ဦးရှိရာ မဲဆန္ဒရှင်ပြည်သူများသည် မဲရုံ စတင်ဖွင့်လှစ်ချိန်မှစ၍ သက်ဆိုင်ရာမဲရုံ အသီးသီးသို့ လာရောက်ကြပြီး ဆန္ဒမဲပေးခဲ့ကြသည်။

**ကူညီဆောင်ရွက်ပေး**

မဲရုံများတွင် ဆန္ဒမဲလာရောက်ပေးသူများ စိတ်ချလုံခြုံစွာ မဲပေးနိုင်ရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ဆန္ဒမဲပေးနိုင်ရေး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ မဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များ၊ မဲရုံလုံခြုံရေးများနှင့် စေတနာ့ဝန်ထမ်းများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွှမ်းတို့ ထန်တလန်မြို့ အမှတ်(၂)ရပ်ကွက် မြို့နယ်ခန်းမ၌ ဖွင့်လှစ်ထားသော မဲရုံအမှတ်(၁)သို့ လာရောက်၍ ဆန္ဒမဲပေးကြစဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ

**နေပြည်တော် ပြည်ထောင်စုနယ်မြေရှိ မဲဆန္ဒရှင်ပြည်သူများ၏ ရင်တွင်းစကားပြောကြားချက်များ**
စာမျက်နှာ » ၅

**ရန်ကုန်တိုင်းဒေသကြီးရှိ မဲဆန္ဒရှင်ပြည်သူများ၏ ရင်တွင်းစကားသံများ**
စာမျက်နှာ » ၆

**၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့၊ တစ်နိုင်ငံလုံး ရွေးကောက်ပွဲရလဒ်များအား အချိန်မီထုတ်ပြန်နိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိ**
စာမျက်နှာ » ၁၃

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

## ကြေးမုံ

# ဂုဏ်ယူဖွယ်ရွေးကောက်ပွဲ အောင်မြင်

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။ စိန်ခေါ်မှုများကြား၊ အနှောင့်အယှက်၊ အတိုက်အခိုက်၊ အခက်အခဲများကြားမှ ရွေးကောက်ပွဲများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့သည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ အားလုံးအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ် ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် မြန်မာနိုင်ငံ၌ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး အခင်းအကျင်းစတင်ခဲ့ပြီးနောက် တတိယအကြိမ်မြောက်ကျင်းပသည့် ရွေးကောက်ပွဲဖြစ်သည်။ ယခုနှစ် ရွေးကောက်ပွဲသည် ယခင်ကျင်းပခဲ့သော ၂၀၁၀၊ ၂၀၁၅ ရွေးကောက်ပွဲများနှင့်နှိုင်းယှဉ်လျှင် ကျင်းပခဲ့သည့် အခြေအနေပုံစံ တစ်မူထူးခြားကွဲပြားသော ရွေးကောက်ပွဲဟု ဆိုနိုင်သည်။ အဓိကအချက်မှာ တစ်ကမ္ဘာလုံး၊ တစ်နိုင်ငံလုံး ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသောကာလတွင် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်း ဖြစ်သည်။

ရွေးကောက်ပွဲမကျင်းပမီ အကြိုကာလများအတွင်း ကိုဗစ်-၁၉ ရောဂါနှင့် လုံခြုံမှုကိုအကြောင်းပြု၍ ရွေးကောက်ပွဲရွှေ့ဆိုင်းပေးရေးကိစ္စ၊ ကြိုတင်မဲပေးရေးကိစ္စ၊ ရွေးကောက်ပွဲမကျင်းပနိုင်သည့် ဒေသများကိစ္စ၊ မဲဆွယ်စည်းရုံးခြင်းကိစ္စ၊ မဲပေးခြင်းကိစ္စ စသည့်အရေးကိစ္စအမျိုးမျိုးတို့တွင် ဆန့်ကျင်ကန့်ကွက်မှုများရှိခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာတို့က စဉ်းစားချင့်ချိန်တွက်ချက်ပြီး ကူညီဖြေရှင်းဆောင်ရွက်ပေးနိုင်ခြင်းတို့ကြောင့် ရွေးကောက်ပွဲများ အောင်အောင်မြင်မြင် ချောချောမွေ့မွေ့ ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

၂၀၂၀ ရွေးကောက်ပွဲအတွက် အကောင်းမွန်ဆုံး ပြင်ဆင်ဆောင်ရွက်မှုအဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်၍ တရားမျှတလွတ်လပ်ပြီး လုံခြုံစိတ်ချမှုရှိသည့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်စေရန် ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ခဲ့သည်။ သက်ကြီးရွယ်အို၊ လူကြီးသူမများ ကြိုတင်မဲပေးနိုင်အောင် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင်ခြင်း၊ မဲဆန္ဒနယ် ပြင်ပရောက်နေသူများ မဲပေးနိုင်ရေး ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင်ခြင်း၊ ကိုဗစ်-၁၉ ကြောင့် ဆေးရုံတက်နေရသူများ၊ ကန့်သတ်စောင့်ကြည့်ခံရသူများ မဲပေးနိုင်ရေး ဆောင်ရွက်ပေးနိုင်ခြင်း၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် လုံခြုံဘေးကင်းစွာ မဲပေးနိုင်ရေး မဲရုံများတိုးချဲ့ပြီး မဲဆန္ဒရှင်များအဆင်ပြေအောင် ခွဲထုတ်ပေးနိုင်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၂၀ ရွေးကောက်ပွဲမှာ တစ်မူထူးခြားပြီး ကျေနပ်စရာဖြစ်သည်ဟု ဆိုနိုင်ပါသည်။ အထူးသဖြင့် ပြည်သူသည်သာ အဓိက၊ ပြည်သူလူထုဆန္ဒမှာ ပဓာန ဖြစ်သည်ကို ပြသနိုင်ခဲ့သည်။ ယခုရွေးကောက်ပွဲအောင်မြင်ရေးနှင့် မဲဆန္ဒပေးရေးတို့အပေါ် ပြည်သူလူထုတစ်ရပ်လုံး အထူးစိတ်ဆန္ဒပြင်းပြပြီး စိတ်ဝင်စားမှုမြင့်မားစွာဖြင့် မဲဆန္ဒပေးခဲ့ကြသည့် မြင်ကွင်းများကို နိုဝင်ဘာလ ၈ ရက်နေ့တွင် တစ်နိုင်ငံလုံးလွှမ်းခြုံ မြင်တွေ့နိုင်သည်။

ပြည်သူလူထုအားလုံး ယုံကြည်လက်ခံသည့် ရွေးကောက်ပွဲများ ဖြစ်ပေါ်လာမှသာ ဒီမိုကရေစီခရီးလမ်း ဖြောင့်တန်းပြီး ဒီမိုကရေစီနိုင်ငံစစ်စစ် ဖြစ်ထွန်းလာမည်ဖြစ်သည်။ စစ်မှန်ခိုင်မာသော ဒီမိုကရေစီစနစ်တည်ဆောက်နိုင်ရန်အတွက် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲများကို တူညီသည့်အခွင့်အရေးများဖြင့် ဘက်လိုက်ခြင်းမရှိဘဲ ပွင့်လင်းမြင်သာစွာ ကျင်းပပေးနိုင်ခဲ့ပြီဖြစ်သည်။ ရွေးကောက်ပွဲသည် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးတွင် အရေးကြီးသောလုပ်ငန်းစဉ်ဖြစ်ပြီး ပြည်သူများ မျှော်လင့်စောင့်စားခဲ့သော နိုင်ငံနှင့် လူထုကို အကျိုးပြုမည့် ပုဂ္ဂိုလ်များအား မဲပေးရွေးချယ်ရေး ဆန္ဒများပြည့်ဝခဲ့ပြီ ဖြစ်သည်။

သို့ဖြစ်ရာ ၂၀၂၀ အထွေထွေရွေးကောက်ပွဲကို လွတ်လပ်၍တရားမျှတမှုရှိပြီး လုံခြုံစိတ်ချမှုရှိစွာဖြင့် အောင်မြင်စွာကျင်းပပေးနိုင်ခဲ့ရာ နိုင်ငံတစ်ဝန်းမှ မဲပေးခွင့်ရှိသော ပြည်သူအားလုံးနီးပါး နိုင်ငံသားတာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ခဲ့ကြပြီဖြစ်သည်။ ယခုလို ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခြင်းဖြင့် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူ ပြည်သားများ၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ခဲ့ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ထားဝယ်မြို့နယ်သမဝါယမဦးစီးဌာန ငွေစုငွေချေးသမဝါယမအသင်းက စုဆောင်းငွေပေါ်အတိုးများ ပေးအပ်



**ထားဝယ် နိုဝင်ဘာ ၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်သမဝါယမဦးစီးဌာန ငွေစုငွေချေးသမဝါယမအသင်းအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာလအတွင်း အသင်းသားများအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန် စုဆောင်းငွေပေါ် အတိုးထုတ်ပေးသည့်အခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး အစည်းအဝေးခန်းမ၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပခဲ့ရာ တနင်္သာရီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်နှင့်အဖွဲ့၊ အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းသားကိုယ်စားလှယ်များ တက်ရောက်ခဲ့ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အသင်းသားများအတွက် စုဆောင်းငွေပေါ် အတိုးပေးအပ်ခဲ့ရာ အသင်းသား ၂၀၆ ဦးအတွက် စုဆောင်းငွေပေါ်အတိုးငွေကျပ် ၁၁၃ ဒသမ ၅ သိန်းအား ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြစိမ်းရောင်စီမံကိန်းလည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေး

**နေပြည်တော် နိုဝင်ဘာ ၈**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာလအတွင်း ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများကို ယမန်နေ့နံနက်ပိုင်းက ဖိုကုန်းကျေးရွာ၌ ထုတ်ချေးပေးခဲ့ကြောင်း မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။



ဖိုကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က ရန်ပုံငွေ ကျပ်သိန်း ၃၀၀၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါပဉ္စမနှစ် စက်ဝန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်မည့်သူ ၁၂၇ ဦးအတွက် ငွေကျပ် ၄၂၇ သိန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်မည့်သူ ငါးဦးအတွက် ငွေကျပ် ၇ ဒသမ ၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်မည့်သူ နှစ်ဦးအတွက် ငွေကျပ် လေးသိန်း စုစုပေါင်း အသင်းဝင် ၁၈၇ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၃၈ ဒသမ ၅ သိန်းကို ငွေတစ်ရာကျပ်လျှင် အတိုးနှုန်း ပြား ၅၀ ဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျေးရွာ ၁၆ ရွာ ထုတ်ချေး**

မြို့သစ်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးရွာ ၃၁ ရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါကာလအတွင်း ဖိုကုန်းကျေးရွာအပါအဝင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းဝင်ကျေးရွာပေါင်း ၁၆ ရွာကို ထုတ်ချေးပေးခဲ့သည်။

ဂျိုင်းလော(သတင်းစဉ်)



# နွားထိုးကြီးမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ဆန္ဒမဲများပေး

**နွားထိုးကြီး နိုဝင်ဘာ ၈**

နွားထိုးကြီးမြို့နယ်၌ ယနေ့ပြုလုပ်သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို နံနက် ၆ နာရီမှစတင်၍ ဆန္ဒမဲပေးနိုင်ကြောင်းကို မဲရုံမှူးများက ကြေညာခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ အပူချိန်တိုင်းခြင်း၊ လက်ဆေးခြင်း၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာနေစေခြင်းတို့ကို မြို့နယ်အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ကူညီဆောင်ရွက်ပေးပြီး နွားထိုးကြီးမြို့နယ်အတွင်းရှိ မဲရုံ ၂၂၀ တွင် နံနက် ၆ နာရီမှ ၉ နာရီအထိ ဆန္ဒမဲပေးပြီးသူပေါင်း ၄၂၀၀၃ ဦး ရှိကြောင်း သိရသည်။

သန်းအောင်ဇော်

■

**စာပေမြင့်မှ လူမျိုးတင့်မည်**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

ကြေးမုံ

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် |
| စာတည်းမှူး | - | ဦးဝင်းနိုင် |
| သတင်းထောက်မှူး | - | ဦးမြင့်စိုး |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး |
| ဘာသာပြန်စာတည်းများ | - | ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် |
| အကြီးတန်းသတင်းထောက်များ | - | ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း |
| အငယ်တန်းသတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| ဓာတ်ပုံသတင်းထောက် | - | ဦးခင်မောင်ဝင်း |
| သုတေသန | - | ဒေါ်ဇင်မာဝင့် |
| စာပြင် | - | ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဦးကျော်စွာလင်း၊ ဦးချစ်ဇေယျာထွန်းနှင့်အဖွဲ့ |
| အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစည်သူလွင်၊ ဦးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

| | | |
|---|---|---|
| နေပြည်တော် | - | စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁ |
| ရန်ကုန်ရုံးခွဲ | - | အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂ |
| မန်နေဂျာ | - | ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁ |

# လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူထားကြောင်း အသိပေးကြေညာခြင်း

( ၈ - ၁၁ - ၂၀၂၀ )

၁။ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ရေးမြို့နယ်၊ အစင်ကျေးရွာအုပ်စု၊ ခမင်းကုန်းအပိုင်း၊ နယ်မြေ(၁၀)ရှိ မဲရုံအမှတ်(၆) အမက(မူလွန်)ကျောင်းမဲရုံပြင်ပတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ မဲရုံအကူကိုယ်စားလှယ် ဒေါ်နုနုဝင်း အား မဲရုံတာဝန်ကျအထူးရဲမှ စစ်ဆေးခဲ့ရာ UEC အမှတ်တံဆိပ်ပါ တံဆိပ်တုံးတစ်ခု၊ UEC အမှတ်တံဆိပ်မပါ တံဆိပ်တုံး တစ်ခုတို့အား စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၂။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကျုံပျော်မြို့နယ်၊ ကျုံမရမ်းကျေးရွာအုပ်စုတွင် ပြည်သူ့ပါတီမှ လွှတ်တော် ကိုယ်စားလှယ်လောင်းများဖြစ်ကြသော ကျုံပျော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးအောင်ကျော်လွင်၊ ကျုံပျော်မြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးသန်းဌေးနှင့် ကျုံပျော်မြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးမြသောင်း တို့သည် ဆန္ဒမဲပေးရန်ပျက်ပြားစေခြင်း၊ ရွေးကောက်ပွဲပျက်ပြားစေရန် ရည်ရွယ်၍ ၎င်းတို့ ရွေးကောက်တင်မြှောက် ခံရရေးအတွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအား မမှန် မကန်စွပ်စွဲပြောဆိုမှုများ ပြုလုပ်ခဲ့သည်ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၃။ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်နေ မပုံပုံသည် ဆန္ဒမဲပေးရာတွင် အမှတ်(၇)ရပ်ကွက်၊ ဝင်းမေတ္တာအိမ်ရာ၊ မဲရုံအမှတ်(၂)တွင် တစ်ကြိမ်၊ အမှတ်(၈)ရပ်ကွက်၊ မဲရုံအမှတ်(၁)တွင် တစ်ကြိမ် စုစုပေါင်း ဆန္ဒမဲ(၂)ကြိမ်ပေးခဲ့သည်ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၄။ အထက်ဖော်ပြပါဖြစ်စဉ်များကို ကျူးလွန်ခဲ့သည့် မဲရုံအကူကိုယ်စားလှယ် ဒေါ်နုနုဝင်း၊ ဦးအောင်ကျော်လွင်၊ ဦးသန်းဌေး၊ ဦးမြသောင်းနှင့် မပုံပုံတို့အား သက်ဆိုင်ရာမြို့နယ်ရဲစခန်းတွင် ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၄၂၀/၄၆၈ နှင့် လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၅၈၊ ၅၉ တို့နှင့်အညီ အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း အသိပေးကြေညာ အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မဲဆန္ဒရှင်ပြည်သူများသို့ မေတ္တာရပ်ခံခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျန်းမာရေးဆိုင်ရာလမ်းညွှန်ချက်များနှင့်အညီ ရောဂါအန္တရာယ်ကင်းဝေးစွာဖြင့် ကျင်းပပြုလုပ်နိုင်ရေး အလေးထား ဆောင်ရွက်လျက်ရှိပါသည်။

၂။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံပိတ်ပြီးနောက် မဲရုံများနှင့် သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများတွင် ဆန္ဒမဲရေတွက်ခြင်းများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ကြမည်ဖြစ်ပြီး ရလဒ်ပုံစံများကို သက်ဆိုင်ရာ မဲရုံများ၊ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ များတွင် အချိန်နှင့်တစ်ပြေးညီ ကပ်ထားကြေညာပေးသွားမည်ဖြစ်ပါသည်။

၃။ တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကလည်း လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသော ပုဂ္ဂိုလ်၏အမည်ကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပါ သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း ရွေးကောက်တင်မြှောက်ခံရသော ပုဂ္ဂိုလ်များစာရင်းကို နိုင်ငံပိုင် ရုပ်မြင်သံကြားနှင့် နေ့စဉ်ထုတ်သတင်းစာ၊ UEC Website နှင့် Facebook စာမျက်နှာတို့မှ ထပ်ဆင့်ထုတ်ပြန်ကြေညာ ပေးသွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ရွေးကောက်ပွဲရလဒ်များ ရေတွက်ချိန်တွင် သတ်မှတ်ထားသည့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ လူစုလူဝေးမဖြစ်စေရန်အတွက် မိမိနေအိမ်မှသာ ရွေးကောက်ပွဲရလဒ် များကို စောင့်ကြည့်ရယူခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်






ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီး ဒေါ်ခင်မိမိကြွယ်တို့ ဗဟန်းမြို့နယ် အိမ်တွင်းမှု သက်မွေးသင်တန်းကျောင်းမဲရုံ၌ ဆန္ဒမဲများပေးစဉ်။ ဓာတ်ပုံ-ဇော်မင်းလတ်




ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အုတ်ဖိုစုရပ်ကွက် မဲရုံ(၁)၌ မဲဆန္ဒရှင်ပြည်သူတစ်ဦး ဆန္ဒမဲပေးစဉ်။

ဓာတ်ပုံ-ရဲထွဋ်



ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျောက်မြောင်း-တာမွေ မြန်မာ့ရိုးရာအားကစား ခြင်းလုံးရုံ မဂ္ဂင်လမ်းမဲရုံ(၁)၌ မဲဆန္ဒရှင်ပြည်သူတစ်ဦး ဆန္ဒမဲပေးစဉ်။ ဓာတ်ပုံ-ဇော်မင်းလတ်

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များ

| | | |
|---|---|---|
| ၁။ | **မဲဆန္ဒရှင်စုစုပေါင်း** | ၃၇၂၆၈၈၇၆ |
| ၂။ | **မဲရုံစုစုပေါင်း** | ၃၉၉၆၂ ရုံ |
| ၃။ | **လစ်လပ်မဲဆန္ဒနယ်ပေါင်း** | |
| | (က) ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ၃၁၅ နယ် |
| | (ခ) အမျိုးသားလွှတ်တော်မဲဆန္ဒနယ် | ၁၆၁ နယ် |
| | (ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် | ၆၁၂ နယ် |
| | (ဃ) တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ၂၉ နယ် |
| | လစ်လပ်မဲဆန္ဒနယ်စုစုပေါင်း | ၁၁၁၇ နယ် |
| ၄။ | **ပါဝင်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီစုစုပေါင်း** | |
| | (က) ယှဉ်ပြိုင်ရန်စာရင်းသွင်း | ၉၃ ပါတီ |
| | (ခ) ညီညွတ်သော ဒီမိုကရေစီပါတီနှင့် ပြည်ထောင်စုဒီမိုကရေစီပါတီ ဖျက်သိမ်း | ၂ ပါတီ |
| | (ဂ) ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီစုစုပေါင်း | ၉၁ ပါတီ |
| | (ဃ) ရွေးကောက်ပွဲမကျင်းပနိုင်သည့်ဒေသကြေညာ၍ ယှဉ်ပြိုင်ခြင်းမပြုနိုင်သည့်ပါတီ | ၄ ပါတီ |
| | (င) စုစုပေါင်း | ၈၇ ပါတီ |
| ၅။ | **ဝင်ရောက်ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း** | |
| | (က) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း | ၁၅၆၅ ဦး |
| | (ခ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း | ၇၇၉ ဦး |
| | (ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် | ၃၁၁၂ ဦး |
| | (ဃ) တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ၁၈၃ ဦး |
| | စုစုပေါင်း | ၅၆၃၉ ဦး |
| ၆။ | **ကိုယ်စားပြုပါဝင်ယှဉ်ပြိုင်မှု** | |
| | (က) နိုင်ငံရေးပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်း | ၅၃၇၉ ဦး |
| | (ခ) တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း | ၂၆၀ ဦး |



ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အမှတ်(၁၄) အခြေခံပညာမူလတန်းကျောင်း မဲရုံ၌ မဲရုံမှူးနှင့် တာဝန်ရှိသူများ ဆန္ဒမဲများ ရေတွက်ကြစဉ်။

ဓာတ်ပုံ-ဇော်မင်းလတ်

# နေပြည်တော်၌ မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲများပေး

**နေပြည်တော် နိုဝင်ဘာ ၈**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ယနေ့ နံနက် ၆ နာရီတွင် တစ်နိုင်ငံလုံး၌ တစ်ချိန်တည်း တစ်ပြိုင်တည်း ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများက မိမိတို့ ကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းများကို လွတ်လပ်စွာ ဆန္ဒမဲပေး ရွေးချယ်ကြသည်။

နေပြည်တော်၌လည်း မဲဆန္ဒရှင်ပြည်သူများသည် နံနက် ၆ နာရီမတိုင်မီ သက်ဆိုင်ရာမဲရုံအသီးသီးသို့ ရောက်ရှိကြပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းလမ်းညွှန်များနှင့်အညီ မဲပေးနိုင်ရေး တန်းစီနေရာယူကြသည်။

မဲရုံမဖွင့်မီ သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ အဖွဲ့ဝင်များ၊ မဲရုံမှူးများနှင့် တာဝန်ရှိသူများသည် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ လေ့လာစောင့်ကြည့်သူများ၏ ရှေ့မှောက်တွင် ဆန္ဒမဲပုံးများကို စစ်ဆေးပြသကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ထားသည့် လုံခြုံရေးကြိုးများဖြင့် မဲပုံးများကို စနစ်တကျပိတ်သည်။

**လျှို့ဝှက်ဆန္ဒပြု**

နံနက် ၆ နာရီတွင် မဲရုံမှူးများက မဲရုံဖွင့်လှစ်ကြောင်း ကြေညာသည်နှင့် တစ်ပြိုင်နက် ဆန္ဒမဲပေးရန် ရောက်ရှိနေကြသည့် ပြည်သူများက တာဝန်ရှိသူများထံမှ ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်နေရာများအတွက် ရွေးချယ်ပေးရမည့် ဆန္ဒမဲလက်မှတ်များကို လက်မှတ်ထိုး ထုတ်ယူပြီး လွတ်လပ်စွာ လျှို့ဝှက်ဆန္ဒပြုကာ မဲပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

မဲရုံပြင်ပတွင်လည်း မဲဆန္ဒရှင်ပြည်သူများ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်း လမ်းညွှန်များနှင့်အညီ လွတ်လပ်၊ လုံခြုံ ဘေးကင်းစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် တာဝန်ရှိသူများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ KN-95 နှာခေါင်းစည်းများ ထုတ်ပေးခြင်း၊ လက်သန့်ဆေးရည်ဖျန်းပေးခြင်း၊ မဲရုံအတွင်းအပြင် လုံခြုံရေးဆောင်ရွက်ပေးခြင်းနှင့်လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးကြသည်။

**ကျန်းမာရေးဝန်ထမ်းများထားရှိ**

ထို့ပြင် မဲဆန္ဒရှင်ပြည်သူများ၏ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ကျန်းမာရေးဝန်ထမ်းများနှင့် လူနာတင်ယာဉ်များကို မဲရုံများအနီးတွင် ထားရှိပေးထားပြီး သောက်ရေသန့်များကိုလည်း စေတနာရှင် ပြည်သူများက လာရောက်လှူဒါန်းပေးထားသည်။

မဲရုံများတွင် လာရောက်ဆန္ဒမဲပေးကြသည့် ပြည်သူများ လွတ်လပ်လုံခြုံစွာ လျှို့ဝှက် ဆန္ဒမဲပေးနိုင်မှု ရှိ၊ မရှိကို ပြည်တွင်း ပြည်ပ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များက လာရောက်စောင့်ကြည့်ကြပြီး သတင်းမီဒီယာများလည်း လာရောက်သတင်းရယူကြသည်။

နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ မဲဆန္ဒရှင်ပြည်သူများက ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်တို့ရှိ သက်ဆိုင်ရာ မဲရုံများသို့ သွားရောက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ရှစ်နေရာနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နှစ်နေရာတို့အတွက် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများထဲမှ မိမိတို့နှစ်သက်သည့် ပုဂ္ဂိုလ်များကို လွတ်လပ်စွာ ဆန္ဒမဲပေးရွေးချယ်ကြသည်။

နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ သီရိ ငါးမြို့နယ်နှင့် ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်း မြို့နယ်တို့တွင် မဲရုံစုစုပေါင်း ၆၄၆ ရုံ ဖွင့်လှစ်ထားသည်။




နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ မဲဆန္ဒရှင်များ ဆန္ဒမဲပေးစဉ်။



နေပြည်တော် ပျဉ်းမနားမြို့နယ်၌ မဲဆန္ဒရှင်တစ်ဦး ဆန္ဒမဲပေးအပြီး တွေ့ရစဉ်။

**ရွေးချယ်ရေတွက်**

မဲပေးမှုပြီးဆုံးချိန်တွင် မဲရုံမှူးများနှင့်အဖွဲ့ဝင်များသည် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ လေ့လာစောင့်ကြည့်သူများ ရှေ့မှောက်၌ မဲပုံးများကို ဖွင့်ဖောက်၍ ခိုင်လုံမဲနှင့် ပယ်မဲတို့ကို စနစ်တကျ ရွေးချယ်ရေတွက်ကြပြီး သက်ဆိုင်ရာမှတ်တမ်းစာအုပ်များတွင် မှတ်တမ်းရေးသွင်းကြသည်။

ယခု ရွေးကောက်ပွဲတွင် နိုင်ငံတစ်ဝန်း၌ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၃၁၅ နေရာအတွက် လွှတ်တော် ကိုယ်စားလှယ်လောင်း ၁၅၆၅ ဦး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၆၁ နေရာအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း ၇၇၉ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ၆၁၂ နေရာအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း ၃၁၁၂ ဦး၊ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ် ၂၉ နေရာအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၈၃ ဦး ပါဝင်ယှဉ်ပြိုင်အရွေးခံကြသည်။

ယခုရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၈၇ ပါတီဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃၇၂၆၈၈၇၆ ဦးရှိကာ မဲရုံပေါင်း ၃၉၉၆၂ ရုံ ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

သက်ဆိုင်ရာ မဲဆန္ဒနယ်မြေအသီးသီးမှ အရွေးချယ်ခံရသည့် လွှတ်တော် ကိုယ်စားလှယ်များ၏ အမည်စာရင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




နေပြည်တော် ဇေယျာသီရိမြို့နယ်၌ မဲဆန္ဒရှင်တစ်ဦး ဆန္ဒမဲပေးစဉ်။



နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၌ မဲဆန္ဒရှင်များ လာရောက်၍ ဆန္ဒမဲပေးကြစဉ်။



နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အထက(၇)ရှိ မဲရုံ၌ မဲရေတွက်ကြစဉ်။



နေပြည်တော် လယ်ဝေးမြို့နယ်၌ မဲဆန္ဒရှင်တစ်ဦး ဆန္ဒမဲပေးစဉ်။

# နေပြည်တော် ပြည်ထောင်စုနယ်မြေရှိ မဲဆန္ဒရှင်ပြည်သူများ၏ ရင်တွင်းစကား ပြောကြားချက်များ


မစုသက်နှင်း


မဟာန်နွယ်ဦး


ဦးသန်းထွန်း


ဦးမြင့်ဝေ


ကိုဉာဏ်လင်းသိန်း


ဦးအောင်မြို့


ကိုကျော်လှိုင်


ဦးထွန်းသန်း


မအေးအေးအောင်

ယနေ့တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို တစ်နိုင်ငံလုံး၌ ကျန်းမာရေးဆိုင်ရာ စံလုပ်ငန်း လမ်းညွှန်များနှင့်အညီ တစ်ချိန်တည်းတစ်ပြိုင်တည်း ကျင်းပသည်။ ထို့အတူ နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်း မြို့နယ် (၈)မြို့နယ်ရှိ သက်ဆိုင်ရာမဲရုံအသီးသီးတွင်လည်း မဲဆန္ဒရှင်ပြည်သူများ လာရောက်၍ လွတ်လပ်စွာ လျှို့ဝှက်ဆန္ဒမဲပေးကြသည်။

နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ မဲရုံများ၌ ပြည်သူများ လာရောက်ဆန္ဒမဲပေးရာတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုမရှိစေရေး၊ မဲရုံအတွင်း မဲပေးရာတွင် အချိန်ကြန့်ကြာမှုမရှိစေရေး၊ လုံခြုံစိတ်ချစွာ ဆန္ဒမဲပေးနိုင်ရေး၊ မဲဆန္ဒရှင်ပြည်သူများအတွက် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရေးတို့အတွက် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ပူးပေါင်းကူညီဆောင်ရွက်ပေးကြသည်။

မဲရုံများသို့လာရောက်ဆန္ဒမဲပေးကြသည့် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲပေးခဲ့မှုအပေါ် ၎င်းတို့၏ တွေ့ကြုံခံစားချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ရေးသားဖော်ပြလိုက်ပါသည်။

**မစုသက်နှင်း**
**(ဓနသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်)**

မဲပေးဖို့အတွက် မနက် ၅ နာရီကတည်းက လာစောင့်နေတာပါ။ မဲရုံ ဖွင့်တဲ့အထိ စနစ်တကျ တန်းစီစောင့်ဆိုင်းခဲ့ပါတယ်။ မနက် ၆ နာရီထိုးတော့ မဲရုံမှူးက မဲရုံစတင်ဖွင့်လှစ်ပြီဖြစ်တဲ့အကြောင်း ကြေညာပါတယ်။ အဲဒီနောက် ကျွန်မတို့ မဲပေးခဲ့ပါတယ်။ အစောဆုံးလည်း မဲပေးခွင့်ရခဲ့ပါတယ်။ မဲပေးတဲ့အခါမှာ ဘာဖိအားမှမရှိဘဲ မဲပေးရပါတယ်။ ကျန်းမာရေးနဲ့ ပတ်သက်တာတွေလည်း ကျန်းမာရေးဝန်ထမ်းတွေက စနစ်တကျ လုပ်ဆောင်ပေးတာကို တွေ့ရပါတယ်။ တစ်ဦးနဲ့တစ်ဦး ခြောက်ပေအကွာ တန်းစီဖို့လည်း တာဝန်ရှိသူတွေက လိုက်လံဆော်ဩပေးပါတယ်။ မဲပေးတဲ့အခါမှာ လွယ်ကူအောင် လမ်းညွှန်သင်္ကေတတွေ လုပ်ပေးထားပါတယ်။ ကျွန်မအတွက် ဒီရွေးကောက်ပွဲက တတိယအကြိမ် မဲပေးခွင့်ရတာပဲဖြစ်ပါတယ်။ မဲပေးခွင့်ရတဲ့ နိုင်ငံသားတစ်ယောက်အနေနဲ့ ကျေနပ်ပီတိဖြစ်မိပါတယ်။ နိုင်ငံသားတာဝန်ကျေတယ်လို့လည်း ခံစားရပါတယ်။

**မဟာန်နွယ်ဦး (အောင်ဇေယျရပ်ကွက်၊ လယ်ဝေးမြို့နယ်)**

မဲရုံကို မနက် ၆ နာရီမှာ ရောက်တယ်။ မဲလာပေးတဲ့သူ မများသေးတဲ့အတွက် အများကြီးတန်းစီစရာမလိုဘဲ ချက်ချင်းမဲပေးရပါတယ်။ တန်းစီတဲ့အခါမှာလည်း ၆ ပေခွာပြီး တန်းစီရသလို မဲပေးတဲ့အခါမှာလည်း သတ်မှတ်ထားတဲ့ ကျန်းမာရေး လမ်းညွှန်ချက်တွေနဲ့အညီ မဲပေးခဲ့ရပါတယ်။ မဲပေးတဲ့အခါမှာ လွတ်လွတ်လပ်လပ် မဲပေးနိုင်ခဲ့ပါတယ်။ ကိုယ်နှစ်သက်တဲ့ ပါတီ၊ ကိုယ်နှစ်သက်တဲ့ ကိုယ်စားလှယ်လောင်းကို မဲပေးခွင့်ရတဲ့အတွက် ကျေနပ်မှုရှိပါတယ်။ ခိုင်လုံမဲဖြစ်ဖို့ ဘာတွေစစ်ဆေးဖို့လိုတယ်၊ ဘယ်လိုမဲပေးရမယ်ဆိုတာကို သတင်းစာတွေ၊ ရုပ်မြင်သံကြားတွေမှာ ကြိုတင် ကြည့်ထားတဲ့အတွက် ကိုယ်ပေးတဲ့ မဲက ပယ်မဲမဖြစ်အောင် သေချာစစ်ဆေးပြီး မဲပေးခဲ့ပါတယ်။

**ဦးသန်းထွန်း(အမှတ်(၂)ရပ်ကွက်၊ လယ်ဝေးမြို့နယ်)**

၅ နှစ်မှာတစ်ခါ မဲပေးခွင့်ရတာဖြစ်တဲ့အတွက် ဒီနေ့မဲပေးရတဲ့အပေါ်မှာ စိတ်လှုပ်ရှားပါတယ်။ မဲပေးတဲ့အခါမှာ လွတ်လွတ်လပ်လပ်ရှိပါတယ်။ တာဝန်ရှိသူတွေကလည်း မဲပေးမှုအဆင့်ဆင့်မှာ မှားယွင်းမှုမရှိအောင်၊ လွယ်ကူမှုရှိအောင် ကူညီဆောင်ရွက်ပေးပါတယ်။ အပူချိန်တိုင်းတာ၊ လက်သန့်စင်ဆေးရည် ဖျန်းတာ၊ Mask အသစ် လဲပေးတာတွေလည်း လုပ်ပေးပါတယ်။ မဲပေးရတဲ့အတွက် နိုင်ငံသားတစ်ဦး ထမ်းဆောင်ရမယ့် တာဝန်တစ်ခုကို လုပ်နိုင်ခဲ့တယ်လို့ ခံယူပါတယ်။ မဲလက်မှတ် အစွန်းအထင်း ရှိ၊ မရှိ၊ တံဆိပ်တုံးမှာ UEC တံဆိပ်ပါ၊ မပါ စတာတွေကို သေချာစစ်ဆေးပြီးမှ မဲပေးခဲ့ပါတယ်။ မဲပေးခဲ့တဲ့အပေါ်မှာလည်း ကျေနပ်မှုရှိပါတယ်။

**ဦးမြင့်ဝေ (အမှတ်(၂)ရပ်ကွက်၊ လယ်ဝေးမြို့နယ်)**

ကျွန်တော်တို့က မိသားစု ၅ ယောက် အတူမဲလာပေးကြတာပါ။ မဲရုံကို ၆ နာရီခွဲမှာရောက်တော့ နည်းနည်း တန်းစီစောင့်ဆိုင်းရပါတယ်။ တန်းစီတဲ့အခါမှာလည်း တစ်ဦးနဲ့တစ်ဦး ၆ ပေခွာပြီး တန်းစီနိုင်အောင် ဆောင်ရွက်ပေးထားပါတယ်။ ကျန်းမာရေးနဲ့ ပတ်သက်လို့ လူများတဲ့အတွက် ကြောင့် မူးဝေတာမျိုး၊ အသက်ရှူကျပ်တာမျိုးဖြစ်ရင် ခေတ္တနားနေလို့ရအောင် အခန်းတစ်ခန်း စီစဉ်ထားတာတွေ့ရပါတယ်။ မဲပေးတဲ့လုပ်ငန်းအဆင့်ဆင့်ကိုလည်း ရွေးကောက်ပွဲနေ့ မတိုင်ခင်ကတည်းက သေချာလေ့လာထားတယ်။ ဒါကြောင့် လွယ်လွယ်ကူကူမဲပေးနိုင်ခဲ့တယ်။ မဲရုံတာဝန်ရှိသူတွေက မဲစာရင်းစစ်ဆေးပြီးရင် ဘာလုပ်ရမယ်၊ မဲလက်မှတ်ဘယ်လိုထုတ်ရမယ်ဆိုတာတွေကို စနစ်တကျဖြစ်အောင် ပြောပြပေးပါတယ်။ လျှို့ဝှက်ဆန္ဒမဲ ပေးတဲ့အခါမှာတော့ ကိုယ့်စိတ်ကြိုက် မဲပေးခွင့်ရခဲ့ပါတယ်။ မဲပေးရတဲ့အပေါ်မှာလည်း ကျေနပ်မှုရှိပါတယ်။ နိုင်ငံသားတစ်ယောက်အနေနဲ့ ရွေးကောက်ပွဲနေ့ကို ရောက်ရှိဖို့ မျှော်လင့်နေခဲ့တာပါ။ အခုလို ဆန္ဒမဲ ပေးပြီးခဲ့တဲ့အတွက် တာဝန်တစ်ခု ဆောင်ရွက်ပြီးသွားတယ်လို့ ခံစားရပါတယ်။ နိုင်ငံသားတာဝန်ကျေသွားတယ်လို့လည်း ယူဆတယ်။ နိုင်ငံ့တာဝန်တွေကို ကျေပွန်စွာထမ်းဆောင်နိုင်မယ်လို့ ယူဆတဲ့ ကိုယ်စားလှယ်လောင်းတွေကို မဲပေးခဲ့တဲ့အတွက် ကျွန်တော်တို့ဘက်က တာဝန်ကျေပါပြီ။ ရွေးကောက်ခံကိုယ်စားလှယ်လောင်းတွေအနေနဲ့ နိုင်ငံအတွက်၊ ပြည်သူအတွက် တာဝန်ကျေဖို့ပဲ ကျန်ပါတော့တယ်။ အားလုံးလည်း တာဝန်ကျေပွန်အောင် ထမ်းဆောင်နိုင်မယ်လို့လည်း မျှော်လင့်ပါတယ်။

**ကိုဉာဏ်လင်းသိန်း**
**(သပြေလှရပ်ကွက်၊ ပျဉ်းမနားမြို့နယ်)**

မဲပေးရတာ အားလုံးအဆင်ပြေပါတယ်။ တန်းစီစောင့်ဆိုင်းတဲ့အချိန်ကနေ မဲပေးပြီးတဲ့အချိန်အထိ ၄၅ မိနစ်ကြာပါတယ်။ ကိုဗစ်ကာလဆိုတော့ တစ်ဦးနဲ့တစ်ဦး ခြောက်ပေခွာရတာ၊ တစ်ဦးပြီးမှတစ်ဦး မဲပေးရတာတွေကြောင့် နည်းနည်း အချိန်ကြာသွားတာဖြစ်ပါတယ်။ လွတ်လွတ်လပ်လပ်မဲပေးခဲ့ရပါတယ်။ ကိုယ်ပေးခဲ့တဲ့ ဆန္ဒမဲက ခိုင်လုံမှုရှိဖို့အတွက် မဲရုံမှူးလက်မှတ် ပါ၊ မပါ၊ မဲလက်မှတ် အစွန်းအထင်းရှိ၊ မရှိကို စစ်ဆေးပါတယ်။ တံဆိပ်တုံးနှိပ်တဲ့အခါ ကိုယ်ပေးချင်တဲ့ ကိုယ်စားလှယ်အမည်ရဲ့ ဘေးအကွက်ထဲမှာ သေချာကျအောင်နှိပ်ပြီး မဲပေးခဲ့ပါတယ်။ ခိုင်လုံတဲ့ မဲတစ်မဲကို ပေးနိုင်ခဲ့ပါတယ်။ ကိုယ်ကြိုက်နှစ်သက်တဲ့ ကိုယ်စားလှယ်လောင်းကို သေချာမဲပေးနိုင်ခဲ့တဲ့အတွက်လည်း ကျေနပ်ပါတယ်။ ကိုယ့်နိုင်ငံအတွက် တစ်ထောင့်တစ်နေရာက ပါဝင်ခွင့်ရတဲ့အတွက်လည်း ဂုဏ်ယူပါတယ်။

**ဦးအောင်မြို့**
**(ကံဦးအုပ်စု၊ ပျဉ်းမနားမြို့)**

ကျွန်တော်က ကံဦးအုပ်စု စိုက်ပျိုးဥယျာဉ်ကျေးရွာကနေ လာရောက်မဲပေးတာ ဖြစ်ပါတယ်။ မဲပေးဖို့အတွက် ၆ ပေခွာတန်းစီရပြီး တန်းစီချိန် မိနစ် ၃၀ ကြာပါတယ်။ ကျန်းမာရေးနဲ့ပတ်သက်ပြီး မဲရုံအဝင်မှာ Mask အသစ်လဲပေးတယ်။ လက်ကိုလည်း လက်သန့်ဆေးရည်နဲ့ ဖျန်းပေးတယ်။ ကိုယ်နှစ်သက်တဲ့ပါတီ ကိုယ်စားလှယ်လောင်းတွေကို လွတ်လွတ်လပ်လပ်နဲ့ မဲပေးခွင့်ရလို့ စိတ်ကျေနပ်မှုရှိပါတယ်။ ကျွန်တော်ပေးတဲ့မဲက ခိုင်လုံမှုရှိဖို့အတွက် မဲရုံမှူးလက်မှတ်ပါ၊ မပါ စစ်ဆေးတဲ့အပြင် တံဆိပ်တုံးကိုလည်း သေချာကြည့်ပြီး မဲပေးခဲ့ပါတယ်။ နိုင်ငံသားတစ်ယောက်အနေနဲ့ အခုလိုပေးခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်ပါတယ်။ နိုင်ငံရဲ့တာဝန်ကို တစ်ထောင့်တစ်နေရာကပါဝင်ပြီး ကျေပွန်စွာ ထမ်းဆောင်ခဲ့ရလို့ ကျေနပ်မိပါတယ်။

**ကိုကျော်လှိုင် (ကျန်စစ်သားရပ်ကွက်၊ ဇေယျာသီရိမြို့နယ်)**

ကျွန်တော်က စစ်မှုထမ်းဟောင်းတစ်ဦးပါ။ ကိုဗစ်-၁၉ ဖြစ်ပွားနေတဲ့ကာလဆိုတော့ မဲပေးဖို့အတွက် တစ်ဦးနဲ့တစ်ဦး ၆ ပေအကွာ တန်းစီရပါတယ်။ မဲရုံအဝင်မှာ ကိုယ်တပ်လာတဲ့ Mask ကို အမှိုက်ပုံးထဲထည့်ပြီး Mask အသစ်လဲရပါတယ်။ လက်ကို လက်သန့်ဆေးရည်နဲ့ ဖျန်းပေးပါတယ်။ အခုလိုလုပ်ပေးတာ ကျန်းမာရေးအတွက် အဆင်ပြေပြီး လုံခြုံစိတ်ချရတယ်လို့ ခံစားရပါတယ်။ လက်မှတ်ထိုးတဲ့ ဘောပင်က လူတိုင်းကိုင်နေတဲ့အတွက် မဲရုံက ပြန်ထွက်တဲ့အခါ လက်မဆေးရမှာ စိုးရိမ်ခဲ့တယ်။ ဒါပေမယ့် မဲရုံက ပြန်ထွက်တဲ့အခါမှာလည်း လက်ကို ပိုးသတ်ဆေးနဲ့ သေချာဖျန်းပေးတဲ့အတွက် အဆင်ပြေပါတယ်။ မဲပေးတဲ့အခါမှာ လွတ်လွတ်လပ်လပ်နဲ့ မဲပေးခွင့်ရတဲ့အတွက် အဆင်ပြေပါတယ်။ ကိုယ်ပေးတဲ့မဲက ခိုင်လုံပြီး ပယ်မဲမဖြစ်ဖို့အတွက် မဲပေးတဲ့အခါ အားလုံးကိုစိစစ်ပြီးမှ မဲပေးခဲ့ပါတယ်။

**ဦးထွန်းသန်း (နဝဒေးရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်)**

ကျွန်တော်က အငြိမ်းစားဝန်ထမ်းတစ်ဦးပါ။ အခုချိန်က ကိုဗစ်-၁၉ ဖြစ်ပွားနေတဲ့ကာလဆိုတော့ မဲရုံအဝင်မှာ ကျန်းမာရေးအတွက် Mask အသစ်လဲပေးတယ်။ လက်သန့်ဆေးရည် ဖျန်းပေးတယ်။ ကျန်းမာရေးအရ ကိုယ့်မှာပါလာတဲ့ ဖြတ်ပိုင်းစာရွက်ကို စားပွဲပေါ်မှာချပြရတယ်။ အဲဒီစာရွက်ကိုကြည့်ပြီး မဲလက်မှတ်ထုတ်ပေးတယ်။ အခုလို လုပ်ဆောင်ပေးတာ မဲလာပေတဲ့ ပြည်သူတွေအတွက်ရော၊ မဲရုံ တာဝန်ကျဝန်ထမ်းတွေအတွက်ရော ကျန်းမာရေးအရ အဆင်ပြေသွားတယ်။ မဲပေးတဲ့အခါ ဘာမှ အနှောင့်အယှက်မရှိပါဘူး။ ကိုယ်ကြိုက်တဲ့ပါတီ ကိုယ်စားလှယ်လောင်းတွေကို လွတ်လွတ်လပ်လပ်နဲ့ မဲပေးခွင့်ရတယ်။ မဲပေးတဲ့အခါမှာလည်း အခက်အခဲမရှိအောင် လိုက်လံကူညီ ဆောင်ရွက်ပေးတဲ့အတွက် မဲရုံက တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။ အခုလို နိုင်ငံသားတစ်ယောက်အနေနဲ့ ကိုယ့်ရဲ့ဆန္ဒကို လွတ်လွတ်လပ်လပ်မဲပေးပြီး မျှမျှတတ ထောက်ခံခွင့်ရတဲ့အတွက် ကျေနပ်ပါတယ်။ အသက်က ၆၇ နှစ် ရှိပြီဆိုတော့ ကြိုတင်မဲပေးလို့ရပါတယ်။ ဒါပေမယ့် လူအများနဲ့ မဲပေးတဲ့အတွေ့အကြုံ ယူချင်တာကြောင့် ကြိုတင်မဲ မပေးဘဲနဲ့ အခုလို ကိုယ်တိုင်ကိုယ်ကျလာပြီး မဲပေးရခြင်းဖြစ်ပါတယ်။

**မအေးအေးအောင်**
**(ဥတ္တရသီရိမြို့နယ်)**

ကျွန်မက ဒီနှစ်မှာ ၁၈ နှစ်ပြည့်တာဖြစ်တဲ့အတွက် ပထမဆုံးအကြိမ် မဲပေးခွင့်ရတော့ နည်းနည်း စိတ်လှုပ်ရှားတယ်။ ဒါပေမယ့် နိုင်ငံအတွက် ပထမဆုံး မဲပေးခွင့်ရပြီဖြစ်တဲ့အတွက် ပျော်လည်းပျော်တယ်။ မဲရုံဝင်တာနဲ့ Mask အသစ်လဲပေးတယ်။ ကိုယ်အပူချိန်တိုင်းတယ်။ ၆ ပေ အကွာ တန်းစီရတယ်။ ကိုယ်က ပထမဆုံးအကြိမ် မဲပေးခွင့်ရတာဆိုတော့ မဲပေးတဲ့အခါ မှားယွင်းမှုမရှိဖို့ ကြိုတင်လေ့လာထားပါတယ်။ ဒါကြောင့် မဲပေးတဲ့အခါမှာ အခက်အခဲမရှိပါဘူး။ ကိုယ်ကြိုက်တဲ့ပါတီက ကိုယ်စားလှယ်လောင်းတွေကို လွတ်လွတ်လပ်လပ်နဲ့ စိတ်ချလုံခြုံစွာ မဲပေးခွင့်ရတဲ့အတွက် ကျေနပ်ပါတယ်။ ကိုယ်ပေးတဲ့ မဲက ပယ်မဲမဖြစ်ဖို့နဲ့ ခိုင်လုံမှုရှိဖို့အတွက် သေချာစိစစ်ပြီးမှ မဲပေးခဲ့ပါတယ်။ နိုင်ငံသားတစ်ယောက်အနေနဲ့ ကိုယ်ထောက်ခံတဲ့ပါတီ၊ ကိုယ်ကြိုက်တဲ့ ကိုယ်စားလှယ်လောင်းတွေကို အခုလို ပထမဆုံး မဲပေးခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်ပါတယ်။

**အင်တာဗျူး – မျိုးမင်းနိုင်**
**ဓာတ်ပုံ – စိုးဝင်းထွန်း**

# ရန်ကုန်တိုင်းဒေသကြီးရှိ မဲဆန္ဒရှင်ပြည်သူများ၏ ရင်တွင်းစကားသံများ

တွေ့ဆုံမေးမြန်း
ရီရီမြင့်၊ ဥမ္မာသန့်၊ မြတ်စန္ဒီ
ဓာတ်ပုံ- ရီမြတ်သန့်

နိုဝင်ဘာ ၈ ရက်က ကျင်းပသည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ မဲရုံအသီးသီး၌ နံနက် ၆ နာရီ မဲရုံစတင်မဖွင့်မီကတည်းက မိမိတို့နိုင်ငံသား အခွင့်အရေးအတွက် မဲပေးလိုသူ ပြည်သူများ စောင့်ဆိုင်းနေကြသကဲ့သို့ မဲရုံအသီးသီးတွင် တာဝန်ထမ်းရွက်ကြမည့် မဲရုံမှူးအပါအဝင် အဖွဲ့ဝင်များသည်လည်း ကျရာကဏ္ဍမှ တာဝန် ထမ်းဆောင်ရန် အသင့်ရှိနေကြသည်။

ယနေ့ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခဲ့ကြသည့် မဲဆန္ဒရှင်ပြည်သူများ၊ မဲရုံများတွင် တာဝန်ထမ်းဆောင်ကြသည့် မဲရုံမှူးအပါအဝင် တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်-


ဒေါ်ခင်သန့်ဇင်


ဦးမင်းမောင်စိုး


မသီရိခေတ်


မဇင်မာလွင်


ဦးဇော်မြင့်နိုင်


ဦးအောင်ကျော်စိုး


မဆုလဲ့မွန်


ဒေါ်နုမြတ်စံ


ဒုတိယရဲမှူးညီညီ

**ဒေါ်ခင်သန့်ဇင်**
**မင်္ဂလာတောင်ညွန့်မြို့နယ်**

ကျွန်မက အသက် ၆၀ ကျော်ပြီဖြစ်ပေမယ့်ကျန်းမာရေးကောင်းတယ်။ မဲရုံက အိမ်နဲ့နီးတယ်ဆိုတော့ ဒီနေ့ ကိုယ်တိုင်သွားပြီး မဲပေးခဲ့တယ်။ မဲပေးရာမှာလည်း အဆင်ပြေပြေနဲ့ ပေးနိုင်ခဲ့ပါတယ်။ အခုလို မဲပေးလိုက်ရတဲ့အတွက် နိုင်ငံသားတစ်ယောက်အနေနဲ့ တာဝန်ကျေသွားပြီလို့ ယူဆပါတယ်။

**ဦးမင်းမောင်စိုး**
**(ရန်ကုန်သစ်ရပ်ကွက် )**

ကျွန်တော်က မွန်တိုင်းရင်းသားပါ။ အသက် ၅၆ နှစ်ရှိပါပြီ။ မဲပေးတဲ့နေရာမှာ သူ့နေရာနဲ့သူ အစီစဉ်တကျ ဆောင်ရွက်ပေးထားတာ ကောင်းပါတယ်။ သူ့နေရာနဲ့သူ အလုပ်လုပ်ကြတဲ့အတွက် မဲထည့်တဲ့သူအတွက်လည်း ကောင်းပါတယ်။ စနစ်တကျစီစဉ်ထားတာမို့ ကျန်းမာရေးအရလည်း ကောင်းပါတယ်။

**မသီရိခေတ် (မရမ်းကုန်းမြို့နယ်)**

ပထမဆုံးအကြိမ် မဲပေးခွင့်ရတာဆိုတော့ စိတ်တော်တော်လှုပ်ရှားတယ်။ ကိုဗစ်ရောဂါကာလဆိုတော့ ဆန္ဒမဲပေးမယ့် သူတွေအတွက် ကျန်းမာရေးနဲ့ပတ်သက်ပြီး အဆင်ပြေအောင် စီစဉ်ပေးထားမှုတွေကလည်း တော်တော်ပြည့်စုံပါတယ်။ ကိုယ်ပေးချင်တဲ့ ကိုယ်စားလှယ်လောင်းကို အဆင်ပြေလွတ်လပ်စွာနဲ့ ပေးခွင့်ရခဲ့တဲ့အတွက် ကျေနပ်တယ်။ ကိုယ်နဲ့အတူ လူငယ်တွေရဲ့ အနာဂတ်ကို မြှင့်တင်ပေးနိုင်မယ့် ကိုယ်စားလှယ်လောင်းကို ရွေးချယ်မဲပေးခဲ့တယ်။ ကိုယ်မဲပေးခဲ့တဲ့ ကိုယ်စားလှယ်လောင်းသာ အနိုင်ရခဲ့ရင် အနာဂတ်လူငယ်တွေရဲ့ ပညာရေး၊ ကျန်းမာရေး အပိုင်းတွေကိုအဓိကထားပြီး ဆောင်ရွက်ပေးစေချင်ပါတယ်။

**မဇင်မာလွင်(မရမ်းကုန်းမြို့နယ် )**

ပထမဆုံးအကြိမ် မဲပေးခွင့်ရတာပါ။ ပြည်သူတစ်ယောက်အနေနဲ့ နိုင်ငံ့တာဝန်တစ်ခုကို ထမ်းဆောင်လိုက်ရသလို၊ ပြည်သူ့တာဝန်ကျေသလို ခံစားမိတယ်။ မဲပေးတဲ့အခါမှာလည်း သက်ဆိုင်ရာက အစစအရာရာ အဆင်ပြေအောင် စီစဉ်ပေးထားတဲ့အတွက် ကျေနပ်မိပါတယ်။ ကိုယ်ကြိုက်နှစ်သက်တဲ့ ကိုယ်စားလှယ်လောင်းကို မဲပေးခဲ့ပြီဆိုတော့ စိတ်ထဲမှာလည်း ကျေနပ်ပြီး ပီတိဖြစ်မိတယ်။ ရွေးကောက်ပွဲရလဒ်တွေ မသိရသေးပေမယ့် ကိုယ်မဲပေးခဲ့တဲ့ ကိုယ်စားလှယ်လောင်းတွေအပေါ်မှာ အများကြီး မျှော်လင့်ထားတယ်။ ကိုယ်ရဲ့ ကိုယ်စားလှယ်လောင်းသာ အနိုင်ရခဲ့မယ်ဆိုရင် အဓိကအနေနဲ့ ပညာရေးပိုင်းကို ပိုမိုအားကောင်းလာအောင် ဆောင်ရွက်ပေးစေချင်ပါတယ်၊ ကျန်းမာရေးနဲ့ စီးပွားရေးကလည်း အရေးကြီးပေမယ့် လူငယ်တွေရဲ့ပညာရေးပိုင်းကို ပိုမိုပြီး အလေးပေးဆောင်ရွက် ပေးစေချင်ပါတယ်၊

**ဦးဇော်မြင့်နိုင်**
**ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်**

ကျွန်တော်က ရပ်ကွက်ကော်မရှင်အဖွဲ့ဝင်ဖြစ်တော့ အပြင်စည်းကနေ မဲရုံလေးရုံလုံးကို စောင့်ကြည့်ရတယ်။ မဲရုံအမှတ် (၁)က ရွှေကျင်ဘုန်းကြီးကျောင်းမှာပါ။ မဲရုံအမှတ် (၂)၊ အမှတ်(၃)နဲ့ အမှတ် (၄)တို့က အမက ၁၂ မူလတန်းလွန်ကျောင်းမှာပါ။ ဒီမဲရုံလေးရုံစလုံးမှာ မဲလာပေးသူတွေ မဲပေးရာမှာ အခက်အခဲမရှိစေဖို့အတွက် ရပ်ကွက်ကော်မရှင်ဥက္ကဋ္ဌနဲ့အတူ လိုက်ကြည့်နေပါတယ်။ အခုမနက်ပိုင်းဆို မဲလာပေးကြတဲ့သူတွေ တော်တော်များတယ်။ မဲရုံ ၁ ဆိုရင်မနက်ပိုင်းက မီးပြတ်သွားတဲ့အတွက် ၁၀မိနစ်လောက် နောက်ကျသွားတယ်။ လူလည်းများတော့ ကောင်တာနှစ်ခု ခွဲထားတယ်။ အမှတ်စဉ် ၁ ကနေ ၇၅၀ အထိတစ်ခု၊ နောက် ၇၅၀ ကနေ ၁၅၀၀ အထိတစ်ခုခွဲထားရတယ်။ မဲရုံ ၂ဆိုလည်း လူများလို့ခွဲထားရတယ်။ ကျွန်တော်တို့က ၂၀၁၀၊ ၂၀၁၅ နဲ့ အခု၂၀၂၀ သုံးကြိမ်ရှိပြီ။ ဒီနှစ်ကတော့ ကော်မရှင်အဖွဲ့ဝင်အနေနဲ့ ပါဝင်ခွင့်ရတယ်။ အခုလို ဆောင်ရွက်ခွင့်ရရှိတာ နိုင်ငံသားတစ်ယောက်အနေနဲ့ အများကြီး ဂုဏ်ယူမိပါတယ်။

**ဦးအောင်ကျော်စိုး**

မင်္ဂလာတောင်ညွန့်မြို့နယ်ကပါ။ အထူးရဲအနေနဲ့ မဲရုံအမှတ် ၂ မှာ ဆောင်ရွက်နေပါတယ်။ မဲလာပေးတဲ့သူ အရေးအတွက်ကို စောင့်ကြည့်မှတ်သားပေးရတယ်။ လိုအပ်တဲ့ အကူအညီရှိရင်လည်းပေးမှာပါ။ လာတဲ့သူတွေ များတယ်။ မနက်၈နာရီကျော်မှာ လူ ၁၀၀ ကျော် ဆန္ဒမဲလာပေးသွားကြပြီ။

**မဝတ်ရည်ထွန်း**

မင်္ဂလာတောင်ညွန့်မြို့နယ် မဲရုံအမှတ် (၂)မှာ ပထမဆုံးအကြိမ် မဲပေးတာပါ။ ကျွန်မတို့ဘက်ကတော့ တာဝန်ကျေသွားပါပြီ။ နှစ်သက်သဘောကျတဲ့ပါတီကို မဲပေးခဲ့ပါတယ်။ မဲထည့်တဲ့နေရာမှာ အမှားအယွင်းမရှိအောင် သေသေချာချာစိစစ်ပြီး ထည့်ခဲ့ပါတယ်။

**မဆုလဲ့မွန်**

ညီအစ်မသုံးယောက် မဲလာပေးကြတာပါ။ ကျွန်မကလည်း မင်္ဂလာတောင်ညွန့်မြို့နယ် မဲရုံအမှတ် (၂)မှာ ပထမဆုံးအကြိမ် မဲပေးတာပါ။ အဆင်ပြေပြေမဲပေးနိုင်ခဲ့ပါတယ်။ ကိုယ်ပေးချင်တဲ့ပါတီကို မဲပေးခဲ့ပြီးပါပြီ။ မဲရုံမှာပေးရတာ အဆင်ပြေပါတယ်။ မဲပေးခွင့်ရတဲ့အတွက်လည်း ဝမ်းသာပါတယ်။

**ဒေါ်ဝင်းနွယ်နီလွင်**
**အထက်တန်းပြဆရာမ၊ အထက(၃) ပုဇွန်တောင်**

ကျွန်မက ပုဇွန်တောင်မြို့နယ် အမှတ်(၁၀)ရပ်ကွက် မဲရုံအမှတ်(၂)မှာ မဲရုံမှူး အဖြစ် တာဝန်ထမ်းဆောင်ရပါတယ်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီး အောင်မြင်စွာ ပြီးမြောက်သွားဖို့အတွက် မဲရုံတာဝန်ယူရတဲ့တစ်ဖွဲ့လုံး စုပေါင်းအင်အားနဲ့ တက်ညီလက်ညီ ကြိုးစားပြီး ဆောင်ရွက်ကြပါတယ်။ ကိုဗစ်-၁၉ ကာလဖြစ်တဲ့အတွက် Social Distancing နဲ့အညီ မဲရုံစဖွင့်တဲ့ မနက် ၆ နာရီကစပြီး တစ်ဦးချင်း စည်းကမ်းရှိရှိ အောင်မြင်စွာ မဲပေးနိုင်ဖို့ ဆောင်ရွက်ပါတယ်။ မဲရုံမှာ လုံခြုံရေးအပါအဝင် အယောက် ၂၀ လောက်ရှိပါတယ်။ မှတ်ပုံတင်နံပါတ်နဲ့ တိုက်ဆိုင်စစ်ဆေးပြီး လွှတ်တော်တစ်ရပ်ချင်းစီကို အောင်မြင်စွာ မဲထည့်နိုင်ဖို့အတွက် စီစဉ်ဆောင်ရွက်ပေးပါတယ်။

**မောင်မင်းခန့်ကို**

ကျွန်တော့်အသက် ၁၈ နှစ် ရှိပါပြီ။ ဒီနှစ်မှာပထမဆုံး မဲပေးရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ ကျွန်တော်ကတော့ နိုင်ငံအတွက် တာဝန်ကျေတယ်လို့ ယူဆပါတယ်။ ကျွန်တော့် ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ မဲပေးရတဲ့အတွက် ကိုယ်ကြိုက်တဲ့အဖွဲ့အစည်းကို မဲပေးခဲ့ပါတယ်။ မဲဆန္ဒရှင်တစ်ယောက်အနေနဲ့ ဂုဏ်ယူမိပါတယ်။ အခုလက်သန်းလေးမှာ အမှတ်အသားလေးတစ်ခုရခဲ့ပါပြီ။

**ဆန်းထွန်းဦး**
**ကလျာဏလူငယ်များပရဟိတ**
**အသင်း၊ ပုဇွန်တောင်မြို့နယ်**

ကျွန်တော်တို့အဖွဲ့က မဲရုံမှာ မဲလာပေးတဲ့ ပြည်သူတွေရဲ့ ကျန်းမာရေးနဲ့ပတ်သက်လို့ တစ်စုံတစ်ခုများဖြစ်ခဲ့ရင် အမြန်ဆုံးကူညီပေးနိုင်အောင် ပုဇွန်တောင်မြို့နယ် အမှတ်(၁၀) ရပ်ကွက်မှာရှိတဲ့ မဲရုံအမှတ်(၁)နဲ့ အမှတ်(၂)မှာ လူနာတင်ယာဉ်တစ်စီးစီနဲ့ လာစောင့်ပေးပါတယ်။ မဲရုံတွေမှာ လိုအပ်တဲ့ အကူအညီပေးပါတယ်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကြီးမှာ မဲရုံတွေအားလုံး စည်းစနစ်ရှိရှိ လုပ်ဆောင်ထားတာကို တွေ့ရပါတယ်။ တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်မယ်လို့လည်း ယုံကြည်ပါတယ်။ ကိုဗစ်ကာလမှာတောင် ပြည်သူအားလုံး တစ်ခဲနက်မဲပေးနေတာကို တွေ့နေရပါတယ်။

**ဦးဘိုကြီး အမှတ်(၉)ရပ်ကွက်**
**ပုဇွန်တောင်မြို့နယ်**

အသက် (၆၀)ကျော်တွေ ကြိုတင်မဲပေးပိုင်ခွင့်ရှိပေမယ့် ကိုယ်တိုင်ကိုယ်ကျ ဒီနေ့မှ လာရောက်မဲပေးခြင်းဖြစ်ပါတယ်။ ပြည်သူတွေနဲ့အတူ မဲပေးရတာကို ပျော်ရွှင်လို့ အသက် ၇၀ ပြည့်တာတောင် ကြိုတင်မဲ မပေးဘဲ ဒီနေ့မှလာပေးတာပါ။ တိုင်းပြည်တိုးတက်ရင် ကျွန်တော်တို့လည်း တိုးတက်တာပေါ့။

**ဒေါ်နုမြတ်စံ အမှတ်(၈)ရပ်ကွက်**
**ပန်းဘဲတန်းမြို့နယ်**

ကော်မရှင်ရဲ့ ညွှန်ကြားထားတဲ့ အတိုင်း အဆင့်ဆင့်လုံခြုံကာကွယ်မှုဖြစ်အောင် ပြီးပြည့်စုံအောင် ဆောင်ရွက်ထားပါတယ်။ မဲစာရင်းတွေ စစ်ထားတယ်၊ ကြိုတင်မဲစာရင်းတွေကိုလည်း သေချာစစ်ဆေးထားတယ်၊ မဲရုံအခန်းတွေကိုလည်း မဲဆန္ဒရှင်တွေ အဆင်ပြေစွာ မဲထည့်နိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်လုပ်ထားပေးတယ်၊ လာရောက်ကူညီတဲ့သူတွေနဲ့ အစည်းအဝေးလုပ်တယ်၊ ရပ်ကွက်ကော်မရှင်နဲ့လည်း အဆင်ပြေအောင် ပူးပေါင်းဆောင်ရွက်ပါတယ်။ မဲလာပေးသူတွေ အဆင်ပြေအောင် ကြိုတင်ပြီး ကတ်ပြားတွေ ထုတ်ပေးထားတယ်။ ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး ရောဂါကာကွယ်ရေးအတွက်လည်း နှာခေါင်းစည်းတွေ၊ မျက်နှာအကာတွေ ကြိုတင်ဆောင်ရွက်ပေးထားပါတယ်။ ဆန္ဒမဲပေးတဲ့သူတွေအတွက်အဆင်ပြေအောင် ဆောင်ရွက်ထားပါတယ်။

**ဒုတိယရဲမှူးညီညီ**
**ရဲစခန်းမှူး၊ ပန်းဘဲတန်းမြို့မ**

ပန်းဘဲတန်းမြို့နယ် ရပ်ကွက် (၁၁) ခုမှာ မဲရုံ ၂၆ ရုံရှိပါတယ်။ ကျွန်တော့်တပ်ဖွဲ့ဝင်တွေကို ကြိုတင်မဲမပေးခင် ကြိုတင်ပြီးလိုက်နာရမယ့် စည်းကမ်းနဲ့ လုံခြုံရေးစည်းကမ်းတွေကို သင်တန်းပေးထားပါတယ်။ လုံခြုံရေးအတွက် တိုင်း၊ ခရိုင်၊ မြို့နယ်မှူးတွေနဲ့အတူ တစ်နေ့ကို နှစ်ကြိမ်၊ သုံးကြိမ် လှည့်စစ်ဆေးပါတယ်။ တာဝန်ကျသူတွေကို ယူနီဖောင်းအပြည့်အစုံဝတ်ဖို့၊ တာဝန်ကို မလစ်ဟင်းဖို့၊ ပြည်သူနဲ့ဆက်ဆံတဲ့အခါမှာ အဆင်ပြေအောင်ဆက်ဆံဖို့ သင်ကြားပေးထားပါတယ်။ မဲလာပေးတဲ့ အခါမှာလည်း တတ်နိုင်သလောက် မဲရုံအပြင်ဘက်မှာပဲ စောင့်ကြည့်ပြီး မဲလာပေးသူ ပြည်သူတွေ လမ်းခရီးအဝင်/အထွက် လမ်းညွှန်ပေးတယ်။ လုံခြုံရေးအရ သံသယရှိရင် တာဝန်ရှိသူတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ဖို့ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားပါတယ်။ မဲလာပေးသူ ပြည်သူတွေ စိတ်အနှောင့်အယှက်မဖြစ်စေဖို့၊ ကူညီပေးဖို့ မှာကြားထားပါတယ်။ ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး ကျွန်တော့်တပ်ဖွဲ့ဝင်တွေကို အကာအကွယ်ပစ္စည်း အပြည့်အစုံပေးထားပါတယ်။ မဲလာပေးတဲ့ ပြည်သူတွေအတွက်လည်း အဝင်ဝမှာ လက်ဆေးရည် ချထားပေးပါတယ်။ ၂၀၂၀ ရွေးကောက်ပွဲကာလမှာ ဘာမှပြဿနာမဖြစ်ဘဲ ကိုယ်ယုံကြည်ရာကို မဲပေးပြီး အောင်အောင်မြင်မြင် အဆင်ပြေပြေနဲ့ပြီးဆုံးသွားမယ်လို့ မျှော်လင့်ပါတယ်။

**ဦးအောင်ကျော်သိန်း**
**စေတနာ့ဝန်ထမ်း**

ကျောက်တံတားမြို့နယ် မဲရုံအမှတ် (၂)မှာ လုံခြုံရေးအပိုင်းကို ဆောင်ရွက်ပေးပါတယ်။ မဲလာပေးတဲ့သူတွေကို ကျန်းမာရေးဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်နဲ့အညီ နေရာချပေးတယ်၊ နှာခေါင်းစည်းတွေလည်း ဝေပေးတယ်။ မျက်နှာကာတွေလည်းဝေပေးတယ်။ မဲရုံကိုစောင့်ကြည့်ပေးတယ်။ မဲစာရင်းမတွေ့တဲ့သူတွေကို ကူညီပြီးရှာပေးတယ်။ ရပ်ကွက်စေတနာ့ဝန်ထမ်းတစ်ယောက်အနေနဲ့ လိုအပ်တာတွေ ကူညီပေးတယ်။ ယခုလို မဲလာပေးကြတဲ့အတွက် ဝမ်းသာတယ်။ မဲလာပေးတဲ့ဦးရေ နည်းသွားတာနဲ့ နောက်ထပ်မပေးရသေးတဲ့လူတွေ မဲလာပေးဖို့ ဆော်ဩပေးတယ်။ ဒီလိုမျိုး အကူအညီပေးရတဲ့အတွက်လည်း ဝမ်းသာပါတယ်။

**မဝင်းပပလှိုင်**

ကျွန်မ အသက် (၁၈)နှစ်ပါ။ ပထမဦးဆုံးမဲပေးရတဲ့အတွက် ပျော်ပါတယ်။ ရင်လည်းခုန်တယ်။ တိုင်းပြည်အတွက် ခေါင်းဆောင်ကောင်းတစ်ယောက်ရဖို့ မဲလာပေးတာပါ။ နိုင်ငံ့အတွက် ကောင်းမွန်တဲ့ ခေါင်းဆောင်ကောင်းနဲ့ အဖွဲ့အစည်းဖြစ်ဖို့ ရည်ရွယ်ပြီး မဲလာပေးတာ။

# ရန်ကုန်တိုင်းဒေသကြီး၌ အမြင်အာရုံချို့တဲ့သည့် မျက်မမြင် မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ပါဝင်ဆန္ဒမဲပေး

ရန်ကုန် နိုဝင်ဘာ ၈

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ယနေ့နံနက်ပိုင်းမှ စတင်ကာ နိုင်ငံတစ်ဝန်းရှိ သတ်မှတ် မဲဆန္ဒနယ်အသီးသီး၌ တစ်ပြိုင်တည်း ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အမြင်အာရုံချို့တဲ့သည့် မျက်မမြင် မဲဆန္ဒရှင်ပြည်သူများလည်း စိတ်အေးချမ်းသာစွာဖြင့် ပါဝင်ဆန္ဒမဲပေးကြသည်။

ထိုသို့ ဆန္ဒမဲပေးရာတွင် ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ အမြင်အာရုံချို့တဲ့သည့် မျက်မမြင် မဲဆန္ဒရှင်ပြည်သူများလည်း ပါဝင်ဆန္ဒမဲပေးခဲ့ကြပြီး အဆိုပါ မဲဆန္ဒရှင်များ အဆင်ပြေစေရန်အတွက် ကြည့်မြင်တိုင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် မျက်မမြင်သုံးသင်္ကေတများပါရှိသည့် template (ပုံစံပြား)များထားရှိထားသော အထူးမဲရုံဖွင့်လှစ်ကာ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်းတောင် အရှေ့ရပ်ကွက် မဲရုံအမှတ်(၂)တွင် လာရောက်၍ ဆန္ဒမဲပေးသူ ကြည့်မြင်တိုင်မြို့နယ်မှ အမြင်အာရုံချို့တဲ့သည့် မသဲသဲချိုက "၂၀၁၅ ခုနှစ်တုန်းကလည်း မဲပေးခဲ့ပါတယ်။ အရင်တုန်းကလည်း အတွေ့အကြုံရှိထားတယ်။ ကိုယ်ကျွမ်းကျင်တဲ့မျက်မမြင်ဘာသာရပ်နဲ့ အဆင်ပြေအောင် လုပ်ပေးထားတဲ့အတွက် အခက်အခဲမရှိပါဘူး။ မသန်စွမ်းသူတစ်ယောက်ဖြစ်နေပေမယ့်လည်း သန်စွမ်းသူတွေနဲ့ တန်းတူညီတူ နိုင်ငံသားတစ်ယောက်အဖြစ် တာဝန်ကျေစွာမဲပေးခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ အခုလို အဆင်ပြေစွာမဲပေးနိုင်ဖို့အတွက် ဆောင်ရွက်ပေးကြသူအားလုံးကို ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

အလားတူ အဆိုပါမဲရုံ၌ လာရောက်ဆန္ဒမဲပေးသူ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ ကျောင်းဆရာ ဦးဇော်ထွေးဦးက "အရင်တုန်းကလည်းမဲပေးခဲ့ပါတယ်။ ကျွန်တော်တို့ မျက်မမြင်တွေအတွက် မျက်မမြင်သုံးသင်္ကေတနဲ့ပေးနိုင်မယ့် အထူးမဲရုံတွေထားရှိပေးတဲ့အတွက် မဲပေးတဲ့အခါမှာ အခက်အခဲမရှိ၊ လွတ်လပ်စွာနဲ့ မဲပေးနိုင်ခဲ့ပါတယ်။ ဘယ်ကိုယ်စားလှယ်ဘာလုပ်တယ်ဆိုတာမျိုး ကျွန်တော့်အနေနဲ့ မသိပါဘူး။ သတင်းနားထောင်တဲ့အတွက် သတင်းထဲမှာပြောကြတဲ့ နိုင်ငံရေးအခြေအနေတွေအရ ဘယ်ပါတီ၊ ဘယ်အဖွဲ့အစည်းကတော့ဖြင့် ဘာလုပ်ပေးနိုင်တယ်ဆိုတာမျိုးကို ကြည့်ပြီးတော့ ကျွန်တော့်ယုံကြည်ချက်နဲ့ ပါတီရဲ့ ကိုယ်စားလှယ်လောင်းကို ရွေးချယ်ခဲ့တယ်။ နိုင်ငံကို အရင်ထက် ပိုမိုကောင်းမွန်ဖို့နဲ့ မသန်စွမ်းပြည်သူတွေအတွက် အခွင့်အလမ်းကောင်းတွေရဖို့ မျှော်လင့်ပါတယ်" ဟု ပြောသည်။

မျက်မမြင် မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေစွာ သွားလာမဲပေးနိုင်ရေး၊ ဆန္ဒမဲပေးရွေးချယ်ရာတွင် မှန်ကန်စွာမဲပေးနိုင်ရေးတို့အတွက် ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ ဝန်ထမ်းဆရာ ဆရာမများအား မဲရုံဝန်ထမ်းအဖြစ် ရွေးချယ်ခန့်အပ်ကာ ဆောင်ရွက်ခဲ့ကြောင်း၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းတွင် ကျောင်းသား ၁၂၀ ကျော်ရှိသော်လည်း ယခုအခါ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့် ကာလဖြစ်သည့်အတွက် ကျောင်းသားများမှာ မိမိတို့၏ သက်ဆိုင်ရာနေရပ်အသီးသီးသို့ပြန်သွားသဖြင့် ယနေ့တွင် ကျောင်း၌ ကျန်ရှိသည့် ဆရာ ဆရာမ ၁၅ ဦး လာရောက်ဆန္ဒမဲပေးကြကြောင်း ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်းတောင် အရှေ့ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးစိန်မြထံမှ သိရသည်။

မျက်မမြင်များအနေဖြင့် ၂၀၁၀ ရွေးကောက်ပွဲနှင့် ၂၀၁၂ ရွေးကောက်ပွဲများတွင် ကိုယ်တိုင်ကိုယ်ကျ မဲပေးနိုင်ခြင်းမရှိဘဲ အကူအညီယူ၍ မဲပေးခဲ့ကြရသော်လည်း ၂၀၁၅ အထွေထွေရွေးကောက်ပွဲမှစတင်ကာ မျက်မမြင်သုံးသင်္ကေတများပါရှိသည့် template(ပုံစံပြား)များဖြင့် ကိုယ်တိုင်ကိုယ်ကျ လျှို့ဝှက်ဆန္ဒမဲပေးနိုင်ခဲ့ကြကြောင်း သိရသည်။

သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်





ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်းတောင် အရှေ့ရပ်ကွက် မဲရုံအမှတ်(၂)၌ အမြင်အာရုံချို့တဲ့သည့် မျက်မမြင်မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းသာစွာ ဆန္ဒမဲပေးကြစဉ်။



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ စနစ်တကျဆန္ဒမဲများ ပေးကြစဉ်။
ဓာတ်ပုံ-ကျင်မောင်



ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၌ ပြည်သူများအေးချမ်းစွာ ဆန္ဒမဲများ လာရောက်ပေးကြစဉ်။
မြို့နယ်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမှတ်(၉)ရပ်ကွက် မဲရုံအမှတ်(၁)၌ မဲရုံမှူးနှင့် တာဝန်ရှိသူများ ဆန္ဒမဲများ ရေတွက်ကြစဉ်။
ဓာတ်ပုံ-ဇော်မင်းလတ်



ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲများလာရောက်ပေးကြစဉ်။
ဇင်မင်းထိုက်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ဆန္ဒမဲများ လာရောက်ပေးကြစဉ်။
ကိုထက်



ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူတစ်ဦး ဆန္ဒမဲပေးစဉ်။
ဓာတ်ပုံ-အေးမင်းသူ



ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ လာရောက်ဆန္ဒမဲပေးကြစဉ်။
တင်ကြည်(သဃ်္ဃန်းကျွန်း)



ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် အလက(၃)၌ ဖွင့်လှစ်ထားသော ဗိုလ်ထွန်းဇံရပ်ကွက် မဲရုံအမှတ်(၂)၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးကြစဉ်။
ဓာတ်ပုံ-မြင့်မောင်

# ရှမ်းပြည်နယ်အတွင်းရှိ မဲရုံအသီးသီး၌ မဲဆန္ဒရှင်များ ဆန္ဒမဲပေးမှုမြင်ကွင်း

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပသည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် ရှမ်းပြည်နယ်အတွင်း မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများရှိ မဲရုံအသီးသီး၌ မဲဆန္ဒရှင်များက ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ ဆန္ဒမဲများ ပေးခဲ့ကြသည်။ မဲရုံပိတ်သိမ်းချိန် ညနေ ၄ နာရီတွင် ပါတီကိုယ်စားလှယ်အသီးသီးရှေ့မှောက်၌ ဆန္ဒမဲလက်မှတ်များ ရေတွက်ခဲ့ကြသည်။

နမ့်ခမ်းမြို့

ဓာတ်ပုံ-ဘဦး(ပြန်/ဆက်)

ပင်လောင်းမြို့နယ်

ဓာတ်ပုံ-ခွန်အာကာစိုး(ပြန်/ဆက်)

ကျိုင်းတုံမြို့နယ်

ဓာတ်ပုံ-ရဲထက်ဦး(ပြန်/ဆက်)

သီပေါမြို့နယ်

ဓာတ်ပုံ-သီပေါကိုလတ်

ရပ်စောက်မြို့

ဓာတ်ပုံ-ဇော်ဝင်း(ပြန်/ဆက်)

ကျောက်မဲမြို့နယ်

ဓာတ်ပုံ-မိုင်းထွန်း(ပြန်/ဆက်)

မိုင်းယောင်းမြို့နယ်

ဓာတ်ပုံ-အားချာ(ပြန်/ဆက်)

ဆီဆိုင်မြို့နယ်

ဓာတ်ပုံ-ခွန်ရဲထွေး(ပြန်/ဆက်)

ညောင်ရွှေမြို့နယ်

ဓာတ်ပုံ-စိုင်းအယ်ဘဲ(ပြန်/ဆက်)

တာမိုးညဲမြို့

ဓာတ်ပုံ-ငွေးငွေးကြည်(ပြန်/ဆက်)

အင်တောမြို့

ဓာတ်ပုံ-အောင်ခိုင်(ပြန်/ဆက်)

တုံတာမြို့

ဓာတ်ပုံ-လှိုင်လှိုင်ငြိမ်း(ပြန်/ဆက်)

နမ္မတူမြို့နယ်

ဓာတ်ပုံ-လူမော်(ပြန်/ဆက်)

လင်းခေးမြို့နယ်

ဓာတ်ပုံ-စိုင်းဇော်လတ်(ပြန်/ဆက်)

# မန္တလေးတိုင်းဒေသကြီး၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းလွတ်လပ်စွာဖြင့် ဆန္ဒမဲများပေး

**မန္တလေး နိုဝင်ဘာ ၈**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကို ယနေ့တွင် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိကျင်းပရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းလွတ်လပ်စွာဖြင့် ဆန္ဒမဲများပေးခဲ့ကြသည်။

ယနေ့ကျင်းပသည့် ရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်း မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင် ၄၉၄၀၅၉၂ ဦးအတွက် မဲရုံပေါင်း ၅၄၄၇ ရုံ ဖွင့်လှစ်ထားရှိပြီး မန္တလေးခရိုင် ခုနစ်မြို့နယ်အတွင်း၌ မဲဆန္ဒရှင် ၁၂၇၅၃၇၀ အတွက် မဲရုံပေါင်း ၆၇၉ ရုံ ဖွင့်လှစ်ထားရှိသည်။ မဲဆန္ဒရှင် ပြည်သူများအနေဖြင့် နံနက်စောစော မဲရုံမဖွင့်မီ အချိန်ကတည်းကပင် သတ်မှတ်မဲရုံအသီးသီးသို့ စိတ်ဝင်တစားလာရောက်စောင့်ဆိုင်းကာ မဲရုံစတင်ဖွင့်လှစ်သည့်အချိန်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ Social Distancing ပုံစံဖြင့် စနစ်တကျတန်းစီစောင့်ဆိုင်းပြီး မဲပေးခဲ့သည်။

"မဲပေးကြမယ့် ပြည်သူတွေက မဲရုံမဖွင့်မီ နံနက် ၄ နာရီခွဲကတည်းက ကျွန်တော်တို့ မဲရုံရှေ့မှာ လာရောက်စောင့်ဆိုင်းနေကြတဲ့အပြင် ကျွန်တော်တို့ ရပ်ကွက်မှာ ကြိုတင်မဲပေးခွင့်ရှိတဲ့ အသက် ၆၀ ကျော်အရွယ် တစ်ထောင်ကျော်အနက် ၉၀၀ ကျော် ကြိုတင်မဲပေးခဲ့ကြတဲ့အတွက်လည်း ဒီနေ့ကျင်းပတဲ့ ရွေးကောက်ပွဲအပေါ်မှာ ပြည်သူတွေ တက်တက်ကြွကြွနဲ့ စိတ်ဝင်စားမှုရှိတယ်လို့ ယူဆလို့ရပါတယ်။ လာရောက်မဲပေးကြတဲ့ ပြည်သူတွေရဲ့ ကျန်းမာရေးနဲ့ လုံခြုံရေးအတွက် မဲရုံအတွင်းအပြင်မှာ မဲရုံဝန်ထမ်းနဲ့ လုံခြုံရေးအင်အား ၃၁ ဦး တာဝန်ချထားပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် KN-95 Mask တွေနဲ့ Face Shield တွေ ဖြန့်ဝေပေးပါတယ်။ ဒ့ါပြင် မဲလက်မှတ်ထုတ်ဖို့ လက်မှတ်ထိုးတဲ့အခါမှာလည်း ရောဂါကူးစက်မှုမရှိအောင် ကျွန်တော်တို့အစီအစဉ်နဲ့ ဘောလ်ပင်တွေလည်း ဖြန့်ဝေပေးထားပါတယ်"ဟု ချမ်းအေးသာစံမြို့နယ် ကဥ္စနမဟီရပ်ကွက်ရှိ မဲရုံအမှတ်(၄)တာဝန်ခံ ရပ်ကွက်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးသိန်းနိုင်က ပြောသည်။

ထို့ပြင် မဟာအောင်မြေမြို့နယ်တွင်နေထိုင်ပြီး ပထမဆုံးအကြိမ်အဖြစ် လာရောက်မဲပေးသည့် မသန္တာခိုင်ကလည်း "ကိုယ်ကြိုက်တဲ့ပါတီကို လွတ်လွတ်လပ်လပ်ရွေးချယ်ပြီး မဲပေးခဲ့ရတဲ့အတွက် ပီတိဖြစ်ရပါတယ်။ ကျွန်မတို့ အားကိုးယုံကြည်စွာ မဲပေးခဲ့တဲ့ ပါတီအနိုင်ရခဲ့ရင်လည်း ပြည်သူတွေအားလုံးအတွက် အဆင်ပြေစွာ ဆောင်ရွက်ပေးနိုင်မယ်လို့ မျှော်လင့်မိပါတယ်။ မဲရုံအဝင်မှာ အပူချိန်တိုင်းပြီး KN-95 Mask တွေအခမဲ့ပေးတဲ့အပြင် မဲရုံအတွင်းမှာလည်း ရောဂါမကူးစက်အောင် စနစ်တကျစီစဉ်ပေးထားတဲ့အတွက် ဘေးကင်းလုံခြုံမှုရှိတယ်လို့ ခံစားရပါတယ်။ မဲပေးပြီးအပြန်မှာ မင်စွန်းနေတဲ့ ကိုယ့်လက်သန်းလေးကိုကြည့်ပြီး နိုင်ငံသားတစ်ယောက်အနေနဲ့ တာဝန်ကျေပွန်ခဲ့လို့ ဂုဏ်ယူမိပါတယ်"ဟု ပြောသည်။

မန္တလေးတိုင်းဒေသကြီး အတွင်း ယနေ့ကျင်းပသည့် ရွေးကောက်ပွဲတွင် မြို့နယ်အသီးသီးရှိ မဲရုံများသို့ သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများနှင့် ကျန်းမာရေးဌာနတာဝန်ရှိသူများက လာရောက်ကြည့်ရှုပြီး မဲပေးကြသည့် မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေချောမွေ့စွာ မဲပေးနိုင်စေရေးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ မဲပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတ်မှတ်ထားသည့် ညနေ ၄ နာရီတွင် မဲရုံပိတ်သိမ်းပြီး မဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များက မဲပုံးများကို သက်ဆိုင်ရာကိုယ်စားလှယ်များ ရှေ့မှောက်တွင် ဖွင့်ဖောက်စစ်ဆေးကြပြီး စနစ်တကျ မှတ်တမ်းရေးသွင်းကြသည်။

ယနေ့ကျင်းပသည့် ရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်း ပါတီပေါင်း ၁၉ ခုနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ် ၁၆ ဦးတို့က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂၈ နေရာအတွက် ၁၃၈ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၀ နေရာအတွက် ၄၁ ဦး၊ တိုင်းဒေသကြီး (၁) လွှတ်တော် ကိုယ်စားလှယ်နေရာအတွက် ၁၃၂ ဦး၊ တိုင်းဒေသကြီး(၂) လွှတ်တော် ကိုယ်စားလှယ်နေရာအတွက် ၁၃၁ ဦးနှင့် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်နေရာအတွက် လေးဦး စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ်လောင်း ၄၄၆ ဦး ဝင်ရောက်ယှဉ်ပြိုင် အရွေးခံခဲ့ကြကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက်ရှိ မဲရုံအမှတ်(၂)တွင် မဲဆန္ဒရှင်များ မဲပေးကြစဉ်။



မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ရွှေမြင်းဓမ္မာရုံ၌ ဖွင့်လှစ်ထားသည့် မဲရုံအမှတ်(၁) တွင် မဲပေးခဲ့ကြသည့် မဲဆန္ဒရှင်ပြည်သူများကို တွေ့ရစဉ်။



မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ကဥ္စနမဟီရပ်ကွက် မဲရုံအမှတ်(၁)တွင် မဲပေးရန်လာရောက်ကြသည့် ပြည်သူများအား တွေ့ရစဉ်။



မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက် မဲရုံအမှတ်(၁)တွင် မဲဆန္ဒရှင်ပြည်သူတစ်ဦး ဆန္ဒမဲပေးစဉ်။



မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မဲရုံအမှတ်(၁)တွင် လာရောက်မဲပေးကြသည့် မဲဆန္ဒရှင်များအား ကိုယ်အပူချိန် တိုင်းပေးစဉ်။



မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ မဲဆန္ဒရှင်တစ်ဦးအား ဆန္ဒမဲပေးအပြီး တွေ့ရစဉ်။

ဓာတ်ပုံ-မြတ်ဆုမွန်(ပြန်/ဆက်)

# ဧရာဝတီတိုင်းဒေသကြီးရှိ မဲရုံအသီးသီး၌ မဲဆန္ဒရှင်များ ဆန္ဒမဲပေးမှုမြင်ကွင်း

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပသည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများရှိ မဲရုံအသီးသီး၌ မဲဆန္ဒရှင်များက ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ ဆန္ဒမဲများပေးခဲ့ကြသည်။ မဲရုံပိတ်သိမ်းချိန် ညနေ ၄ နာရီတွင် ပါတီကိုယ်စားလှယ်အသီးသီးရှေ့မှောက်၌ ဆန္ဒမဲလက်မှတ်များ ရေတွက်ခဲ့ကြသည်။


ကျုံပျော်မြို့နယ်
ဓာတ်ပုံ - နေဝင်းမြင့်(ပြန်/ဆက်)


မော်လမြိုင်ကျွန်းမြို့နယ်
ဓာတ်ပုံ - သီတာအောင်(ပြန်/ဆက်)


ပန်းတနော်မြို့နယ်
ဓာတ်ပုံ - ပြည့်ဖြိုးကျော်(ပြန်/ဆက်)


အိမ်မဲမြို့နယ်
ဓာတ်ပုံ - ချစ်သက်လယ်(ပြန်/ဆက်)


မအူပင်မြို့နယ်
ဓာတ်ပုံ - အောင်မြင့်မြတ်(ပြန်/ဆက်)


ငွေဆောင်မြို့
ဓာတ်ပုံ - မူမူသွင်(ပြန်/ဆက်)


ဂေ့ဝ်ကောင်းမြို့
ဓာတ်ပုံ - ပြုံးမောင်မောင်(ပြန်/ဆက်)


ညောင်တုန်းမြို့နယ်
ဓာတ်ပုံ - ထွန်းကျော်(ညောင်တုန်း)


ပုသိမ်မြို့နယ်
ဓာတ်ပုံ - မောင်မောင်မြင့်(ပြန်/ဆက်)


ချောင်းသာမြို့
ဓာတ်ပုံ - ကိုကိုမောင်(ပြန်/ဆက်)


ကန်ကြီးထောင့်မြို့နယ်
ဓာတ်ပုံ - နန်းထိုက်(ကန်ကြီးထောင့်)


ဖျာပုံမြို့နယ်
ဓာတ်ပုံ - သပြေထွန်း


ရေကြည်မြို့နယ်
ဓာတ်ပုံ - အောင်သူဟန်(ပြန်/ဆက်)

## ပခုက္ကူမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ စိတ်ပါဝင်စားစွာ ဆန္ဒမဲပေး

**ပခုက္ကူ နိုဝင်ဘာ ၈**

ယနေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို နိုင်ငံနှင့်အဝန်း ကျင်းပ လျက်ရှိရာ မကွေးတိုင်းဒေသကြီး ပခုက္ကူ မြို့နယ်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများ အနေဖြင့် စိတ်ပါဝင်စားစွာ ဆန္ဒမဲပေး ကြသည်။



ပခုက္ကူမြို့နယ်အတွင်းရှိ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများမှ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များက ပါတီကိုယ်စားလှယ်လောင်း များ၊ စောင့်ကြည့်လေ့လာသူများ စသည့် အသိသက်သေများ ရှေ့မှောက်တွင် မဲပုံး ချိပ်ပိတ်ခြင်း၊ မဲရုံလုံခြုံရေးကြိုးတပ်ဆင်ခြင်း များ ဆောင်ရွက်ကြပြီး နံနက် ၆ နာရီတွင် မဲရုံစတင်ဖွင့်လှစ်ကြောင်း ကြေညာရာ မဲရုံမဖွင့်မီကပင် တန်းစီ၍ လာရောက် စောင့်ဆိုင်းနေကြသည့် မဲဆန္ဒရှင်ပြည်သူ များက စိတ်အေးချမ်းသာစွာ ဆန္ဒမဲပေးကြ သည်။

ပခုက္ကူမြို့နယ်တွင် ရပ်ကွက် ၃၅ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၄ အုပ်စု၊ ကျေးရွာ ပေါင်း ၈၉ ရွာတို့တွင် မဲရုံပေါင်း ၃၅၀၊ မဲဆန္ဒရှင်ပြည်သူ ၂၄၆၄၈၂ ဦးရှိကြောင်း၊ မြို့နယ်အတွင်း နိုင်ငံရေးပါတီ ခြောက်ပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ခြောက်ဦး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း ငါးဦး၊ အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် လောင်း ခြောက်ဦး၊ အမှတ်(၂)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်လောင်း ခြောက်ဦး စုစုပေါင်း ၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြ သည်။

**ဆလိုင်းကိုကီး(ပြန်/ဆက်)**



## အောင်လံမြို့၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆန္ဒမဲပေး

**အောင်လံ နိုဝင်ဘာ ၈**

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ ၂၀၂၀ ပြည်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပသည့် ယနေ့တွင် မဲရုံစတင်ဖွင့်လှစ်ချိန် နံနက် ၆ နာရီမှစတင်ကာ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆန္ဒမဲပေးလျက်ရှိသည်။

အောင်လံမြို့နယ်အတွင်း ကျေးရွာအုပ်စု ၉၁ အုပ်စု၊ မြို့ပေါ်ရပ်ကွက် ကိုးရပ်ကွက်၊ ကျေးရွာ ၂၄၇ ရွာရှိပြီး မဲရုံပေါင်း ၂၄၄ ရုံရှိကာ မဲဆန္ဒရှင်ပြည်သူပေါင်း ၁၈၈၀၀၀ ကျော်ရှိကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ အောင်လံမြို့တွင် ပါတီလေးခု မှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၃ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး မဲဆန္ဒရှင်ပြည်သူများက မိမိတို့ ကြိုက်နှစ်သက်သည့်ပါတီအား လွတ်လပ်ပျော်ရွှင်စွာ ဆန္ဒမဲပေးကြပြီး မဲရုံများတွင် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ လမ်းညွှန်ချက်နှင့်အညီ စနစ်တကျ ဆောင်ရွက်ပေးကြောင်း သိရသည်။

**မျိုးသိန်း(ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီး သရက်မြို့၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆန္ဒမဲပေး

**သရက် နိုဝင်ဘာ ၈**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပသည့် နိုဝင်ဘာ ၈ ရက်တွင် မဲရုံစတင်ဖွင့်လှစ်သည့် နံနက် ၆ နာရီမှစတင်၍ မဲဆန္ဒရှင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆန္ဒမဲပေးလျက်ရှိကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သရက်မြို့နယ်အတွင်း ရပ်ကွက် ရှစ်ခု၊ ကျေးရွာအုပ်စု ၅၃ အုပ်စုမှ ဆန္ဒမဲပေးမည့်မဲဆန္ဒရှင် စုစုပေါင်း ၈၅၀၀၀ ကျော် ရှိသည်။ အဆိုပါရွေးကောက်ပွဲတွင် ပါတီ ရှစ်ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၇ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး မဲဆန္ဒရှင်ပြည်သူများက မိမိတို့ကြိုက်နှစ်သက်သည့်ပါတီအား လွတ်လပ် ပျော်ရွှင်စွာ ဆန္ဒမဲပေးလျက်ရှိကာ မဲရုံများတွင်လည်း မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များက မြို့နယ် ရွေးကောက်ပွဲကော်မရှင်၏ စည်းကမ်းချက်များနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

**ဇော်ဝမ်းထွန်း(ပြန်/ဆက်)**

## နတ်မောက်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ သက်ဆိုင်ရာမဲရုံအလိုက် လွတ်လပ်စွာဆန္ဒမဲပေး



**နတ်မောက် နိုဝင်ဘာ ၈**

နတ်မောက်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာမဲရုံများတွင် ယနေ့နံနက် ၆ နာရီ မှစ၍ မဲဆန္ဒရှင်ပြည်သူများ သက်ဆိုင်ရာ မဲရုံအလိုက် ပျော်ရွှင်လွတ်လပ်စွာ ဆန္ဒမဲပေး လျက်ရှိသည်။

နတ်မောက်မြို့နယ်အတွင်း ရပ်ကွက်နှင့် ကျေးရွာအသီးသီးရှိ မဲရုံများတွင် မဲဆန္ဒရှင် ပြည်သူများ ဆန္ဒမဲပေးနိုင်ရန်အတွက် မဲရုံမှူး၊ ဒု-မဲရုံမှူးနှင့် မဲရုံဝန်ထမ်းများသည် ဆန္ဒမဲ ထည့်မည့် မဲပုံးများအတွင်း မည့်သည့်အရာမျှ မရှိကြောင်း အသိသက်သေများ၏ ရှေ့မှောက် တွင်ပြသ၍ လုံခြုံရေးကြိုးများဖြင့် စနစ် တကျပိတ်ပြီး ဆန္ဒမဲပေးခွင့်ရှိသူပြည်သူများ စတင်မဲပေးနိုင်ပြီဖြစ်ကြောင်း အသံချဲ့စက်ဖြင့် အသိပေးကြေညာသည်။

ထို့နောက် ဆန္ဒမဲပေးသူပြည်သူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ လက်သန့် ဆေးရည်ဖျန်းခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ နှာခေါင်းစည်းများ အသစ်လဲလှယ်ပေးခြင်း၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေခွာ၍ ဝင်ရောက် စေခြင်း၊ မဲစာရင်းစစ်ဆေးခြင်း၊ မဲလက်မှတ် ထုတ်ပေးခြင်း၊ မဲထည့်ခြင်း၊ မဲထည့်ပြီးကြောင်း အမှတ်အသားအဖြစ် လက်သန်းတွင် မင်တို့ ခြင်းများကို စနစ်တကျ ဆောင်ရွက်ပေးလျက် ရှိပြီး ဆန္ဒမဲပေးခွင့်ရှိသူ ပြည်သူများကလည်း မိမိတို့၏ဆန္ဒအလျောက် လွတ်လပ်စွာနှင့် စိတ်ချမ်းမြေ့စွာ ဆန္ဒမဲပေးလျက်ရှိသည်။

နတ်မောက်မြို့နယ်တွင် မဲရုံပေါင်း ၂၈၁ ရုံရှိပြီး ဆန္ဒမဲပေးခွင့်ရှိသူပေါင်း ၁၉၀၀၀၀ ကျော်ရှိကာ ဆန္ဒမဲပေးခွင့်ရှိသူ ပြည်သူများ အဆင်ပြေချောမွေ့စွာနှင့် စိတ်ချမ်းမြေ့စွာ မဲပေးနိုင်ရေးအတွက် တာဝန်ရှိသူများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မူမူစန်း(ပြန်/ဆက်)**



## ဂန့်ဂေါ၌ မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာဆန္ဒမဲပေး

**ဂန့်ဂေါ နိုဝင်ဘာ ၈**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပသည့် နိုဝင်ဘာ ၈ ရက်တွင် ဂန့်ဂေါခရိုင်အတွင်းရှိ ဂန့်ဂေါ၊ ထီးလင်း၊ ဆောမြို့နယ်များ၌ မဲရုံဖွင့်ချိန် နံနက် ၆ နာရီမှစ၍ ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲပေးလျက်ရှိသည်ကို တွေ့ရသည်။

ဂန့်ဂေါခရိုင်အတွင်း ဂန့်ဂေါမြို့နယ်၌ မဲရုံ ၁၈၃ ရုံ၊ ထီးလင်းမြို့နယ်၌ မဲရုံ ၁၀၀၊ ဆောမြို့နယ်၌ မဲရုံ ၁၀၄ ရုံ စုစုပေါင်း မဲရုံ ၃၈၇ ရုံရှိကြောင်း သိရသည်။ မဲဆန္ဒရှင်ပြည်သူများသည် ဆန္ဒမဲထည့်ရန် နံနက် ၅ နာရီခွဲခန့်မှစ၍ မဲရုံများသို့ ကြိုတင်ရောက်ရှိလာကြပြီး မဲရုံဖွင့်လှစ်သည်နှင့် စတင်ဆန္ဒမဲပေးကြသည်။

မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရေးနှင့် ဆန္ဒမဲပေးရာတွင် အဆင်ပြေ ချောမွေ့လွယ်ကူစေရေးအတွက် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဝင်များ၊ မဲရုံမှူးများနှင့် မဲရုံတာဝန်ရှိသူများက လိုအပ်သည်များနှင့် ကိုဗစ် - ၁၉ ကာကွယ်ရေး အတွက် ကူညီဖြည့်ဆည်းပေးလျက်ရှိကြောင်း သိရသည်။

**စိန်ကျော်**

## ငဖဲမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆန္ဒမဲပေး

**ငဖဲ နိုဝင်ဘာ ၈**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို ယနေ့နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ ရပ်ကွက်/ ကျေးရွာအုပ်စု ၃၃ အုပ်စုတွင်ဖွင့်လှစ်ထားရှိသည့် သတ်မှတ် ထားသော စာသင်ကျောင်း၊ ဓမ္မာရုံ၊ ခန်းမ စသည့်မဲရုံ ၇၈ ရုံ၌ တစ်ပြိုင်နက် ကျင်းပ သည်။

မဲဆန္ဒရှင်ပြည်သူများက ဆန္ဒမဲများ လာရောက်ပေးသည့်အခါ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များ နှင့်အညီ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာ ထားရှိပြီး ကိုယ်အပူချိန်တိုင်းတာ စစ်ဆေးခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ဆေးခြင်း၊ နှာခေါင်းစည်းများ ဝတ်ဆင်စေခြင်း ဆောင် ရွက်ပေးပြီး ပြည်သူများ အေးချမ်းစွာ ဆန္ဒမဲ ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။



ငဖဲမြို့နယ်အတွင်း ပါတီ ခြောက်ပါတီမှ ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ် လောင်းများမှာ ပြည်သူ့လွှတ်တော်တွင် ခြောက်ဦး၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၉)တွင် ငါးဦး၊ တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ် (၁)တွင် လေးဦး၊ တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် အမှတ်(၂)တွင် ငါးဦးနှင့် တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦးတို့ ပါဝင် ယှဉ်ပြိုင်ကြသည်။

ယခုနှစ်ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ငဖဲမြို့နယ် အတွင်း မဲပေးပိုင်ခွင့်ရှိသူ ၃၉၆၂၆ ဦးရှိပြီး ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲထက် မဲဆန္ဒရှင် ၃၀၀၀ ကျော် ပိုမိုများပြားခဲ့သည့်အပြင် မဲရုံ အရေအတွက်လည်း ခြောက်ရုံ ပိုမိုတိုးချဲ့ ဖွင့်လှစ်ခဲ့ရကြောင်းနှင့် မဲရုံ ၇၈ ရုံတွင် တာဝန်ထမ်းဆောင်ရန် မဲရုံအဖွဲ့ဝင်ပေါင်း ၁၁၈၁ ဦးကို တာဝန်ချထားကြောင်း သိရ သည်။

**မယု(ငဖဲ)**

# ရန်ကုန်တိုင်းဒေသကြီး၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၅၉ သိန်းကျော်ရှိပြီး စိတ်အားထက်သန်စွာ ဆန္ဒမဲများလာရောက်ပေး


အင်းစိန်မြို့နယ် အမှတ်(၄) အထက မဲရုံ(၁)၌ မဲဆန္ဒရှင်ပြည်သူတစ်ဦး ဆန္ဒမဲပေးစဉ်။


ကျောက်တံတားမြို့နယ် အမှတ်(၄)ရပ်ကွက် မဲရုံ(၁)၌ မဲဆန္ဒရှင်ပြည်သူတစ်ဦး ဆန္ဒမဲပေးစဉ်။


မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ ဗဟန်းမြို့နယ် အမှတ်(၃) အခြေခံပညာမူလတန်းလွန်ကျောင်း မဲရုံ၌ ကြည့်ရှုလေ့လာစဉ်။

**ရန်ကုန် နိုဝင်ဘာ ၈**

ယနေ့ ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၅၉ သိန်းကျော်ရှိပြီး စိတ်အားထက်သန်စွာဖြင့် ဆန္ဒမဲပေးခဲ့ကြကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

**ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးကျော်မိုးကြည်**က “ ဒီနေ့ကျင်းပတဲ့ အထွေထွေရွေးကောက်ပွဲမှာ မဲဆန္ဒရှင်ပြည်သူတွေအနေနဲ့ စိတ်ဝင်တစားနဲ့ မဲပေးဖို့ မဲရုံတွေမှာ နံနက် ၆ နာရီ မတိုင်ခင်ကတည်းက ရောက်နေတာ တွေ့ရပါတယ်။ မဲပေးတဲ့နေရာမှာလည်း အေးအေးချမ်းချမ်း ရှိပါတယ်။ စည်းကမ်းတကျ မဲပေးတာကို တွေ့ရပါတယ်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနဲ့ပတ်သက်ပြီး လိုက်နာတာကိုလည်း တွေ့ရပါတယ်” ဟု ပြောသည်။

မဲဆန္ဒရှင် ပြည်သူများကလည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရန် နှာခေါင်းစည်း၊ Face Shield များတပ်ဆင်ကာ စည်းကမ်းတကျ ဆန္ဒမဲပေးရန် နံနက် ၆ နာရီ မဲရုံမဖွင့်မီကတည်းက ရောက်ရှိနေကြသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲရုံပေါင်း ၅၈၀၉ ရုံရှိပြီး အရှေ့ပိုင်းခရိုင်တွင် မဲရုံပေါင်း ၁၇၆၆ ရုံ၊ အနောက်ပိုင်းခရိုင်တွင် မဲရုံပေါင်း ၅၆၈ ရုံ၊ တောင်ပိုင်းခရိုင်တွင် မဲရုံပေါင်း ၁၇၄၄ ရုံနှင့် မြောက်ပိုင်းခရိုင်တွင် မဲရုံပေါင်း ၁၇၃၁ ရုံရှိပြီး မဲရုံများတွင် မဲရုံမှူး၊ ဒုမဲရုံမှူး၊ မဲစာရင်းစစ်ဆေးသူ၊ မဲလက်မှတ်ထုတ်ပေးသူ၊ မင်တို့ပေးသူ၊ ရွေးကောက်ပွဲအထူးရဲနှင့် မဲရုံအကူဝန်ထမ်း အပါအဝင်အဖွဲ့ဝင်ဦးရေလေးသောင်းခြောက်ထောင်ကျော် တာဝန်ထမ်းဆောင်ကြသည်။

“ဒေါပုံမြို့နယ်မှာ နံနက် ၆ နာရီ မဲရုံစဖွင့်ကတည်းက မဲပေးကြပါတယ်။ မဲဆန္ဒရှင် ပြည်သူတွေအနေနဲ့ ၂၀၁၅ အထွေထွေရွေးကောက်ပွဲထက်ကို စိတ်ဝင်စားမှုများတာ တွေ့ရပါတယ်။ ဒေါပုံမြို့နယ်မှာ မဲရုံပေါင်း ၆၃ ရုံ ရှိပါတယ်။ မဲပေးပိုင်ခွင့်ရှိသူဦးရေ ခုနစ်သောင်းကျော် ရှိပါတယ်။ အဲဒီထဲမှာ အသက် ၆၀ နဲ့ အသက်အရွယ်ကြီးရင့်သူဦးရေ တစ်သောင်းခန့်ရှိပြီး ခုနစ်ထောင်ကျော်က ကြိုတင်မဲပေးပြီးပါပြီ”ဟု **ဒေါပုံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမျိုးစန်း**က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အသက် ၆၀ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူဦးရေ ရှစ်သိန်းခန့်ရှိပြီး အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ အသက် ၆၀ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူများအား အိမ်တိုင်ရာရောက် ကြိုတင်မဲကောက်ယူရာတွင် ဆန္ဒမဲပေးသူဦးရေ ခုနစ်သိန်းကျော်ရှိကြောင်း ဆန္ဒမဲပေးရန်ကျန်ရှိသူများလည်း ယနေ့ ကျင်းပသည့် ရွေးကောက်ပွဲတွင် ဆန္ဒမဲလာရောက်ပေးကြကြောင်း သိရသည်။

**အသက် ၆၈ နှစ်အရွယ် ဦးကျော်လင်း**က “ အသက်(၆၈)နှစ်ဆိုပေမယ့် ကျန်းကျန်းမာမာရှိနေတော့ ဒီနေ့မှ မဲလာပေးတာပါ။ ကြိုတင်မဲမပေးဘူး။ အိမ်က မဲရုံနဲ့လည်း နီးတယ်။ မြန်မာနိုင်ငံရဲ့ သမိုင်းဝင်တဲ့ ရွေးကောက်ပွဲနေ့မှာ အဓိပ္ပာယ်ရှိတဲ့ လူသားတစ်ယောက်အနေနဲ့ ကိုယ်တိုင်ကိုယ်ကျ မဲရုံကို လာပေးတာပါ။ ဒါ အဓိကရည်ရွယ်ချက်ပေါ့။ မဲရုံကို မဲလာပေးတဲ့အတွက် ပျော်ရွှင်ကြည်နူးမိတယ်။ ဘယ်ပြည်သူပြည်သားမဆို တိုင်းပြည်ကိုခေါင်းဆောင်မယ့် ခေါင်းဆောင်စစ်၊ ခေါင်းဆောင်မှန်ကို ရွေးချယ်ချင်ကြတာချည်းပဲ။ လိုချင်ကြတာချည်းပဲ။ မိသားစုမှာပဲဖြစ်ဖြစ်၊ တိုင်းပြည်မှာပဲဖြစ်ဖြစ် အမှန်တကယ် ဦးဆောင်နိုင်မယ့်၊ ခေါင်းဆောင်နိုင်မယ့် အဖွဲ့အစည်းကို ခံစားချက်အပြည့်နဲ့ ကိုယ်တိုင်ကိုယ်ကျ မဲလာပေးတာပါ” ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာနှင့် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာအတွက် ကရင်တိုင်းရင်းသားလူမျိုးရေးရာ လွှတ်တော်ကိုယ်စားလှယ်လောင်း ခြောက်ဦးနှင့် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာ လွှတ်တော်ကိုယ်စားလှယ်လောင်း ငါးဦးတို့ ဝင်ရောက်အရွေးခံကြရာ အဆိုပါနေရာအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရခိုင်တိုင်းရင်းသားနှင့် ကရင်တိုင်းရင်းသားတို့ကလည်း ဆန္ဒမဲပေးရွေးချယ်ကြသည်။

**စမ်းချောင်းမြို့နယ်နေ ကရင်တိုင်းရင်းသား မန်းအယ်လ်ဇော်နန်း**က “ကျွန်တော်ကတော့ ကရင်အမျိုးသားအရေးကို စွမ်းစွမ်းတမံလုပ်နိုင်တဲ့သူ၊ ကရင်အသံကို ကျယ်ကျယ်လောင်လောင်ပြောနိုင်တဲ့သူ၊ ကရင်ရေးရာကို ဦးဆောင်နိုင်တဲ့သူကို ကရင်တိုင်းရင်းသားလူမျိုးရေးရာနေရာအတွက် ဆန္ဒမဲပေးခဲ့ပါတယ်။ နေ့လယ် ၁၂ နာရီခွဲက မဲသွားပေးခဲ့ပါတယ်” ဟု ပြောသည်။

**ကမာရွတ်မြို့နယ်နေ ရခိုင်တိုင်းရင်းသူ ဒေါ်မြင့်မြင့်ဦး**က “ နံနက် ၅ နာရီခွဲက မဲရုံသွားတန်းစီပြီး မဲပေးခဲ့ပါတယ်။ ကျွန်မက ရန်ကုန်ရောက် ရခိုင်လူမျိုးပါ။ ရခိုင်တိုင်းရင်းသူတစ်ယောက်ဖြစ်တဲ့အတွက် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာနေရာအတွက် ဆန္ဒမဲပေးခဲ့ပါတယ်။ ရန်ကုန်ရောက်နေတဲ့ ရခိုင်တိုင်းရင်းသားတွေအတွက် တကယ်ဆောင်ရွက်ပေးမယ့်သူကို မဲပေးခဲ့ပါတယ်။ မဲပေးရတာ အေးအေးချမ်းချမ်းရှိပါတယ်” ဟု ပြောသည်။

ယနေ့ကျင်းပသည့် အထွေထွေရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပထမအကြိမ် မဲပေးခွင့်ရရှိသူ အသက် ၁၈ နှစ်ပြည့်ပြီး လူငယ်ဦးရေ ရှစ်သိန်းကျော်ရှိပြီး လူငယ်များအနေဖြင့်လည်း အားတက်သရော ဆန္ဒမဲလာရောက်ပေးကြသည်ကို တွေ့ရသည်။

**မင်္ဂလာတောင်ညွန့်မြို့နယ်နေ မဖြူစင်မွန်**က ” ကျွန်မက အသက် ၂၂နှစ်ပြည့်ပါပြီ။ ဒီရွေးကောက်ပွဲမှာ ပထမဆုံးအကြိမ် မဲပေးဖူးတာပါ။ မိသားစုမှာတော့ အဘိုးက ကြိုတင်မဲပေးရတယ်။ ကျွန်မမဲပေးရတဲ့ မဲရုံက အထက (၇) မင်္ဂလာတောင်ညွန့်ပါ။ ကျွန်မရဲ့ သူငယ်ချင်းတွေလည်း အားလုံးမဲပေးကြတယ်လို့ သိရပါတယ်။ ပထမဆုံးအကြိမ် မဲပေးတာဆိုတော့ စိတ်တော့လှုပ်ရှားမိတယ်။ နိုင်ငံသားတစ်ယောက်အနေနဲ့ မဲပေးခွင့်ရတာကို ဂုဏ်ယူမိပါတယ်။ မဲပေးရာမှာလည်း အဆင်ပြေပါတယ်”ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မဲရုံများသို့ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများနှင့် ပြည်တွင်း၊ ပြည်ပ ရွေးကောက်ပွဲစောင့်ကြည့်အဖွဲ့များက လေ့လာစောင့်ကြည့်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၅၉ သိန်းကျော်ရှိပြီး အရှေ့ပိုင်းခရိုင်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၁၉ သိန်းကျော်၊ အနောက်ပိုင်းခရိုင်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ခုနစ်သိန်းကျော်၊ တောင်ပိုင်းခရိုင်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၁၁ သိန်းကျော်နှင့် မြောက်ပိုင်းခရိုင်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၂၂ သိန်းကျော်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီးမှ ဝင်ရောက်အရွေးခံမည့် ကိုယ်စားလှယ်လောင်းအနေဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၄၉ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၅၈ ဦး၊ တိုင်းဒေသကြီး မဲဆန္ဒနယ် (၁) လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၅၂ ဦး၊ တိုင်းဒေသကြီး မဲဆန္ဒနယ်(၂) လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၃၃ ဦး၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာ လွှတ်တော်ကိုယ်စားလှယ်လောင်း ခြောက်ဦး၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာ လွှတ်တော်ကိုယ်စားလှယ်လောင်း ငါးဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

**သတင်း - ရဲခေါင်၊ မင်းသစ်(MNA)**
**ဓာတ်ပုံ - ဇော်မင်းလတ်၊ ရဲထွဋ်၊ လှမိုး**


မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံသံရုံးမှ တာဝန်ရှိသူများ ဗဟန်းမြို့နယ် အိမ်တွင်းမှုသက်မွေးသင်တန်းကျောင်းမဲရုံ၌ ကြည့်ရှုလေ့လာရန် လာရောက်ကြရာ ကိုယ်အပူချိန်တိုင်းပေးစဉ်။


ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့်အဖွဲ့ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းမဲရုံ၌ ကြည့်ရှုလေ့လာကြစဉ်။

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့

## တစ်နိုင်ငံလုံး ရွေးကောက်ပွဲရလဒ်များအား အချိန်မီထုတ်ပြန်နိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၈**

၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ယနေ့နံနက် ၆ နာရီမှ စတင်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပခဲ့ရာ ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီး သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီး၌ ဆန္ဒမဲလက်မှတ်များကို ရေတွက်လျက်ရှိကြောင်း သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲဆန္ဒနယ်အသီးသီးမှ ပေးပို့လာသော ဆန္ဒမဲရလဒ်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်သွားနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ယနေ့ကျင်းပသည့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဦးက “ကျွန်တော်တို့ ဒီနေ့ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကျင်းပပြုလုပ်တဲ့အခါ အခုချိန်မှာဆိုရင် မဲရုံအားလုံးဟာ မဲပေးခြင်းလုပ်ငန်းစဉ် အားလုံးနီးပါး ပြီးစီးပြီး မဲရေတွက်ခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနဲ့ နေပြည်တော်ရုံးချုပ်က ဝန်ထမ်းတွေဟာ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ရုံးချုပ်မှာ အဆင်သင့်ရှိနေပါတယ်။ လိုအပ်တဲ့ ပြဿနာ၊ အခက်အခဲတွေရှိရင်လဲ အချိန်နဲ့တစ်ပြေးညီဖြေရှင်းနိုင်အောင် ဆောင်ရွက်ထားပါတယ်။ ဒီလို ဆောင်ရွက်တဲ့အခါမှာ ကြီးကြီးမားမား ထူးထူးခြားခြား ပြဿနာတွေ၊ သတင်းပို့ချက်တွေ မရှိပါဘူး။ အသေးအဖွဲ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးရမယ့်အပိုင်းတွေကို ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ခြုံငုံပြီး ပြောရမယ်ဆိုရင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးဟာ အောင်မြင်စွာနဲ့ ကျင်းပပြီးစီးနိုင်ခဲ့ပြီလို့ ခြုံငုံပြီး သုံးသပ်ပြောဆိုလိုပါတယ်”ဟု ပြောကြားသည်။

ထို့နောက် ရွေးကောက်ပွဲရလဒ်များနှင့်စပ်လျဉ်းပြီး ညွှန်ကြားရေးမှူးချုပ်က “ရလဒ်နဲ့ပတ်သက်ပြီး အကြမ်းအားဖြင့်ပြောရရင် အခုမဲရုံတွေမှာ မဲတွေကို ရေတွက်နေပါတယ်။ မဲရလဒ်တွေကို သက်ဆိုင်ရာမြို့နယ်တွေကို စုစည်းပေးပို့မှာ ဖြစ်ပါတယ်။ မြို့နယ်တွေမှာလည်း ဒီစာရင်းဇယားတွေကိုချုပ်ပြီး သက်ဆိုင်ရာခရိုင်ကို မိတ္တူပေးပို့ပါတယ်။ အဓိက တိုင်းဒေသကြီးနဲ့ ပြည်နယ်ကော်မရှင်တွေကို ပေးပို့ရမှာ ဖြစ်ပါတယ်။ ပေးပို့တဲ့အခါမှာ ရလဒ်တွေကို စုစည်းပြီး ရွေးကောက်ပွဲမှာ အနိုင်ရတဲ့ ကိုယ်စားလှယ်လောင်း အမည်စာရင်းတွေကို တိုင်းဒေသကြီး၊ ပြည်နယ်ကနေ အတည်ပြုပေးမှာ ဖြစ်ပါတယ်။ အဲဒါတွေပြီးတဲ့နောက် ရုံးချုပ်ကိုတစ်ပြိုင်တည်းပေးပို့မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရုံးချုပ်က အတည်ပြုပြီးတာနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေက ထုတ်ပြန်ကြေညာပေးမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရွေးကောက်ပွဲကော်မရှင်ရုံးချုပ်ကနေလည်း မြန်မာ့အသံနဲ့ ရုပ်မြင်သံကြား၊ နိုင်ငံပိုင်သတင်းစာ၊ UEC Website ၊ Facebook ကတစ်ဆင့် မွန်းတည့် ၁၂ နာရီ၊ ညနေ ၄ နာရီနဲ့ ည ၈ နာရီတို့မှာ ရသမျှ သတင်းအချက်အလက်တွေ၊ ရလဒ်တွေကို အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ကြေညာပေးသွားမှာ ဖြစ်ပါတယ်”ဟု ဆက်လက်ပြောကြားသည်။

သတင်း – ဟန်လင်းနိုင်
ဓာတ်ပုံ – ချက်ကြီး



ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဦး

# ပြည်သူများ စနစ်တကျမဲပေးခဲ့သော ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၈**

ယနေ့ကျင်းပသည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် အမှတ်(၇) မူလတန်းလွန်ကျောင်းတွင် ဖွင့်လှစ်ထားသည့် မဲဆန္ဒနယ်အမှတ်(၂)ရှိ မဲရုံ ၂၊ ၃၊ ၄၊ ၅ တို့၌ နံနက် ၆ နာရီ မဲရုံစတင်မဖွင့်မီကတည်းက မိမိတို့နိုင်ငံသား အခွင့်အရေးအတွက် မဲပေးလိုသူ ပြည်သူများ စောင့်ဆိုင်းနေကြသည်။

**အားတက်သရောဆောင်ရွက်**

မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ လုပ်အားပေးတာဝန်ယူထားသူများ၊ ရပ်/ကျေးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လုံခြုံရေးတာဝန်ယူပေးမည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့များ၊ စေတနာ့ဝန်ထမ်းများက ပြည်သူများ အချိန်မီမဲပေးနိုင်စေရန်အတွက် နံနက် ၄ နာရီကတည်းက စတင်၍ မဲရုံဖွင့်လှစ်ရန် ပြင်ဆင်ကြပြီး မဲစာရင်းစာရွက်များ စစ်ဆေးခြင်း၊ မဲပုံးများ စစ်ဆေးခြင်း၊ မဲပေးမည့်တံဆိပ်တုံးများ စစ်ဆေးခြင်း၊ မဲပုံးများချိပ်ပိတ်ရာတွင် အသုံးပြုမည့် ကြိုးနံပါတ်များ မှတ်သားခြင်း၊ လျှို့ဝှက်ဆန္ဒပြုမည့်အခန်းများ လုံခြုံမှုရှိ၊ မရှိ စစ်ဆေးခြင်း၊ ပြည်သူများ ဆန္ဒမဲပေးရာတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဖြစ်စေရေးအတွက် အားတက်သရော ဆောင်ရွက်နေကြသည်။

နံနက် ၆ နာရီထိုးသည်နှင့် မဲရုံမှူးသည် တာဝန်ရှိသူများ၊ စောင့်ကြည့်လေ့လာသူများ၊ တာဝန်ပေးအပ်ထားသည့် ကိုယ်စားလှယ်များ၊ သတင်းမီဒီယာများရှေ့မှောက်တွင် ပြည်သူများ ဆန္ဒပြုမည့်မဲပုံးအား ဖွင့်လှစ်ပြသ၍ ချိပ်ပိတ်ကြိုးနံပါတ်မှတ်ကာ စည်းနှောင်လိုက်ကြသည်။

ယင်းနောက် တန်းစီစောင့်ဆိုင်းနေသော ပြည်သူများသည် မဲရုံအတွင်းသို့ ဝင်ရောက်လာကြသည်။ မဲရုံအတွင်းသို့ မဝင်မီ ဆန္ဒမဲပေးမည့် ပြည်သူများအား အပူချိန်တိုင်းခြင်း၊ လက်သန့်ဆေးရည်ဖြင့် ဆေးကြောပေးခြင်း၊ နှာခေါင်းစည်းအသစ်များလဲလှယ်ဝတ်ဆင်ပေးခြင်းနှင့် မျက်နှာအကာများ အခမဲ့ဝေငှခြင်းများကို မဲရုံတာဝန်ကျသူများ၊ စေတနာ့ဝန်ထမ်းများက ပြုလုပ်ပေးနေသည်ကို မြင်တွေ့ရသည်။



မဲရုံမှူးက တာဝန်ရှိသူများ၊ စောင့်ကြည့်လေ့လာသူများ၊ တာဝန်ပေးအပ်ထားသည့် ကိုယ်စားလှယ်များ၊ သတင်းမီဒီယာများရှေ့မှောက်တွင် ပြည်သူများ ဆန္ဒပြုမည့် မဲပုံးအား ဖွင့်လှစ်ပြသစဉ်။

မဲဆန္ဒရှင်များအနက် သက်သေခံကတ်ပြား မပါရှိပါကလည်း ဆန္ဒမဲပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ထားမှုနှင့် ပတ်သက်၍ သဃ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် မဲဆန္ဒနယ်အမှတ်(၂)မှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်ကျော်မြင့်က “ပြည်သူများ ဆန္ဒမဲပေးတဲ့နေရာမှာ မှတ်ပုံတင် သို့မဟုတ် သက်သေခံကတ်ပြားတစ်ခုခုမပါရင်၊ မရှိခဲ့ဘူးဆိုပါတော့။ အဲဒီအခါကျရင် ရပ်ကွက်ရုံးမှာ ရပ်ကွက်ထောက်ခံစာယူပြီး လာပေးဖို့ မနေ့ညကတည်းက ရပ်ကွက်ရုံးကနေ ကားနဲ့ လှည့်လည်ကြေညာထားပါတယ်။ နောက်တစ်ခုကတော့ မဲပေးဖို့ ကတ်ပြားရထားတယ်။ သက်သေခံကတ်ပြား၊ ထောက်ခံချက်မပါလာဘူး။ ကျွန်တော့်ရပ်ကွက်ထဲမှာ နေတယ်။ သူ့ကို ကျွန်တော်သိတယ်။ ဒါဆိုရင်တော့ မဲရုံမှူးကို အကြောင်းကြားပြီး ကျွန်တော်က ထောက်ခံချက်ပေး မဲပေးခွင့်ပြုပါတယ်” ဟု ပြောသည်။



သဃ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် လွတ်လပ်ရေးလမ်းနေ ကိုဟိန်းထက်ဇော်အား ဆန္ဒမဲပေးအပြီး တွေ့ရစဉ်။



ဆန္ဒမဲပုံးအား ချိပ်ပိတ်ကြိုးနံပါတ်မှတ်ကာ စည်းနှောင်စဉ်။

**ရင်ခုန်စိတ်လှုပ်ရှား**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနေ့တွင်မှ ပထမဆုံး ဆန္ဒမဲပေးခွင့်ရသူ ရန်ကုန်သစ်ရပ်ကွက် လွတ်လပ်ရေးလမ်းနေ ကိုဟိန်းထက်ဇော်က “ကျွန်တော်က အသက် ၂၁ နှစ်ရှိပါပြီ။ နိုင်ငံသားတစ်ယောက်အနေနဲ့ ပထမဆုံး မဲပေးခွင့်ရတာပါ။ ကိုဗစ်–၁၉ ကပ်ရောဂါ ရှိနေပေမယ့် ဝင်လာတာနဲ့ ကျွန်တော်တို့ဝတ်လာတဲ့ နှာခေါင်းစည်းတွေကို အပေါက်ဝက အမှိုက်ပုံးထဲကို ထည့်စေပြီး အသစ်တစ်ခုပေးတယ်။ မျက်နှာအကာ မပါတဲ့သူတွေကိုလည်း အသစ်တစ်ခုပေးတယ်။ လက်သန့်ဆေးနဲ့လည်း ဆေးခိုင်းတယ်။ အပူချိန်လည်းတိုင်းပါတယ်။ ကျွန်တော်က ပထမဦးဆုံး မဲပေးခွင့်ရတာဆိုတော့ မဲပေးတဲ့နေရာမှာ အမှားအယွင်းဖြစ်မှာစိုးလို့ သေသေချာချာလည်း ရှင်းပြပါတယ်။ မဲပေးတဲ့အခါ ဘယ်နေရာမှာ ပေးရမယ်ဆိုတာ ညွှန်ပြပေးပေမယ့် စောင့်ကြည့်တာမျိုးမရှိပါဘူး။ နိုင်ငံသားတစ်ယောက်အနေနဲ့ ပထမဆုံးမဲပေးခွင့်ရတဲ့အတွက် ရင်ခုန်တယ်။ စိတ်လှုပ်ရှားတယ်ပေါ့။ ကိုယ်ဆန္ဒပြုချင်တဲ့ ပါတီကိုယ်စားလှယ်လောင်းကို မဲပေးခွင့်ရတဲ့အတွက် ကျွန်တော်ပျော်တယ်”ဟု ပြောသည်။

သဃ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် အမှတ်(၇) မူလတန်းလွန်ကျောင်းတွင် ဖွင့်လှစ်ထားသည့် မဲဆန္ဒနယ်အမှတ်(၂)ရှိ မဲရုံ ၂၊ ၃၊ ၄၊ ၅ တို့တွင် ဆန္ဒမဲပေးခွင့်ရှိသူ ၁၄၀၀ ခန့်ရှိကြောင်း သိရသည်။

ရန်ကုန်သစ်ရပ်ကွက်နေ ဦးခင်သန်းမောင်က “အသက်(၅၇) နှစ်ရှိပြီ။ ကျွန်တော် သက်တမ်းတစ်လျှောက် မဲပေးခဲ့တာကတော့ အခုနဲ့ဆို နှစ်ကြိမ်မြောက်ပါ။ ၂၀၁၀ တုန်းကတော့ မပေးဖြစ်ခဲ့ဘူး။ အခုလို ကိုဗစ်ကာလမှာ မဲပေးရတာနဲ့ ပတ်သက်ပြီး သဃ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက်ရဲ့ စီစဉ်ပုံကို သဘောကျတယ်။ မဲရုံထဲဝင်လိုက်တာနဲ့ ရောဂါကာကွယ်တဲ့အနေနဲ့ နှာခေါင်းစည်းကအစ ပေးပါတယ်။ နောက် ဒီနေရာမှာ လက်မှတ်ထိုးရပါမယ်။ ဒီနေရာမှာ မဲထည့်ရပါမယ်ဆိုပြီး ကူညီပေးပါတယ်။ ဆန္ဒပြုတာကတော့ ကိုယ့်သဘောနဲ့ကိုယ်ပါ။ သူများလည်း မမြင်ပါဘူး။ ကိုယ်ဆန္ဒနဲ့ကိုယ်ပါ”ဟု ပြောသည်။

**မဲရုံ ၁၃၉ ရုံရှိ**

သဃ်န်းကျွန်းမြို့နယ်တွင် မဲရုံပေါင်း ၁၃၉ ရုံရှိကာ မဲပေးပိုင်ခွင့်ရှိသူဦးရေ ၁၈၄၀၀၀ ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

သဃ်န်ကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် တိုင်းဒေသကြီး မဲဆန္ဒအမှတ်(၂) မဲရုံမှူး အမက(၇) မူလွန်ကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိနိုင်က “ ညနေ ၄ နာရီထိုးတဲ့အထိ ပရဝဏ်ထဲကို တဖွဲဖွဲလာနေတယ်။ လူမပြတ်ဘူး။ မဲရုံမှူးတစ်ယောက်အနေနဲ့ ပြောရရင် ကိုဗစ်–၁၉ ကာကွယ်ရေးအတွက် အထူးလုပ်ဆောင်ပေးတယ်။ မဲဆန္ဒရှင်တွေကလည်း လိုက်နာကြတယ်။ ၂၀၁၅ ထက်စာရင် ဒီနှစ်မဲပေးပုံက ပိုအဆင်ပြေတယ်။ စနစ်တကျတန်းစီပြီး မဲပေးတယ်။ မဲရုံက ကလေးတွေကလည်း မဲဆန္ဒရှင်တွေ မသိတာတွေကို ကူညီပေးတယ်။ ၂၀၁၅ မှာလည်း မဲရုံမှူးလုပ်ခဲ့တော့ အတွေ့အကြုံပြောရရင် ဒီနှစ် ၂၀၂၀ မဲပေးတဲ့သူတွေက ပိုစနစ်ကျလာတယ်။ စနစ်ကျလာတယ်ဆိုတာ မဲပေးသူတွေမှာ ပယ်မဲနည်းလာတာကို ပြောတာ။ နောက်မဲပေးတဲ့သူ ပိုများလာတယ်။ မဲပေးရတဲ့ပုံစံကို သိလာတယ်။ သိပ်ပြီး ပြောစရာမလိုတော့ဘူး”ဟု ပြောသည်။

ယခင် ရွေးကောက်ပွဲများနှင့် နှိုင်းယှဉ်ပါက ယနေ့ကျင်းပသည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် စည်းကမ်းတကျရှိပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် နိုင်ငံသားအခွင့်အရေးဖြစ်သည့် မဲပေးပိုင်ခွင့်ကို စနစ်တကျ အသုံးပြုနိုင်ခဲ့သည်ဟု တာဝန်ရှိသူများ၊ မဲဆန္ဒရှင်များ၏ ပြောကြားချက်များအရ သိရှိရသည်။

သတင်း – ရဲခေါင်ညွှန့်
ဓာတ်ပုံ – ဖိုးထောင်

# ပဲခူးတိုင်းဒေသကြီးရှိ မဲရုံအသီးသီး၌ မဲဆန္ဒရှင်များ ဆန္ဒမဲပေးမှုမြင်ကွင်း

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပသည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများရှိ မဲရုံအသီးသီး၌ မဲဆန္ဒရှင်များက ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ ဆန္ဒမဲများပေးခဲ့ကြသည်။ မဲရုံပိတ်သိမ်းချိန် ညနေ ၄ နာရီတွင် ပါတီကိုယ်စားလှယ်အသီးသီးရှေ့မှောက်၌ ဆန္ဒမဲလက်မှတ်များ ရေတွက်ခဲ့ကြသည်။


သာယာဝတီမြို့နယ်
ဓာတ်ပုံ - သန့်ဇော်(သာယာဝတီ)


ဇေါ်မြို့နယ်
ဓာတ်ပုံ - အောင်မြတ်လင်း(ပြန်/ဆက်)


ပြည်မြို့နယ်
ဓာတ်ပုံ - မင်းမင်းဇိုး(ပြန်/ဆက်)


ညောင်လေးပင်မြို့နယ်
ဓာတ်ပုံ - ဝိန်းဇလုပ်သိန်းညွန့်


ကဝမြို့နယ်
ဓာတ်ပုံ - ချစ်နှင်းသုန်(ပြန်/ဆက်)


ပန်းတောင်းမြို့နယ်
ဓာတ်ပုံ - သင်းသင်းအေး(ပြန်/ဆက်)


သနပ်ပင်မြို့နယ်
ဓာတ်ပုံ - လှမိုး(ပြန်/ဆက်)


ကျောက်ကြီးမြို့နယ်
ဓာတ်ပုံ - ကိုသားကြီး(ကျောက်ကြီး)


ရွှေကျင်မြို့နယ်
ဓာတ်ပုံ - ထွန်းထွန်းဇော်(ပြန်/ဆက်)


ရေတာရှည်မြို့နယ်
ဓာတ်ပုံ - ကိုလွင်(ဆွာ)


ဒိုက်ဦးမြို့နယ်
ဓာတ်ပုံ - ကျော်ကျော်(ပြန်/ဆက်)


လက်ပံတန်းမြို့နယ်
ဓာတ်ပုံ - ဝင့်နန္ဒာဌေး(ပြန်/ဆက်)


ပြည်မြို့နယ်
ဓာတ်ပုံ - မျိုးကျော်ကြီး(ပြန်/ဆက်)


ကျောက်တံခါးမြို့နယ်
ဓာတ်ပုံ - စန်းတင့်(ပြန်/ဆက်)

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကသာမြို့နယ်၌ အေးချမ်းတည်ငြိမ်စွာ ဆန္ဒမဲပေး

**ကသာ နိုဝင်ဘာ ၈**

မြန်မာနိုင်ငံတစ်ဝန်း ကျင်းပလျက်ရှိသော ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်ရှိ ရပ်ကွက်/ကျေးရွာအုပ်စုများတွင် ယနေ့ နံနက် ၆ နာရီမှစတင်ကာ ပြည်သူများ အေးချမ်းစွာ ဆန္ဒမဲပေးခဲ့ကြောင်း သိရသည်။

ကသာခရိုင်အတွင်း မဲရုံပေါင်း ၇၇၁ ရုံ၊ မဲဆန္ဒရှင်ပေါင်း ၆၃၀၀၀၀ ကျော်၊ အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်ပေါင်း ၈၄၀၀၀ ကျော်ရှိကြောင်း သိရသည်။ ကသာမြို့နယ်၌ မဲရုံပေါင်း ၁၁၀၊ ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း ၄၂ အုပ်စုရှိပြီး ဆန္ဒမဲပေးမည့်သူ ၁၂၀၀၀၀ ကျော်ရှိသည့်အနက် အသက်(၆၀)နှင့်အထက် မဲဆန္ဒရှင် ၁၂၀၀၀ ကျော်ရှိကြောင်း သိရသည်။

ထိုသို့ဆန္ဒမဲပေးကြရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ချမှတ်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ တိကျစွာလိုက်နာကာ စနစ်တကျမဲပေးခဲ့ကြောင်း သိရသည်။

**အေးမြသက်ထား**





# ဝန်းသိုမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဘေးကင်းလုံခြုံစွာ စနစ်တကျဆန္ဒမဲပေး

**ဝန်းသို နိုဝင်ဘာ ၈**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ယနေ့တွင် တစ်နိုင်ငံလုံးကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်အတွင်းရှိမဲဆန္ဒရှင်ပြည်သူများသည် မဲရုံဖွင့်လှစ်ချိန် နံနက် ၆ နာရီမှစတင်၍ ဆန္ဒမဲများကို သက်ဆိုင်ရာမဲရုံများအလိုက် သွားရောက်၍ စနစ်တကျ မဲပေးကြသည်။

ထိုသို့ မဲဆန္ဒရှင်ပြည်သူများ မဲရုံများသို့လာရောက် မဲပေးရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့် အညီ အေးချမ်းတည်ငြိမ်စွာ ဆန္ဒမဲပေးနိုင်ရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက မဲဆန္ဒရှင်ပြည်သူများ မဲရုံအတွင်းဝင်ရောက်၍ မဲမပေးမီအဝင်ပေါက်တွင် ကိုယ်အပူချိန်တိုင်းတာစစ်ဆေးခြင်း၊ နှာခေါင်းစည်းများ ဝေငှပေးခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ဆေးစေခြင်း၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာ တန်းစီခြင်းတို့ဖြင့် စနစ်တကျ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ဝန်းသိုမြို့နယ်၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူပေါင်း ၅၅၈၂၂ ဦးရှိပြီး ရပ်ကွက်/ကျေးရွာအုပ်စု ၄၂ အုပ်စု၊ မဲရုံပေါင်း ၅၃ ရုံတွင် မဲဆန္ဒရှင်ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့်အညီ ဘေးကင်းလုံခြုံစွာ စနစ်တကျဆန္ဒမဲပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ချောင်းဦးမြို့နယ်၌ အေးချမ်းလွတ်လပ်စွာ ဆန္ဒမဲပေး

**ချောင်းဦး နိုဝင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၌ ယနေ့ နံနက် ၆ နာရီမှ စတင်ပြီး မဲရုံများဖွင့်လှစ်ကာ ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးကို ကျင်းပသည်။

နံနက် ၆ နာရီတွင် တာဝန်ကျ မဲရုံမှူးများက မဲရုံဖွင့်လှစ်ကြောင်း ကြေညာပြီး လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန်အတွက် မဲရုံအဖွဲ့ဝင်များ၊ ပါတီကိုယ်စားလှယ်များ၊ လေ့လာစောင့်ကြည့်သူများ၊ ဆန္ဒမဲပေးမည့် ပြည်သူများရှေ့တွင် ဆန္ဒမဲပုံးအား ဖွင့်လှစ်ပြသပေးခဲ့သည်။ ပြည်သူများရှေ့တွင် ချိပ်ကြိုးပိတ်ပြီးနောက်



မဲဆန္ဒရှင်များ မဲစတင်ပေးနိုင်စေရန် စီစဉ်ပေးခဲ့သည်။ ဆန္ဒမဲပေးမည့် ပြည်သူများကလည်း မဲရုံရှေ့တွင် နံနက် ၅ နာရီခွဲမှစတင်ကာ စောင့်ဆိုင်းနေကြကြောင်း သိရသည်။

ဆန္ဒမဲပေးမည့် ပြည်သူများအတွက် လွတ်လပ်စွာ ဆန္ဒပြုနိုင်ရေးစီစဉ်ထားပြီး မဲရုံအတွက် တာဝန်ယူထားသည့်တာဝန်ကျနေရာများမှ မဲပေးမည့်ပြည်သူများ အနှောင့်အယှက်မဖြစ်စေရေး အဆင်ပြေချောမွေ့စွာ မဲပေးနိုင်စေရေး ဆောင်ရွက်ပေးကြသည်။

ဆန္ဒမဲလာပေးသည့် ပြည်သူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့် အညီဆောင်ရွက်ခဲ့ကြသည်။

ချောင်းဦးမြို့နယ်၌ ဆန္ဒမဲပေးမည့်ပြည်သူစုစုပေါင်း ၈၈၇၃၀ ရှိပြီး မဲရုံပေါင်း ၈၆ ရုံရှိကာ ယနေ့နံနက် ၆ နာရီမှစတင်၍ စိတ်အေးချမ်းလွတ်လပ်စွာ ဆန္ဒမဲပေးကြကြောင်း သိရသည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**



# စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ စိတ်ချမ်းမြေ့စွာ ဆန္ဒမဲပေးလျက်ရှိ

**ကလေးဝ နိုဝင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ယနေ့ နံနက် ၆ နာရီက မြို့နယ်အတွင်းရှိသက်ဆိုင်ရာ မဲရုံများ၌ ကျင်းပခဲ့သည်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ကလေးဝမြို့နယ်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများက မိမိတို့ ရပ်ကွက်/ကျေးရွာများရှိ သက်ဆိုင်ရာ မဲရုံများသို့ သွားရောက်၍ စိတ်ချမ်းမြေ့စွာ ဆန္ဒမဲပေးခဲ့ကြသည်။

ထိုသို့ ဆန္ဒမဲပေးရာတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မဲရုံများတွင် ဆန္ဒမဲလာရောက်ပေးသူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ ဆန္ဒမဲပေးနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကလေးဝမြို့နယ်၌ မဲရုံပေါင်း ၆၉ ရုံရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၄၃၆၃၆ ဦးရှိကြောင်း သိရသည်။

**သက်ဟန်(ကလေးဝ)**

# စစ်ကိုင်းမြို့ရှိ မြို့ပေါ်ရပ်ကွက်မဲရုံများတွင် ပြည်သူများ လုံခြုံအေးချမ်းစွာဆန္ဒမဲပေး

**စစ်ကိုင်း နိုဝင်ဘာ ၈**

၂၀၂၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲကို စစ်ကိုင်းမြို့ပေါ်ရပ်ကွက်များရှိ မဲရုံများ၌ ယနေ့ နံနက် ၆ နာရီမှစတင်၍ ဆန္ဒမဲပေးခွင့်ရှိသူများသည် သက်ဆိုင်ရာ မဲရုံများတွင် လုံခြုံအေးချမ်းစွာ ဆန္ဒမဲပေးရန် တန်းစီစောင့်ဆိုင်းခဲ့ကြသည်။

မဲရုံတာဝန်ကျသူများကလည်း ဆန္ဒမဲလာရောက်ပေးသည့်ပြည်သူများကိုအပူချိန်တိုင်းတာပေးခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ဆေးစေခြင်း၊ နှာခေါင်းစည်းများပေးဝေခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြသည်။

စစ်ကိုင်းမြို့နယ်၌ မဲဆန္ဒရှင်ပေါင်း ၂၄၀၀၀၀ ကျော်ရှိပြီး မဲရုံပေါင်း ၁၆၃ ရုံ ဖွင့်လှစ်ဆောင်ရွက်ထားကြောင်း စစ်ကိုင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**ခိုင်ဇေယျ**

# ခင်ဦးမြို့နယ်ရှိ မဲရုံများ၌ လွှတ်တော်အလိုက် ပြည်သူများ စိတ်အေးချမ်းမြေ့စွာ ဆန္ဒမဲပေးလျက်ရှိ

**ခင်ဦး နိုဝင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်အလိုက် ဆန္ဒမဲပေးခြင်းကို ယနေ့ နံနက် ၆ နာရီမှစတင်ပြီး မဲရုံအသီးသီးတွင် ပြည်သူများ စိတ်အေးချမ်းမြေ့စွာ ဆန္ဒမဲပေးကြသည်။

ခင်ဦးမြို့နယ်တွင် မဲရုံပေါင်း ၁၁၂ ရုံရှိပြီး မဲဆန္ဒနယ်(၁)တွင် မဲပေးခွင့်ရှိသူ ၆၂၅၂၁ ဦးနှင့် မဲဆန္ဒနယ်(၂)တွင် မဲပေးခွင့်ရှိသူ ၆၀၆၂၇ ဦး စုစုပေါင်း ၁၂၃၁၄၈ ဦးနှင့် ကြိုတင်ဆန္ဒမဲပေးပြီးသူ ၂၄၅၈၄ ဦးရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

မဲရုံများတွင် ဆန္ဒမဲလာရောက်ပေးသူများမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျဆန္ဒမဲပေးနိုင်ရေးအတွက် ဆောင်ရွက်ထားပြီး မဲဆန္ဒရှင်များ မဲရုံတွင် လွယ်ကူစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် ရပ်ကွက်၊



ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

**စိုးဝေအောင်(ခင်ဦး)**

# ဖောင်းပြင်မြို့နယ်၌ အေးချမ်းစွာဆန္ဒမဲပေး

**ဖောင်းပြင် နိုဝင်ဘာ ၈**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ယနေ့နံနက် ၆ နာရီမှစတင်၍ ဖောင်းပြင်မြို့နယ်မှ ပြည်သူများ အေးချမ်းစွာဖြင့် ဆန္ဒမဲပေးခဲ့ကြကြောင်း သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၈၆၁၀၇ ဦးရှိပြီး မဲရုံ ၈၆ ရုံ၌ ဆန္ဒမဲပေးခြင်းကို ကျင်းပရာ နိုင်ငံရေးပါတီ ငါးပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ငါးဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် လေးဦး၊ တိုင်းဒေသကြီး(၁)လွှတ်တော်ကိုယ်စားလှယ် ငါးဦး၊ တိုင်းဒေသကြီး(၂)လွှတ်တော်ကိုယ်စားလှယ် ငါးဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**ကိုထွန်း(ပြန်/ဆက်)**



## ဘုတ်ပြင်းမြို့နယ်၌ ပြည်သူများ အေးချမ်းစွာဆန္ဒမဲပေး

**ဘုတ်ပြင်း နိုဝင်ဘာ ၈**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်၌ ယနေ့ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို နံနက် ၆ နာရီမှစတင်၍ ပြည်သူများကဆန္ဒမဲများ လာရောက်ပေးလျက်ရှိကြသည်။

ဘုတ်ပြင်းမြို့နယ်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ လမ်းညွှန်ချက်များနှင့်အညီ ဆန္ဒမဲပေးကြသည်။ ဘုတ်ပြင်းမြို့နယ်အနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ရပ်ကွက်/ကျေးရွာ အုပ်စု ၂၇ စု၌ မဲရုံပေါင်း ၁၁၄ ရုံဖွင့်လှစ်ထားရှိပြီး ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ စုစုပေါင်း ၅၉၀၉၉ ဦးရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကရသူရီမြို့၌ မသန်စွမ်းသူများနှင့် မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲများလာရောက်ပေးလျက်ရှိ

**ကရသူရီ နိုဝင်ဘာ ၈**

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ယနေ့ နံနက် ၆ နာရီမှ စတင်ဖွင့်လှစ်ခဲ့ရာ တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ကရသူရီမြို့ ရပ်ကွက် / ကျေးရွာများရှိ မသန်စွမ်းသူများနှင့် မဲဆန္ဒရှင်ပြည်သူများ မွန်းလွဲပိုင်းအထိ ဆန္ဒမဲများကို သက်ဆိုင်ရာမဲရုံများသို့ လာရောက်ဆန္ဒမဲပေးကြသည်။

### အေးချမ်းစွာ ဆန္ဒမဲပေး

မသန်စွမ်းမဲဆန္ဒရှင်များ ဆန္ဒမဲပေးနိုင်ရေး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများနှင့်အညီ ဆန္ဒမဲ ပေးနိုင်ရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးပြီး မဲဆန္ဒရှင် ပြည်သူများက အေးချမ်းစွာဆန္ဒမဲပေးကြသည်။

စိုးဝင်း(ပြန်/ဆက်)



## မြိတ်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲပေးလျက်ရှိ

**မြိတ် နိုဝင်ဘာ ၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ယနေ့ နံနက် ၆ နာရီမှစတင်ကာ နိုင်ငံတစ်ဝန်းတွင် တစ်ပြိုင်တည်း ကျင်းပလျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်ရှိ မဲဆန္ဒနယ်အသီးသီး၌လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်ရေး ညွှန်ကြားချက်နှင့်အညီ မဲရုံအသီးသီးတွင် မဲဆန္ဒရှင်ပြည်သူများက လွတ်လပ်စွာစနစ်တကျ ဆန္ဒမဲပေးကြသည်။

မဲဆန္ဒရှင်ပြည်သူများက မဲရုံများသို့ မဲရုံမဖွင့်လှစ်မီ မဲရုံရှေ့တွင် ကိုဗစ်-၁၉ ဘေးကင်းလုံခြုံရေး ကာကွယ်ဆောင်ရွက်မှုနှင့်အတူ စိတ်အားထက်သန်စွာ ဆန္ဒမဲပေးရန် စောင့်ဆိုင်းလျက်ရှိကြကာ မဲရုံတာဝန်ရှိသူများက မဲပုံးများအား အများမြင်သာအောင်ပြသ၍ လုံခြုံရေးကြိုးတပ်ဆင်ပြီးနောက် နံနက် ၆ နာရီတွင် မဲရုံမှူးက မဲရုံဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် စောင့်ဆိုင်းနေသည့် မဲဆန္ဒရှင်ပြည်သူများက ဆန္ဒမဲလက်မှတ်များ ထုတ်ယူကြကာ လျှို့ဝှက်ဆန္ဒပြုခန်းများ၌ ဆန္ဒပြုကြပြီး လွှတ်တော်အသီးသီး ဆန္ဒမဲပုံးများတွင် ဆန္ဒမဲလက်မှတ်များ ထည့်ကြသည်။

မြိတ်မြို့နယ်၌ ရပ်ကွက် ၁၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၂ အုပ်စုတွင် မဲရုံပေါင်း ၂၂၇ ရုံ ဖွင့်လှစ်ထားရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူ စုစုပေါင်း ၂၂၆၇၉၈ ဦးရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှ သိရသည်။

ခိုင်ထူး (ပြန်/ဆက် )



## ကော့သောင်းမြို့နယ်ရှိ မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများ မဲပေးနေမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး

**ကော့သောင်း နိုဝင်ဘာ ၈**

တနင်္သာရီတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးခန့်နှင့် ကော့သောင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကော့သောင်းမြို့ပေါ် ရပ်ကွက်နှင့်ကျေးရွာများရှိ မဲရုံများတွင် မဲဆန္ဒရှင် ပြည်သူများ ဆန္ဒမဲပေးနေမှုအခြေအနေများအား ယနေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေး ခဲ့ကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေးရာတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမဲရုံများ၌ ဥပဒေနှင့်အညီ ဆန္ဒမဲလာရောက်ပေးလျက်ရှိသည့် မဲဆန္ဒရှင်ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး၊ မဲရုံ အတွင်း၊ အပြင် စနစ်ကျမှု ရှိ၊ မရှိ၊ မဲရုံအတွင်း လျှို့ဝှက်ဆန္ဒပြုခန်းနှင့် သက်ဆိုင်ရာလွှတ်တော် မဲပုံးများ စနစ်တကျခင်းကျင်းထားရှိမှု ရှိ၊ မရှိ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံကိုယ်စားလှယ်များ၊ မဲရုံ အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲကြည့်ရှုလေ့လာသူများကို နေရာချထားပေးမှုအခြေအနေများနှင့် မဲဆန္ဒရှင်ပြည်သူများ ဘေးကင်းလုံခြုံစွာ ဆန္ဒမဲပေးနိုင်ရေးနှင့် ဆန္ဒမဲပေးမှုလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့မှု ရှိ၊ မရှိ၊ ထူးခြားဖြစ်စဉ်နှင့် လိုအပ်ချက်များပေါ်ပေါက်လာပါက အချိန်နှင့်တစ်ပြေးညီ သက်ဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်သို့ သတင်းပေးပို့ကြရေး မဲရုံများအလိုက် ကြည့်ရှုစစ်ဆေးကာ မှာကြားခဲ့သည်။

ကော့သောင်းမြို့နယ်တွင် အထွေထွေရွေးကောက်ပွဲ၌ တစ်သီးပုဂ္ဂလအပါအဝင် နိုင်ငံရေးပါတီ ရှစ်ပါတီက သက်ဆိုင်ရာလွှတ်တော်နေရာအသီးသီးအတွက် ကိုယ်စားလှယ်လောင်း ၂၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ကော့သောင်းတစ်မြို့နယ်လုံးအနေဖြင့် မဲရုံပေါင်း ၇၅ ရုံနှင့် မဲဆန္ဒရှင် ပြည်သူပေါင်း ၁၁၂၅၈၉ ဦးရှိကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း)

## တနင်္သာရီမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ စိတ်ပါဝင်စားစွာ ဆန္ဒမဲများပေး

**တနင်္သာရီ နိုဝင်ဘာ ၈**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာ၂၅ အုပ်စုမှ မဲရုံပေါင်း ၉၇ ရုံအား ယနေ့ နံနက် ၆ နာရီက စတင်ဖွင့်လှစ်ပြီး မဲဆန္ဒရှင်ပြည်သူများက စိတ်ပါဝင်စားစွာ လာရောက်စောင့်ဆိုင်းလျက် စိတ်အေးချမ်းသာစွာ ဆန္ဒမဲပေးလျက်ရှိကြောင်း ချောင်းငယ်ရပ်ကွက် မဲရုံအမှတ်(၁)မှ သိရသည်။

### လုံခြုံရေးကြိုးဖြင့် မဲပုံးကိုပိတ်

ချောင်းငယ်ရပ်ကွက် မဲရုံအမှတ်(၁)အား နံနက် ၆ နာရီတွင် မဲရုံစတင်ဖွင့်လှစ်ပြီး ကော်မရှင်အဖွဲ့ဝင်များ၊ ပါတီ အကူကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်သူများ၊ မီဒီယာများရှေ့တွင် မဲပုံး အလွတ်ဖြစ်ကြောင်း သက်သေပြသပြီးနောက် လုံခြုံရေးကြိုးဖြင့် မဲပုံးကိုပိတ်သည်။

ယင်းနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ လမ်းညွှန်ချက်များနှင့်အညီ အသင့်စောင့်ဆိုင်းနေသော မဲဆန္ဒရှင်ပြည်သူများက ဆန္ဒမဲများကို စနစ်တကျ လျှို့ဝှက်စွာ ထည့်ပေးလျက်ရှိကြောင်း၊ အလားတူ ချောင်းကြီးရပ်ကွက် အထက-တနင်္သာရီ မဲရုံအမှတ်(၁)နှင့် အခြားသော မဲရုံ ၉၇ ရုံတွင်လည်း ယခုကဲ့သို့ စနစ်တကျဆန္ဒမဲပေးနေကြပြီဖြစ်ကြောင်း သိရသည်။

တနင်္သာရီမြို့နယ်၌ တစ်သီးပုဂ္ဂလအပါအဝင် နိုင်ငံရေးပါတီ ခြောက်ပါတီမှ ကိုယ်စားလှယ်လောင်း ၂၁ ဦးက ဝင်ရောက်ယှဉ်ပြိုင် အရွေးခံကြကြောင်း မြို့နယ်ကော်မရှင် အဖွဲ့ခွဲရုံးမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ကျွန်းစုမြို့နယ်၌ မဲဆန္ဒရှင်များက စိတ်အားထက်သန်စွာဖြင့် ဆန္ဒမဲလာရောက်ပေး

**ကျွန်းစု နိုဝင်ဘာ ၈**

ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီး ကျင်းပသည့် ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာများရှိ မဲရုံအသီးသီးတွင် မဲဆန္ဒရှင်ပြည်သူများ စိတ်အားထက်သန်စွာဖြင့် ဆန္ဒမဲပေးကြသည်။

### မဲရုံစတင်ဖွင့်လှစ်

မဲရုံအသီးသီး၏ သက်ဆိုင်ရာ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပါတီကိုယ်စားလှယ်များ၊ လေ့လာစောင့်ကြည့်သူများနှင့် အသိသက်သေများ ရှေ့မှောက်တွင် မဲပုံးပိတ်ခြင်း၊ မဲပုံးလုံခြုံရေးကြိုးတပ်ဆင်ခြင်းများ ဆောင်ရွက်ခဲ့ကြကာ နံနက် ၆ နာရီတွင် မဲရုံမှူးက မဲရုံစတင်ဖွင့်လှစ်ကြောင်း ကြေညာခဲ့သည်။

ထိုနောက်ပြည်သူများလာရောက်မဲပေးရာတွင် ကိုဗစ် – ၁၉ ကူးစက်မှုမရှိစေရေးအတွက် လက်သန့်ဆေးရည်ဖြင့် လက်ဆေးစေခြင်း၊ လူစုလူဝေး မဖြစ်ပေါ်စေရေးအတွက် တစ်ဦးနှင့်တစ်ဦးခြောက်ပေအကွာ တန်းစီစေခြင်းစသည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များအတိုင်း မဲဆန္ဒရှင်ပြည်သူများက စနစ်တကျ တန်းစီစနစ်ဖြင့် ဆန္ဒမဲပေးလျက်ရှိကြောင်း၊ ကျွန်းစု မြို့နယ်တွင် ရပ်ကွက်လေးရပ်ကွက်၊ ကျေးရွာအုပ်စု ၂၃ အုပ်စုရှိပြီး မဲရုံ စုစုပေါင်း ၁၆၃ ရုံရှိကြောင်း သိရသည်။

စည်သူရအောင်(ကျွန်းစု)



# ရခိုင်ပြည်နယ် ဂွမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းလွတ်လပ်စွာ ဆန္ဒမဲပေး

**ဂွ နိုဝင်ဘာ ၈**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ယနေ့နံနက် ၆ နာရီမှစတင်၍ ရခိုင်ပြည်နယ် ဂွမြို့နယ်၌ ကျင်းပလျက်ရှိရာ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းလွတ်လပ်စွာ ဆန္ဒမဲပေးနေမှုအား ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့ လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**လှည့်လည်ကြည့်ရှု**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်သူများ ဆန္ဒမဲပေးရာတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိစေရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းလွတ်လပ်စွာ ဆန္ဒမဲပေးနေမှုများအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါ ဆန္ဒမဲပေးမည့် ပြည်သူများအား တာဝန်ရှိသူများက အယ်လ်ကိုဟော လက်သန့်ဆေးရည်ဖြင့် လက်များကိုသန့်စင်ပေးခြင်း၊ ပြင်ပမှ အသုံးပြုလာသော နှာခေါင်းစည်းများကို အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်စေပြီး N95 နှာခေါင်းစည်းများဖြင့် လဲလှယ်ပေးခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ မဲရုံအဝင်တွင် တစ်ဦးနှင့်တစ်ဦး ခြောက်ပေခွာတန်းစီစေပြီး မဲရုံအတွင်းဝင်ရောက်ချိန်၌ လက်များကို လက်သန့်ဆေးရည်ဖြင့် ဆေးကြောသန့်စင်ပေးခြင်း၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် တာဝန်ရှိသူများက မဲစာရင်းစစ်ဆေးခြင်း၊ မဲလက်မှတ်များထုတ်ပေးခြင်းနှင့် ဆန္ဒမဲပေးပြီးကြောင်းကို လက်သန်း မင်တို့ခြင်း လုပ်ငန်းများအား ကူညီဆောင်ရွက်ပေးကြသည်။

**မဲရုံ ၃၅ ရုံရှိ**

ဂွမြို့နယ်၌ ရပ်ကွက်(၆)ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၃ အုပ်စု စုစုပေါင်း ၃၉ အုပ်စုရှိရာ မဲရုံပေါင်း ၁၃၅ ရုံရှိပြီး မဲဆန္ဒရှင်စုစုပေါင်း ၅၄၉၅၂ ဦးရှိရာ ကြိုတင်ဆန္ဒမဲကို ၁၀၇၇၂ ဦးပေးပြီးဖြစ်ကာ ယနေ့မဲဆန္ဒရှင် ၄၄၁၈၀ ဆန္ဒမဲပေးမည်ဖြစ်ကြောင်း သိရသည်။

ရွှေရည်ဝင်း(ပြန်/ဆက်)



# စစ်တွေမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူများ အေးချမ်းစွာဆန္ဒမဲပေး





**စစ်တွေ နိုဝင်ဘာ ၈**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများအတွင်းရှိ မဲရုံများ၌ ယနေ့နံနက်ပိုင်းမှစတင်ပြီး မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာ ဆန္ဒမဲပေးကြသည်။

စစ်တွေမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအသီးသီးရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနိုင်ရန်အတွက် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံဝန်ထမ်းများသည် ဆန္ဒမဲထည့်မည့် မဲပုံးများအတွင်း မည့်သည့်အရာမျှ မရှိကြောင်း အသိသက်သေများ၏ ရှေ့မှောက်တွင်ပြသ၍ လုံခြုံရေးကြိုးများဖြင့် စနစ်တကျ ပိတ်ပြီး နံနက် ၆ နာရီတွင်မဲရုံဖွင့်လှစ်ကြောင်းနှင့် ဆန္ဒမဲပေးခွင့်ရှိသူ ပြည်သူများ စတင်မဲပေးနိုင်ပြီဖြစ်ကြောင်း အသံချဲ့စက်ဖြင့် အသိပေးကြေညာသည်။

**လွတ်လပ်စွာ ဆန္ဒမဲပေး**

ထို့နောက် မဲဆန္ဒရှင်ပြည်သူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ကိုယ်အပူချိန်တိုင်းတာခြင်း၊ လက်သန့်ဆေးရည်ဖျန်းခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်းများ အသစ်လဲလှယ်ပေးခြင်း၊ မဲစာရင်းစစ်ဆေးခြင်း၊ မဲလက်မှတ်ထုတ်ပေးခြင်း၊ မဲထည့်ခြင်း၊ မဲထည့်ပြီးကြောင်း အမှတ်အသားအဖြစ် လက်သန်းတွင် မင်တို့ခြင်းများကို စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိပြီး ဆန္ဒမဲပေးခွင့်ရှိသူ ပြည်သူများကလည်း မိမိတို့၏ဆန္ဒအလျောက် လွတ်လပ်စွာ ဆန္ဒမဲပေးလျက်ရှိသည်။

စစ်တွေမြို့နယ်၌ မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူ စုစုပေါင်း ၁၀၇၂၃၂ ဦးရှိပြီး အမှတ်(၁) မဲဆန္ဒနယ်တွင် မဲရုံ ၅၃ ရုံ၊ အမှတ်(၂) မဲဆန္ဒနယ်တွင်မဲရုံ ၅၅ ရုံ စုစုပေါင်း ၁၀၈ ရုံရှိရာ သက်ဆိုင်ရာမဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများအေးချမ်းစွာ မဲပေးလျက်ရှိကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

❖



# မာန်အောင်၌ မဲဆန္ဒရှင်များ ဆန္ဒမဲပေးလျက်ရှိ

**မာန်အောင် နိုဝင်ဘာ ၈**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်အတွင်းရှိ ရပ်ကွက် ငါးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၆ အုပ်စုရှိ မဲရုံ ၈၁ ရုံ၌ ပြည်သူများ ဆန္ဒမဲပေးနိုင်ရန် ယနေ့နံနက် ၆ နာရီက စတင်ဖွင့်လှစ်သည်။

အဆိုပါ မဲရုံ ၈၁ ရုံ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူ ၅၅၆၃၅ ဦးရှိပြီး အသက် ၆၀ နှစ်နှင့်အထက် ကြိုတင်ဆန္ဒမဲပေးနိုင်သည့် ဘိုးဘွား ၁၂၆၁၆ ဦးရှိကြောင်း၊ နိုဝင်ဘာ ၇ ရက်အထိ ကြိုတင်ဆန္ဒမဲပေးပြီး မဲဆန္ဒရှင် ကျား ၄၆၉၄ ဦး၊ မ ၇၃၀၉ ဦး ပေါင်း ၁၂၀၀၃ ဦးရှိပြီး ယနေ့ ဆန္ဒမဲပေးရန်အတွက် မဲဆန္ဒရှင် ကျား ၂၂၁၈၁ ဦး၊ မ ၂၂၄၅၁ ဦး ပေါင်း ၄၃၆၃၂ ဦး ကျန်ရှိရာ ငြိမ်းချမ်းစွာဆန္ဒမဲပေးကြကြောင်း သိရသည်။

သိန်းထွန်းအောင်(ပြန်/ဆက်)

# ကျောက်ဖြူမြို့၌ ပြည်သူများ စိတ်အေးချမ်းသာစွာ ဆန္ဒမဲပေး

**ကျောက်ဖြူ နိုဝင်ဘာ ၈**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို မြန်မာတစ်နိုင်ငံလုံး၌ ဆန္ဒမဲများပေးလျက်ရှိရာ ကျောက်ဖြူမြို့ပေါ် ရပ်ကွက် ငါးရပ်ကွက်၊ စနဲမြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်နှင့် ကျေးရွာအုပ်စု သုံးအုပ်စုတွင် ယနေ့နံနက် ၆ နာရီမှစတင်၍ တစ်ပြိုင်တည်း ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဆန္ဒမဲများပေးကြသည်။

**ဆောင်ရွက်ပေးခဲ့**

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ရှေးဦးစွာ မဲရုံမှူးမှမဲရုံဖွင့်လှစ်ကြောင်း ကြေညာပြီး မဲပုံးများအလွတ်ဖြစ်ကြောင်း မဲဆန္ဒရှင်များရှေ့တွင်ပြသကာ မဲပုံးကို လုံခြုံရေးကြိုးများ ချည်နှောင်ခဲ့သည်။ ယင်းနောက် မဲဆန္ဒရှင်များအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိကာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမဖြစ်ပေါ်စေရန် Social Distancing နှင့်အညီ တစ်ဦးနှင့်တစ်ဦး သတ်မှတ်နေရာများတွင် နေထိုင်စေခြင်း၊



ပါးစပ်နှာခေါင်းစည်းများနှင့် မျက်နှာအကာများ အခမဲ့ဖြန့်ဝေပေးခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ကိုစနစ်တကျ ဆေးကြောစေခြင်း တို့ကို တာဝန်ရှိသူများက ဆောင်ရွက်ပေးခဲ့သည်။

ကျောက်ဖြူမြို့၌ မြို့ပေါ်ရပ်ကွက် (၁၅)ရပ်ကွက်၊ စနဲမြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်နှင့် ဂုံချိန်အုပ်စု၊ စစ်တောအုပ်စု၊ အဝတောင်အုပ်စုတို့၌ မဲရုံစုစုပေါင်း ၃၉ ရုံ၌ မဲဆန္ဒရှင် ၃၃၀၀၀ တို့က သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာတို့၏ မဲရုံများ၌ မဲပေးကြသည်။

ခရိုင်(ပြန်/ဆက်)

# ရွှေကူမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ လာရောက်ဆန္ဒမဲပေး

**ရွှေကူ နိုဝင်ဘာ ၈**
ကချင်ပြည်နယ် ရွှေကူမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ယနေ့ နံနက် ၆ နာရီမှစ၍ မဲဆန္ဒရှင်ပြည်သူများက သက်ဆိုင်ရာမဲရုံများတွင် လာရောက် ဆန္ဒမဲများ ပေးခဲ့ကြသည်။

ရှေးဦးစွာ မဲရုံများတွင် သက်ဆိုင်ရာ မဲရုံ တာဝန်ရှိသူများက မဲရုံဖွင့်လှစ်ကြောင်း ကြေညာပြီး ဆန္ဒမဲပုံးများကို လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ စောင့်ကြည့်လေ့လာသူများနှင့် တာဝန်ရှိသူများ၏ ရှေ့မှောက်တွင် မဲပုံးအလွတ်ဖြစ်ကြောင်းပြသပြီး ဆန္ဒမဲပုံးများကို လုံခြုံရေးကြိုးများဖြင့် ချိပ်ပိတ်ခြင်းများ ဆောင်ရွက်ခဲ့သည်။ ယင်းနောက် မဲဆန္ဒရှင်ပြည်သူများက မိမိနှစ်သက်သော ပါတီကိုယ်စားလှယ်လောင်း၏ ဆန္ဒမဲများကို လျှို့ဝှက်စွာ ဆန္ဒပြုခြင်းများ ပြုလုပ်သည်။

**လမ်းညွှန်ချက်များနှင့်အညီ**

ရွှေကူမြို့နယ်တွင် မဲဆန္ဒရှင်ပြည်သူများ ကောင်းမွန်စွာ ဆန္ဒမဲပေးနိုင်ရန်အတွက် မဲရုံပေါင်း ၅၄ ရုံကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ပြင်ဆင်ထားရှိကာ မဲရုံ ဝန်ထမ်းပေါင်း ၁၀၂၀ အား တာဝန်ချဆောင်ရွက်လျက်ရှိကြောင်းနှင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၆၅၆၈၈ ဦးရှိပြီး ဆန္ဒမဲပေးနိုင်သော မသန်စွမ်းဦးရေ ၁၈၉ ဦး ရှိကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ရွှေကူမြို့နယ်မှ ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီအရေအတွက် ခုနစ်ပါတီရှိပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ခြောက်ဦး၊ ပြည်နယ်လွှတ်တော်-၁ ငါးဦး၊ ပြည်နယ်လွှတ်တော်-၂ ငါးဦး စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ် ၂၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)





# ကာမိုင်းမြို့၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆန္ဒမဲပေး

**ကာမိုင်း နိုဝင်ဘာ ၈**
ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကာမိုင်းမြို့၌ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆန္ဒမဲပေးခြင်းကို ယနေ့ နံနက် ၆ နာရီက စတင်ဆောင်ရွက်ခဲ့သည်။

ထိုသို့ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးရာတွင် ကာမိုင်းမြို့ပေါ် ရပ်ကွက်တွင် မဲရုံနှစ်ရုံ၊ ကျေးရွာအုပ်စုများတွင် မဲရုံခြောက်ရုံ စုစုပေါင်း မဲရုံရှစ်ရုံရှိ၍ ၂၀၁၅ ခုနှစ်ထက် မဲဆန္ဒရှင်ပြည်သူများ များပြားလာကြောင်း၊ လက်ရှိ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလ၌ ဆန္ဒမဲပေးလာသော မဲဆန္ဒရှင်ပြည်သူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ မဲရုံအဝင်ပေါက်တွင် ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ ရေမလို လက်သန့်ဆေးရည်ဖြင့် လက်ဆေးစေခြင်း၊ လူစုလူဝေးမဖြစ်စေရန် ခြောက်ပေအကွာ နေထိုင်စေခြင်းစသည်တို့ကို ဆောင်ရွက်လျက်ရှိသည်။

**ဆန္ဒမဲပေးခွင့်ရှိသူ ၁၁၈၉၆ ဦးရှိ**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ကာမိုင်းမြို့၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၁၈၉၆ ဦးရှိကြောင်း၊ လွှတ်တော်အသီးသီး၌ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်း ၄၇ ဦးရှိပြီး ပါတီ ခြောက်ခုနှင့် တစ်သီးပုဂ္ဂလတစ်ဦးရှိကြောင်း၊ မဲရုံအတွင်း တာဝန်ထမ်းဆောင်သည့် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့်အဖွဲ့ဝင်များ စုစုပေါင်း ၁၁၉ ဦး ရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။ **ဖွဲ့သူရအောင်(ပြန်/ဆက်)**

# မိုးမောက်မြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ

**မိုးမောက် နိုဝင်ဘာ ၈**
ကချင်ပြည်နယ် မိုးမောက်မြို့နယ် ဒွေ့ဖုန်းယန်မြို့နှင့် လွယ်ဂျယ်မြို့များတွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ယနေ့ နံနက် ၆ နာရီမှ စတင်ကျင်းပရာ မဲပေးနိုင်သူ ၅၀၀၁၃ ဦး၊ မသန်စွမ်းမဲပေးနိုင်သူအရေအတွက် ၉၁၇ ဦးခန့်ရှိကြောင်း သိရသည်။

**ဆောင်ရွက်လျက်ရှိ**

မိုးမောက်မြို့နယ်အတွင်း မဲရုံ ၄၅ ရုံတွင် တာဝန်ကျမဲရုံဝန်ထမ်း ၈၀၆ ဦးဖြင့် ဆောင်ရွက်လျက်ရှိပြီး မဲဆန္ဒနယ်ပြင်ပကြိုတင်မဲစာရင်းမှာ ပြည်တွင်း ၁၂၃၈ ဦး၊ ပြည်ပ ၁၆ ဦး ရှိကြောင်း သိရသည်။

**ယှဉ်ပြိုင်ရွေးချယ်**

ဝင်ရောက်ယှဉ်ပြိုင်မည့်ပါတီ ရှစ်ပါတီရှိပြီး ကိုယ်စားလှယ်လောင်း ၃၁ ဦးနှင့် တိုင်းရင်းသားကိုယ်စားလှယ်လောင်း ၂၉ ဦးတို့ ပါဝင်ယှဉ်ပြိုင်အရွေးချယ်ခံခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





# မိုးညှင်းမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆန္ဒမဲပေး

**မိုးညှင်း နိုဝင်ဘာ ၈**
ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် ယနေ့ နံနက် ၆ နာရီမှစ၍ ညနေ ၄ နာရီအထိ မြို့နယ် အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ၆၀ တွင် ဖွင့်လှစ်ထားသည့် မဲရုံပေါင်း ၁၀၆ ရုံတွင် မဲဆန္ဒရှင်ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆန္ဒမဲပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆန္ဒမဲပေးရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး နည်းလမ်းများနှင့် အညီမဲပေးနိုင်ရေးအတွက် ဆန္ဒမဲပေးရန် လာရောက်သူများအား ကိုယ်အပူချိန်တိုင်းခြင်း၊ နှာခေါင်းစည်းများ စနစ်တကျ လဲလှယ်တပ်ဆင်စေခြင်း၊ ခြောက်ပေခြား တန်းစီစေခြင်းများကို ဆောင်ရွက်စေခဲ့သည်။

မိုးညှင်းမြို့နယ်၌ နိုင်ငံရေးပါတီ ၁၂ ပါတီ နှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများအပါအဝင် လွှတ်တော်သုံးရပ်အတွက် ပါဝင်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတို့တွင် ၁၄ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မြို့နယ်တစ်မြို့နယ်လုံးရှိ မဲရုံ ၁၀၆ ရုံတွင် တာဝန်ထမ်းဆောင်ရန် မဲရုံအဖွဲ့ဝင်ပေါင်း ၁၆၄၄ ဦးကို တာဝန်ချထားသည့်အပြင် ယခုနှစ် ထူးခြားချက်အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် မဲရုံတစ်ရုံတွင် လူငါးဦးအား ထပ်ဆောင်းတာဝန်ထမ်းဆောင်စေကြောင်း ခရိုင်ရွေးကောက်ပွဲအရာရှိ ဦးမျိုးမင်းဦးထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မြဝတီမြို့နယ်ရှိ မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲများ လာရောက်ပေးလျက်ရှိ



**မြဝတီ နိုဝင်ဘာ ၈**
၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ယနေ့တွင် ကျင်းပရာ မြဝတီမြို့ရှိ မဲရုံများတွင် ပြည်သူများ ပျော်ရွှင်စွာဖြင့် ဆန္ဒမဲများ လာရောက်ပေးကြသည်။

**ညွှန်ကြားချက်နှင့်အညီ**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့် ကာလတွင် ကျင်းပရခြင်းကြောင့် မဲရုံတာဝန်ထမ်းဆောင်ကြသူများနှင့် ဆန္ဒမဲလာရောက်ပေးကြသည့် ပြည်သူများအနေဖြင့်လည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

"အခုဒီနှစ်ကတော့ ကျန်းမာရေးညွှန်ကြားချက်တွေနဲ့ ပေးရတာပေါ့။ မဲပေးရတာ ပျော်ပါတယ်၊ ကျွန်တော်တို့အနေနဲ့ တိုင်းပြည်အပေါ်၊ ပြည်သူလူထုအပေါ်၊ အဓိက အလေးထားပြီးတော့ ပြည်သူလူထုရဲ့အကျိုးကို ရှေ့ရှုပြီး အတွက် စီမံကိန်းဆွဲပြီးတော့ လုပ်ပေးနိုင်မယ့် အစိုးရ၊ ပြည်သူလူထုရဲ့အကျိုးစီးပွား၊ နိုင်ငံရဲ့ ဖွံ့ဖြိုးရာဖွံ့ဖြိုးကြောင်းကို တိုးတက်အောင်လုပ်ဆောင်နိုင်တဲ့ အစိုးရမျိုးကို လိုလားပါတယ်" ဟု မြဝတီမြို့ အမှတ်(၅)ရပ်ကွက်ရှိ မဲရုံ(၁)တွင် ဆန္ဒမဲလာရောက်ပေးသူ ဆရာမိုးက ပြောသည်။

**မဲရုံ ၈၃ ရုံ**

မြဝတီမြို့နယ်အနေဖြင့် မဲရုံ ၈၃ ရုံနှင့် မဲဆန္ဒရှင်စာရင်း တစ်သိန်းခုနစ်သောင်းကျော်ရှိပြီး မဲရုံများကို နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ခဲ့ကြသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

# ကမမောင်းမြို့၌ မဲဆန္ဒရှင်ပြည်သူများ စနစ်တကျ ဆန္ဒမဲပေးလျက်ရှိ

**ကမမောင်း နိုဝင်ဘာ ၈**
ကရင်ပြည်နယ် ဖာပွန်ခရိုင် ကမမောင်းမြို့၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုအရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူ ပြည်သူများအနေဖြင့် ယနေ့ နံနက် ၆ နာရီမှ စတင်ကာ ဆန္ဒမဲများလာရောက်ပေးလျက်ရှိကြောင်း သိရသည်။

မဲရုံအသီးသီးသို့ လာရောက်ဆန္ဒမဲပေးလျက်ရှိသည့် မဲဆန္ဒရှင်ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကြိုတင် ကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆန္ဒမဲပေးနိုင်ရန် မဲရုံတာဝန်ရှိသူများက အပူချိန်တိုင်းပေးခြင်း၊ ရေမလို လက်သန့်ဆေးရည်များဖြင့် လက်သန့်စင်စေခြင်း၊ N 95 နှာခေါင်းစည်းများ ဝေငှပေးခြင်း၊ စနစ်တကျ တန်းစီစောင့်ဆိုင်း၍ ဝင်စေခြင်း စသည်တို့ကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



**ကြီးကြပ်ဆောင်ရွက်**

မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုအခြေအနေကို ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က မိမိတို့တာဝန်ကျရာမဲရုံများတွင် အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖာပွန်ခရိုင် ကမမောင်းမြို့တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်နှင့် ကျေးရွာအုပ်စု သုံးအုပ်စု၊ မဲရုံပေါင်း ၁၁ ရုံတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၁၅၀၄၀ ရှိပြီး မွန်းတည့် ၁၂ နာရီအထိ ဆန္ဒမဲပေးပြီးသူ ၅၁၈၇ ဦးရှိကြောင်း သိရသည်။

လင်းသန့်(ပြန်/ဆက်)



# ကော့ကရိတ်မြို့၌ မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းသာစွာ ဆန္ဒမဲပေးလျက်ရှိ

**ကော့ကရိတ် နိုဝင်ဘာ ၈**
ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် ၂၀၂၀ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပလျက်ရှိရာ မဲရုံများသို့ မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းစွာ ဆန္ဒမဲပေးလျက်ရှိသည်။

မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းစွာ မဲပေးနိုင်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းကမ်းချက်များ၊ ခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့များနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ သတ်မှတ်စည်းကမ်းများနှင့်အညီ မဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ကော့ကရိတ်မြို့နယ်အနေဖြင့် မဲရုံစုစုပေါင်း ၁၂၃ ရုံရှိပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ကိုဗစ် ၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများနှင့်အညီ ဆန္ဒမဲပေးလျက်ရှိကြောင်း သိရသည်။

စိုးထက်အောင်(ပြန်/ဆက်)

# ဘားအံခရိုင် ရှမ်းရွာသစ်မြို့ရှိ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေး

**ရှမ်းရွာသစ် နိုဝင်ဘာ ၈**
ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ဆန္ဒမဲပေးခြင်းများကို ယနေ့နံနက် ၆ နာရီမှစ၍ ကျင်းပခဲ့ရာ ရပ်ကွက်နှင့်ကျေးရွာအသီးသီးရှိမဲရုံများ၌ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်မဲပေးလျက်ရှိကြောင်း သိရသည်။

မဲရုံအသီးသီး၌ မဲရုံစတင်မဖွင့်လှစ်မီ နံနက် ၅ နာရီတွင် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက သက်ဆိုင်ရာမဲရုံမှူးများထံသို့ ချိပ်ပိတ်ပြီးသော ကြိုတင်မဲပုံးများကို လွှဲပြောင်းပေးအပ်ခဲ့ပြီးနောက် မဲရုံမှူးနှင့်ဒုမဲရုံမှူးတို့က မဲဆန္ဒရှင်ပြည်သူများ ရှေ့မှောက်တွင် မဲပုံးပိတ်ခြင်း၊ မဲပုံးလုံခြုံရေးကြိုးတပ်ဆင်ခြင်းများ ဆောင်ရွက်ခဲ့ကြကာ နံနက် ၆ နာရီတွင် မဲရုံမှူးက မဲရုံစတင်ဖွင့်လှစ်ကြောင်း ကြေညာသည်။

ထို့နောက် ဆန္ဒမဲပေးရန် ကြိုတင်စောင့်ဆိုင်းနေကြသော မဲဆန္ဒရှင်ပြည်သူများက ကိုဗစ် -၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆန္ဒမဲပေးခဲ့ကြောင်း သိရသည်။

ဇင်လေး(ပြန်/ဆက်)





# လှိုင်းဘွဲ့မြို့နယ်ရှိ ရပ်ကွက်/ကျေးရွာများ၌ ပြည်သူများ အေးချမ်းစွာဖြင့် စနစ်တကျဆန္ဒမဲပေး

**လှိုင်းဘွဲ့ နိုဝင်ဘာ ၈**
၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပသည့် ယနေ့တွင် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများသည် မဲရုံစတင်ဖွင့်လှစ်သည့် နံနက် ၆ နာရီမှစတင်၍ စနစ်တကျ တန်းစီစောင့်ဆိုင်းကာ လာရောက်ဆန္ဒမဲပေးလျက်ရှိကြောင်း သိရသည်။

လှိုင်းဘွဲ့မြို့နယ်တွင် ရပ်ကွက်/ကျေးရွာများရှိ မဲဆန္ဒရှင်ပြည်သူများ၊ မဲရုံမှူး၊ ဒု-မဲရုံမှူး၊ မဲစာရင်းစစ်ဆေးသူ၊ မဲလက်မှတ်ထုတ်ပေးသူ၊ မဲရုံတွင်တာဝန်ထမ်းဆောင်သည့် အဖွဲ့ဝင်များအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မဖြစ်ပေါ်စေရေးအတွက် တိကျစွာလိုက်နာ၍ ဆန္ဒမဲပေးလျက်ရှိသည်။

လှိုင်းဘွဲ့မြို့နယ်အတွင်း၌ မဲဆန္ဒနယ်မြေ အမှတ်(၁)တွင် မဲရုံ ၈၂ ရုံ၊ မဲဆန္ဒနယ်မြေ အမှတ်(၂)တွင် မဲရုံ ၉၄ ရုံ စုစုပေါင်း မဲရုံ ၁၇၆ ရုံ ဖွင့်လှစ်ထားရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ဦးရေ ၂၃၉၆၂၀ ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဟားခါးမြို့၌ မဲဆန္ဒရှင်ပြည်သူများ ပျော်ရွှင်စွာ ဆန္ဒမဲပေး

**ဟားခါး နိုဝင်ဘာ ၈**

ဟားခါးမြို့တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ၌ မဲဆန္ဒရှင်ပြည်သူများ ယနေ့ နံနက် ၆ နာရီမှစ၍ ပျော်ရွှင်စွာ ဆန္ဒမဲပေးခဲ့ကြကြောင်း သိရသည်။

ဟားခါးမြို့နယ်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများ အနေဖြင့် ဆန္ဒမဲပေးရာတွင် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၏ ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ပျော်ရွှင်စွာ ဆန္ဒမဲပေးခဲ့ကြကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအတွက် ဟားခါးမြို့နယ်အတွင်း ဆန္ဒမဲပေးနိုင်သည့် မဲဆန္ဒရှင်ပြည်သူ စုစုပေါင်း ၃၉၂၀၄ ဦး၊ မဲရုံ ၉၅ ရုံ၊ လွှတ်တော်ကိုယ်စားလှယ်လောင်း စုစုပေါင်း ၁၇ ဦး၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း လေးဦး၊ ပါဝင်ယှဉ်ပြိုင်သည့် ပါတီသုံးပါတီ၊ မဲရုံလုံခြုံရေးအထူးရဲ ၉၅ ဦး၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် စုစုပေါင်း ၁၁၄၀ ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





## မယ်စဲ့မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးလျက်ရှိ

**မယ်စဲ့ နိုဝင်ဘာ ၈**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် ယနေ့ နံနက် ၆ နာရီ မဲရုံဖွင့်ချိန်မှစတင်ပြီး မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲများ လာရောက်ပေးကြသည်။

မယ်စဲ့မြို့နယ်အတွင်းရှိ မဲရုံအသီးသီးတွင် မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် လုံခြုံစိတ်ချစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာများက ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့်အညီ ဆောင်ရွက်ပေးခြင်း၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် ရပ်/ကျေးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များက ဆန္ဒမဲလက်မှတ်များ စနစ်တကျထုတ်ပေးပြီး မဲပေးသူပြည်သူများ စိတ်အနှောင့်အယှက်မဖြစ်စေရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

မယ်စဲ့မြို့နယ်တွင် မဲရုံ ကိုးရုံရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၅၂၇၅ ဦးရှိကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## ချောင်းဆုံမြို့နယ်၌ အေးချမ်းစွာ ဆန္ဒမဲများပေး



**ချောင်းဆုံ နိုဝင်ဘာ ၈**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ဆန္ဒမဲပေးခြင်းကို ယနေ့ နံနက် ၆ နာရီမှစတင်၍ ဒေသခံပြည်သူများ အေးချမ်းစွာ ဆန္ဒမဲလာရောက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်သူများ ဆန္ဒမဲပေးရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များက စောင့်ကြည့်ရေးကိုယ်စားလှယ်၊ မဲဆန္ဒရှင်ပြည်သူများ၏ ရှေ့မှောက်တွင် မဲပုံးအလွတ်ဖြစ်ကြောင်း ပြသခြင်း၊ မဲပုံးအား လုံခြုံရေးကြိုးပိတ်ခြင်းတို့ကို ဆောင်ရွက်ကာ မဲရုံဖွင့်လှစ်ခဲ့ပြီး မဲရုံအသီးသီးသို့ လာရောက် ဆန္ဒမဲပေးသူများကိုလည်း ကိုဗစ်-၁၉ ကာကွယ်နိုင်ရေးအတွက် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

ချောင်းဆုံမြို့နယ် ရပ်ကွက်၊ ကျေးရွာ ၄၆ အုပ်စုရှိ မဲဆန္ဒနယ်မြေ နှစ်ခုတို့တွင် မဲရုံ ၇၅ ရုံဖွင့်လှစ်ထားပြီး နိုင်ငံရေးပါတီ ငါးပါတီနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ် တစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကာ မြို့နယ်အတွင်း မဲပေးခွင့်ရှိသူ ဦးရေ ၁၃၂၅၅၂ ဦးရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

**ကေအေ(ပြန်/ဆက်)**



## ကန်ပက်လက်မြို့၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးလျက်ရှိ

**ကန်ပက်လက် နိုဝင်ဘာ ၈**

ချင်းပြည်နယ် မင်းတပ်ခရိုင် ကန်ပက်လက်မြို့ မြို့မ(၁)နှင့် မြို့မ(၂) ရပ်ကွက်ရှိ မဲရုံ ၆ ရုံ၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ယနေ့ ညနေ ၄ နာရီတွင် ပိတ်သိမ်းသည်။

အဆိုပါရွေးကောက်ပွဲ၌ ပါတီ ၅ ပါတီနှင့် တစ်သီးပုဂ္ဂလပါတီ တစ်ပါတီ ပါဝင်ကြရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ကိုယ်စားလှယ်လောင်း လေးဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ကိုယ်စားလှယ်လောင်း လေးဦး၊ ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီမှ ကိုယ်စားလှယ်လောင်း လေးဦး၊ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ကိုယ်စားလှယ်လောင်း လေးဦး၊ ပြည်သူ့ပါတီမှ ကိုယ်စားလှယ်လောင်း သုံးဦး၊ တစ်သီးပုဂ္ဂလပါတီမှ ကိုယ်စားလှယ်လောင်း တစ်ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ကန်ပက်လက်မြို့နယ်တွင် ဆန္ဒမဲပေးနိုင်သည့် မဲရုံစုစုပေါင်း ၈၀ ရှိပြီး မဲဆန္ဒရှင်ပေါင်း ၁၄၇၁၂ ဦးရှိကာ ဆန္ဒမဲပေးသူ ၁၀၅၉၃ ဦးရှိသဖြင့် တစ်မြို့နယ်လုံး ၇၂ ရာခိုင်နှုန်းရှိကြောင်း မြို့နယ်အထွေထွေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၏ စာရင်းအရ သိရပြီး ယနေ့ ညနေ ၄ နာရီ မဲရုံပိတ်သိမ်းချိန်အထိ မဲဆန္ဒရှင်ပြည်သူများက ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆန္ဒမဲပေးကြကာ မဲရုံပေါင်း ၈၀ ကို ပိတ်သိမ်းနိုင်ကြောင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

**သန်းမောင်(ပြန်/ဆက်)**

## ဖရူဆိုမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးလျက်ရှိ



**ဖရူဆို နိုဝင်ဘာ ၈**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဖရူဆိုမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာမဲရုံများ၌ ယနေ့နံနက် ၆ နာရီမှစ၍ မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲပေးလျက်ရှိသည်။

ထိုသို့ ဆန္ဒမဲပေးခွင့်ရှိသူ ပြည်သူများ လာရောက်မဲပေးရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ လက်သန့်ဆေးရည်ဖျန်းခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေခွာ၍ ဝင်ရောက်စေခြင်း၊ မဲလက်မှတ်စစ်ဆေးခြင်း၊ မဲလက်မှတ်ထုတ်ပေးခြင်း၊ မဲထည့်ခြင်း၊ မဲထည့်ပြီးကြောင်း အမှတ်အသားအဖြစ် လက်သန်းတွင် မင်တို့ခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိပြီး မဲပေးပိုင်ခွင့်ရှိသူ ပြည်သူများကလည်း မိမိတို့၏ ဆန္ဒအလျောက် လွတ်လပ်စွာ ဆန္ဒမဲပေးကြသည်။

ဖရူဆိုမြို့နယ်တွင် မဲရုံပေါင်း ၃၇ ရုံရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူပေါင်း ၁၉၀၀၀ ကျော်ရှိရာ မဲပေးပိုင်ခွင့်ရှိသူ ပြည်သူများ အဆင်ပြေချောမွေ့စွာနှင့် စိတ်ချမ်းမြေ့စွာ မဲပေးနိုင်ရေးအတွက် တာဝန်ရှိသူများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တောရယ်(ပြန်/ဆက်)**

## ဒီးမော့ဆိုမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲပေးလျက်ရှိ

**ဒီးမော့ဆို နိုဝင်ဘာ ၈**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာမဲရုံများတွင် ယနေ့ နံနက် ၆ နာရီမှစ၍ မဲဆန္ဒရှင်ပြည်သူများ သက်ဆိုင်ရာမဲရုံအလိုက် လွတ်လပ်စွာ ဆန္ဒမဲပေးကြသည်။

ဒီးမော့ဆိုမြို့နယ်အတွင်းရှိရပ်ကွက်နှင့် ကျေးရွာအသီးသီးရှိ မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနိုင်ရန်အတွက် မဲရုံမှူး၊ ဒု-မဲရုံမှူးနှင့် မဲရုံဝန်ထမ်းများသည် ဆန္ဒမဲထည့်မည့် မဲပုံးများအတွင်း မည့်သည့်အရာမျှ မရှိကြောင်း အသိသက်သေများ၏ ရှေ့မှောက်တွင် ပြသ၍ လုံခြုံရေးကြိုးများဖြင့် စနစ်တကျပိတ်ပြီး ဆန္ဒမဲပေးခွင့်ရှိသူပြည်သူများ စတင်မဲပေးနိုင်ပြီဖြစ်ကြောင်း အသံချဲ့စက်ဖြင့် အသိပေးကြေညာသည်။

ထို့နောက် ဆန္ဒမဲပေးသူပြည်သူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ဒီးမော့ဆိုမြို့နယ်တွင် မဲရုံပေါင်း ၆၄ ရုံရှိပြီး ဆန္ဒမဲပေးခွင့်ရှိသူ ငါးသောင်းကျော်ရှိကာ ဆန္ဒမဲပေးခွင့်ရှိသူ ပြည်သူများ အဆင်ပြေချောမွေ့စွာနှင့် စိတ်ချမ်းမြေ့စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် တာဝန်ရှိသူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ရီရယ်(ပြန်/ဆက်)**



# အောင်ပန်းမြို့နှင့် တောင်ကြီးမြို့တို့၌ ငွေကျပ် ၁၀ ဘီလီယံ တန်ဖိုးရှိ အိုက်စ်များ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၈**

အောင်ပန်းမြို့နှင့် တောင်ကြီးမြို့တို့၌ နိုဝင်ဘာ ၃ ရက်က ငွေကျပ် ၁၀ ဘီလီယံတန်ဖိုးရှိ အိုက်စ်များ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းထုတ်ပြန်ချက်၌ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များသည် သတင်းအရ နိုဝင်ဘာ ၃ ရက် ညနေ ၅ နာရီခွဲတွင် အောင်ပန်းမြို့ ဇောတိကျေးရွာ၌ဟန်ထွန်းမောင်းနှင်လာသည့် သုံးဘီးဆိုင်ကယ်ပေါ်ရှိ ပီနံအိတ် ၁၅ အိတ်အား စစ်ဆေးရှာဖွေရာ အိုက်စ် ကီလို ၃၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ နိုဝင်ဘာ ၄ ရက်ညတွင် တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်နေ စိုင်းခန့်ကျော်နှင့် မမိငယ်(ခ)မေသဇင်လတ်တို့၏ နေအိမ်အားဆက်လက်ရှာဖွေရာ စိုင်းခန့်ကျော် အားမတွေ့ရှိဘဲ ၎င်း၏ဇနီးဖြစ်သူ မမိငယ်(ခ)မေသဇင်လတ်အား တွေ့ရှိပြီး နေအိမ်ခြံဝင်းအတွင်းရှိ ပီနံအိတ်များအတွင်းမှ အိုက်စ် ကီလို ၂၀၀ သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ်များအား အောင်ပန်းမှ ရန်ကုန်သို့ လူမဲ့တန်ဆာဖြင့်ပို့ဆောင်၍ ရန်ကုန်မှ ရခိုင်ပြည်နယ်သို့ ကုန်တင်ယာဉ်လိုင်းတွင် အခြားကုန်ပစ္စည်းများနှင့် ရောနှောသိုဝှက် ဆက်လက်သယ်ဆောင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် ဟန်ထွန်း၊ မမိငယ်(ခ)မေသဇင်လတ်တို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်တရားခံများ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ဟန်ထွန်း၊ မမိငယ်(ခ)မေသဇင်လတ်တို့အား သိမ်းဆည်းရမိသည့် အိုက်စ်များနှင့်အတူ တွေ့ရစဉ်။

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး ယမန်နေ့တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၁၁ စီး၊ သွင်းကုန် ၃၇၃ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၄၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၆၂၅ သန်း)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၂၄၀ သန်း) စုစုပေါင်းတားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၈၆၅ သန်း) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှု အနေဖြင့် ယမန်နေ့တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တာဝန်ကျအကောက်ခွန်စစ်ဆေးရေးအဖွဲ့သည် မူဆယ်မှ လားရှိုးသို့ ထွက်ခွာလာသော ခရီးသည်တင်ယာဉ်ငယ်များအား စစ်ဆေးရာ တရားဝင်စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Power Bank for Mobile Phone (10000 Mah) (C/O China) (250 U)၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၆၂၅ သန်း)အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# စိုက်ခင်းများ၌ ရောဂါပိုးကျရောက်မှုအန္တရာယ်ကာကွယ်ရေး ပညာပေးလုပ်ငန်းများဆောင်ရွက်

**မြင်းမူ နိုဝင်ဘာ ၈**

စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် ကျေးရွာနေရာအသီးသီးတွင် မိသားစုတစ်ပိုင်တစ်နိုင်စိုက်ပျိုးထားသည့် စားဖိုဆောင်သီးနှံစိုက်ခင်းများနှင့် ယခုရာသီတွင်တောင်သူအများအပြားစိုက်ပျိုးရန်ပြင်ဆင်လျက်ရှိသည့် ကြက်သွန်နီစိုက်ခင်းများအတွင်း ပိုးမွှားကျရောက်မှုမရှိစေရေး အသိပညာပေးလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

စားဖိုဆောင်သီးနှံစိုက်ခင်းများတွင် ဓာတုပစ္စည်းများပါဝင်သည့် ပိုးသတ်ဆေးများမသုံးစွဲရေးနှင့် ပိုးသတ်ဆေးသုံးစွဲမှု အန္တရာယ်များ၊ ကြက်သွန်နီစိုက်ခင်းများအတွင်း မှိုရောဂါကျရောက်မှုဖြစ်ပွားပါက ကာကွယ်ရန်အတွက် သဘာဝမှို သတ်ဆေးရည် ပြုလုပ်သုံးစွဲရန်အတွက် ယခုကဲ့သို့ ကွင်းဆင်းကာ နည်းပညာပေးလုပ်ငန်းများဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ဦးစီးမှူး ဒေါ်သဲသဲအောင်ထံမှ သိရသည်။

ထို့ပြင် မြေဆီလွှာပျက်စီးမှုအန္တရာယ်မှ ကာကွယ်နိုင်ကာ မြေအစိုဓာတ်ကို အချိန်ကြာရှည်စွာထိန်းသိမ်းထားနိုင်ခြင်း၊ ဘေးထွက်ဆိုးကျိုးမရှိသည့်အပြင် ကုန်ကျစရိတ်သက်သာသည့် သဘာဝမြေဩဇာ၊ စူပါဘိုကာရှီ၊ သစ်ရွက်ဆွေးမြေဩဇာနှင့် သဘာဝပိုးသတ်ဆေးရည်များကို ဒေသခံစိုက်ပျိုးရေးလုပ်ကိုင်သူများ တွင်ကျယ်စွာအသုံးပြုနိုင်ရေး နည်းပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**

## ရွာတွင်းလမ်း ကွန်ကရစ်ခင်း

**လှိုင်းဘွဲ့ နိုဝင်ဘာ ၈**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် သာယာကုန်းကျေးရွာအုပ်စု လက်ပံကုန်းကျေးရွာတွင် အိမ်ထောင်စု ၂၂၂ စု၊ လူဦးရေ ၁၆၁၉ ဦးကို အကျိုးပြုနိုင်မည့် ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၆ ရက်က စတင်ဆောင်ရွက်ခဲ့သည်။

အဆိုပါရွာတွင်းလမ်းမှာ အရှည် ပေ ၁၀၈၀၊ အကျယ် ၁၆ ပေ၊ ဒု ခြောက်လက်မရှိပြီး လက်ထောက်နည်းပညာမှူး ဒေါ်ဝင်းဇာနည်ခိုင်၊ လူထုစည်းရုံးရေးမှူး စောသန်းကျော်လင်းတို့၏ အနီးကပ်ကြီးကြပ်မှုနှင့် ကျေးရွာသူ ကျေးရွာသားများ၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# နိုဝင်ဘာ ၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၀၂၉ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၈-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၇-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၈-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၄၃၆၁)ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်(၁၀၂၉)ဦး တွေ့ရှိ**ရပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၈-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၆၈၅) ခု | (၃၄၀) ဦး |
| ဆေးသုတေသနဦးစီးဌာန (DMR) | (၃၇၁) ခု | (၄၈) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၂၇၆) ခု | (၈၆) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၈၄) ခု | (၂၈) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၁) ခု | (၁) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၈) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၁၁) ခု | (၁၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၂၃) ခု | (၁၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၀,၉၃၃) ခု | (၃၈၉) ဦး |
| စုစုပေါင်း | (၁၄,၃၆၁) ခု | (၁,၀၂၉) ဦး |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၄,၃၆၁) ဦး | (၇၉၄,၉၃၃) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၀၂၉) ဦး | (၆၁,၃၇၇) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၀၉၀) ဦး | (၄၅,၇၅၆) ဦး |
| သေဆုံးသူလူနာ | (၂၄) ဦး | (၁,၄၂၀) ဦး |

- ယနေ့ သေဆုံးသူ (၂၄) ဦးအနက် ရောဂါအခံရှိသူ (၁၉) ဦးပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါ ကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၀၉၀) ဦးတွင်-
  - ပြည်သူ့ဆေးရုံများ - (၃၆၈) ဦး
  - COVID-19 ရောဂါ ကုသရေးဌာနများ (ရန်ကုန်မြို့) - (၇၂၂) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲအတည်ပြု လူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၇၄၈)ဦးတွင်-
  - Hotel Quarantine - (၃၅၈) ဦး
  - Facility Quarantine - (၄၂၂) ဦး
  - Community Based Facility Quarantine - (၉၃၃) ဦး
  - Anosmia Center - (၃၅) ဦး

ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာဆက်လက် ကန့်သတ်ထားရှိပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၀၁၈၆၀၈၁ | ၆၄၄၂၂၇၆ | ၂၄၃၂၉၀ |
| ၂။ | အိန္ဒိယ | ၈၅၀၇၇၅၄ | ၇၈၆၈၉၆၈ | ၁၂၆၁၆၂ |
| ၃။ | ဘရာဇီး | ၅၆၅၃၅၆၁ | ၅၀၆၄၃၄၄ | ၁၆၂၂၈၆ |
| ၄။ | ရုရှား | ၁၇၇၄၃၃၄ | ၁၃၂၄၄၁၉ | ၃၀၅၃၇ |
| ၅။ | ပြင်သစ် | ၁၇၄၈၇၀၅ | ၁၂၇၉၃၈ | ၄၀၁၆၉ |
| ၆။ | စပိန် | ၁၃၈၈၄၁၁ | စိစစ်ဆဲ | ၃၈၈၃၃ |
| ၇။ | အာဂျင်တီးနား | ၁၂၃၆၈၅၁ | ၁၀၅၃၃၁၃ | ၃၃၃၄၈ |
| ၈။ | ဗြိတိန် | ၁၁၇၁၄၄၁ | စိစစ်ဆဲ | ၄၈၈၈၈ |
| ၉။ | ကိုလံဘီယာ | ၁၁၃၆၄၄၇ | ၁၀၂၉၀၈၂ | ၃၂၅၉၅ |
| ၁၀။ | မက္ကဆီကို | ၉၆၁၉၃၈ | ၇၁၀၉၄၀ | ၉၄၈၀၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၃၇၇၁၆ | ၃၆၈၂၉၈ | ၁၄၆၁၄ |
| ၂။ | ဖိလစ်ပိုင် | ၃၉၆၃၉၅ | ၃၆၁၆၃၈ | ၇၅၃၉ |
| ၃။ | မြန်မာ | ၆၁၃၇၇ | ၄၅၇၅၆ | ၁၄၂၀ |
| ၄။ | စင်ကာပူ | ၅၈၀၅၆ | ၅၇၉၆၈ | ၂၈ |
| ၅။ | မလေးရှား | ၄၀၂၀၉ | ၂၈၂၃၄ | ၂၈၆ |
| ၆။ | ထိုင်း | ၃၈၃၇ | ၃၆၅၄ | ၆၀ |
| ၇။ | ဗီယက်နမ် | ၁၂၁၃ | ၁၀၇၀ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၂၉၅ | ၂၈၈ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၈ | ၁၄၄ | ၃ |
| ၁၀။ | လာအို | ၂၄ | ၂၃ | ၀ |

## ရန်ကုန်မှပြန်လာသည့်ယာဉ်မောင်းများအား လူနာတင်ယာဉ်ဖြင့် ဆန္ဒမဲလက်ခံပေး

**ကျောင်းကုန်း နိုဝင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ရန်ကုန်တိုင်းဒေသကြီးမှပြန်လာသူ ယာဉ်မောင်း ၁၁ ဦးအား သက်ဆိုင်ရာ မဲရုံများသို့ ပြည်သူ့ဆေးရုံလူနာတင်ယာဉ်ဖြင့် ယနေ့ နံနက် ၁၁ နာရီခန့်က ဆန္ဒမဲလက်မှတ်ကောက်ယူပေးခဲ့ကြောင်း သိရသည်။

ကျောင်းကုန်းမြို့ အမှတ်(၁)ရပ်ကွက်ရှိ အထက(၁) မဲရုံအမှတ်(၂)၌ နှစ်ဦး၊ အမှတ်(၂) ရပ်ကွက် ထ(ခွဲ)အောက်ပိုင်း မဲရုံအမှတ်(၁)၌ နှစ်ဦး၊ မိုးလုံလေလုံခန်းမ မဲရုံအမှတ်(၂)၌ နှစ်ဦးနှင့် အမက မြို့သစ် မဲရုံအမှတ်(၃)၌ ငါးဦး စုစုပေါင်း ၁၁ ဦးအား မဲပေးခွင့် မဆုံးရှုံးစေရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)



## ကိုဗစ် -၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျလက်ဆေးစို့



## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၈-၁၁-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ**

၁။ (၇-၁၁-၂၀၂၀) ရက်နေ့အတွက် **ဓာတ်ခွဲအတည်ပြုလူနာ (၁၀၇၁) ဦး**၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | မြောက်ဥက္ကလာပ | ၁၁၃ |
| | | မင်္ဂလာဒုံ | ၆၂ |
| | | လှိုင်သာယာ | ၄၅ |
| | | လှိုင် | ၄၄ |
| | | မရမ်းကုန်း | ၄၃ |
| | | ရွှေပြည်သာ | ၄၂ |
| | | တောင်ဥက္ကလာပ | ၄၀ |
| | | သင်္ဃန်းကျွန်း | ၃၆ |
| | | မင်္ဂလာတောင်ညွန့် | ၃၆ |
| | | တာမွေ | ၂၉ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၂၇ |
| | | သန်လျင် | ၂၇ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂၇ |
| | | စမ်းချောင်း | ၂၂ |
| | | သာကေတ | ၁၉ |
| | | ဒဂုံ | ၁၈ |
| | | အင်းစိန် | ၁၆ |
| | | ဗိုလ်တထောင် | ၁၆ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၂ |
| | | မှော်ဘီ | ၁၂ |
| | | ပုဇွန်တောင် | ၁၂ |
| | | ကျောက်တန်း | ၁၁ |
| | | ဒလ | ၁၁ |
| | | လှည်းကူး | ၁၀ |
| | | လသာ | ၁၀ |
| | | ကမာရွတ် | ၁၀ |
| | | ကော့မှူး | ၇ |
| | | ခရမ်း | ၆ |
| | | ဗဟန်း | ၅ |
| | | ထန်းတပင် | ၅ |
| | | ပန်းဘဲတန်း | ၅ |
| | | ဆိပ်ကြီးခနောင်တို | ၅ |
| | | ကြည့်မြင်တိုင် | ၄ |
| | | ရန်ကင်း | ၄ |
| | | ကျောက်တံတား | ၄ |
| | | လမ်းမတော် | ၃ |
| | | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၃ |
| | | အလုံ | ၃ |
| | | ကွမ်းခြံကုန်း | ၃ |
| | | ဒေါပုံ | ၂ |
| | | တွံတေး | ၂ |
| | | တိုက်ကြီး | ၁ |
| | | စုစုပေါင်း | ၈၁၂ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | အမရပူရ | ၁၉ |
| | | ပြည်ကြီးတံခွန် | ၁၈ |
| | | ချမ်းအေးသာဇံ | ၁၅ |
| | | ချမ်းမြသာစည် | ၁၀ |
| | | မဟာအောင်မြေ | ၁၀ |
| | | မိတ္ထီလာ | ၇ |
| | | ပုသိမ်ကြီး | ၇ |
| | | ကျောက်ပန်းတောင်း | ၃ |
| | | ပျော်ဘွယ် | ၂ |
| | | ရမည်းသင်း | ၂ |
| | | အောင်မြေသာဇံ | ၁ |
| | | ညောင်ဦး | ၁ |
| | | မတ္တရာ | ၁ |
| | | တံတားဦး | ၁ |
| | | သာစည် | ၁ |
| | | ဝမ်းတွင်း | ၁ |
| | | စုစုပေါင်း | ၉၉ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၁၅ |
| | | အုတ်ဖို | ၅ |
| | | လက်ပံတန်း | ၄ |
| | | ညောင်လေးပင် | ၃ |
| | | ပြည် | ၃ |
| | | ထန်းတပင် | ၃ |
| | | ဝေါ | ၃ |
| | | တောင်ငူ | ၂ |
| | | ပေါင်းတည် | ၂ |
| | | ဖြူး | ၁ |
| | | စုစုပေါင်း | ၄၁ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | ၈ |
| | | ကျုံပျော် | ၆ |
| | | ညောင်တုန်း | ၅ |
| | | လေးမျက်နှာ | ၃ |
| | | ဟင်္သာတ | ၃ |
| | | မော်လမြိုင်ကျွန်း | ၂ |
| | | ရေကြည် | ၂ |
| | | ဘိုကလေး | ၁ |
| | | အိမ်မဲ | ၁ |
| | | ကျိုက်လတ် | ၁ |
| | | ဓနုဖြူ | ၁ |
| | | မြန်အောင် | ၁ |
| | | သာပေါင်း | ၁ |
| | | ဝါးခယ်မ | ၁ |
| | | ဖျာပုံ | ၁ |
| | | စုစုပေါင်း | ၃၇ |
| ၅။ | မကွေးတိုင်းဒေသကြီး | ချောက် | ၆ |
| | | ပခုက္ကူ | ၅ |
| | | မကွေး | ၅ |
| | | မြို့သစ် | ၄ |
| | | ပေါက် | ၃ |
| | | ရေနံချောင်း | ၂ |
| | | သရက် | ၁ |
| | | နတ်မောက် | ၁ |
| | | ငဖဲ | ၁ |
| | | စုစုပေါင်း | ၂၈ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေး | ၁၅ |
| | | တမူး | ၂ |
| | | ကသာ | ၁ |
| | | စုစုပေါင်း | ၁၈ |
| ၇။ | ရခိုင်ပြည်နယ် | မောင်တော | ၆ |
| | | မြောက်ဦး | ၄ |
| | | မြေပုံ | ၂ |
| | | ကျောက်တော် | ၂ |
| | | အမ်း | ၁ |
| | | ဂွ | ၁ |
| | | စုစုပေါင်း | ၁၆ |
| ၈။ | မွန်ပြည်နယ် | ကျိုက်ထို | ၈ |
| | | ဘီးလင်း | ၁ |
| | | ချောင်းဆုံ | ၁ |
| | | စုစုပေါင်း | ၁၀ |
| ၉။ | ကရင်ပြည်နယ် | လှိုင်းဘွဲ့ | ၃ |
| | | ဘားအံ | ၂ |
| | | စုစုပေါင်း | ၅ |
| ၁၀။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | ၁ |
| | | ကော့သောင်း | ၁ |
| | | စုစုပေါင်း | ၂ |
| ၁၁။ | ရှမ်းပြည်နယ် | ကျောက်မဲ | ၁ |
| | | ဟိုပန် * | ၁ |
| | | စုစုပေါင်း | ၂ |
| ၁၂။ | နေပြည်တော် | ဥတ္တရသီရိ * | ၁ |
| | | စုစုပေါင်း | ၁ |
| | | (၇-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၀၇၁) ဦး |

* ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် အသွားအလာ ကန့်သတ်ထားခြင်း ဖြစ်ပါသည်။

မှတ်ချက်။ (၇-၁၁-၂၀၂၀)ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၀၇၁) ဦးတွင် အနံ့မရရှိသူ (၂၅၅) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ကိုရီးယားသမ္မတနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများနှင့် မြန်မာအလုပ်သမားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် နိုဝင်ဘာ ၈**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ကိုရီးယားသမ္မတနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသား ၉၃ ဦးနှင့် မြန်မာအလုပ်သမား ၅၅ ဦး စုစုပေါင်း မြန်မာနိုင်ငံသား ၁၄၈ ဦးကို ဆိုးလ်မြို့ရှိ မြန်မာသံရုံးနှင့် JSM International ကုမ္ပဏီတို့ ပူးပေါင်းစီစဉ်သည့် မြန်မာအမျိုးသားလေကြောင်း(MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ည ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

**တာဝန်ယူဆောင်ရွက်**

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ/သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# အမေရိကန် ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင်နှင့် အနီးကပ်လက်တွဲဆောင်ရွက်မည်ဟု ဖိလစ်ပိုင်သမ္မတ ပြောကြား

**မနီလာ နိုဝင်ဘာ ၈**

အမေရိကန် ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင်နှင့် အနီးကပ်လက်တွဲဆောင်ရွက်ရန် မျှော်လင့်ပါကြောင်း ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးက ယနေ့ပြောကြားလိုက်သည်။

"အပြန်အလှန်လေးစားမှု၊ အကျိုးဖြစ်ထွန်းမှု၊ ဒီမိုကရေစီ၊ လွတ်လပ်မှုနှင့် တရားဥပဒေစိုးမိုးရေး ကတိကဝတ်များနဲ့အညီ ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင်ဦးဆောင်တဲ့ အမေရိကန်အစိုးရသစ်နဲ့ အနီးကပ်လက်တွဲဆောင်ရွက်ဖို့ မျှော်လင့်ပါတယ်"ဟု သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဟာရီရိုကွေးက သဝဏ်လွှာတစ်ခုအတွင်း ပြောကြားသည်။

ဖိလစ်ပိုင်နှင့် အမေရိကန်နိုင်ငံတို့သည် ရှည်လျားသော နှစ်နိုင်ငံ ဆက်ဆံရေးရှိခဲ့ပြီး ဂျိုးဘိုင်ဒင်ဦးဆောင်သော အစိုးရလက်ထက်တွင် ဆက်ဆံရေး ပိုမိုတိုးမြှင့်ရန် မိမိတို့ သန္နိဋ္ဌာန်ချထားကြောင်း ရိုကွေးက ပြောသည်။

သူ၏ မူးယစ်ဆေးနှိမ်နင်းရေးနှင့် ပြည်သူ့လွတ်လပ်မှုများ ဖြိုခွင်းမှုအပေါ် ဝေဖန်ခဲ့သည့် ဒီမိုကရက်များကြောင့် သမ္မတ ဒူတာတေးက ပုဂ္ဂိုလ်ရေးအရ ဒေါ်နယ်ထရမ့်ကို ဒုတိယသက်တမ်း အနိုင်ရရှိစေချင်သည်။

ဂျိုးဘိုင်ဒင်က ဒူတာတေးကဲ့သို့သော လူထုအကျိုးမျှော်မှန်းရေးဝါဒီများနှင့် ထိတွေ့ဆက်ဆံရာတွင် ပို၍လက်တွေ့ဆန်ပြီး သတိထားမည်ဟု မျှော်မှန်းရကြောင်း နိုင်ငံရေးလေ့လာသူနှင့် စာရေးဆရာ ရစ်ချတ်ဟေဒါရီဘန်က ပြောသည်။

ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေး၏ သမ္မတသက်တမ်းမှာ ၂၀၂၂ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သည်။

**ကိုးကား – သည်စထရိတ်တိုင်းမ်၊ ဘာသာပြန် – ကျော်ထိုက်စိုး**





# အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီဥက္ကဋ္ဌ ဂျပန်သို့ သွားရောက်မည်

**တိုကျို နိုဝင်ဘာ ၈**

အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီဥက္ကဋ္ဌ သောမက်ဘတ်ချ်သည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခဲ့မှုကြောင့် ၂၀၂၀ တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲကို ရွှေ့ဆိုင်းခဲ့ရပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ဂျပန်နိုင်ငံသို့သွားရောက်ရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

သောမက်ဘတ်ချ်သည် အိုလံပစ်ပြိုင်ပွဲအား တစ်နှစ်ကြာရွှေ့ဆိုင်းရန် မတ်လအတွင်းက ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး(ဝန်ကြီးချုပ်ဟောင်း)နှင့် သဘောတူညီခဲ့ပြီး နောက်ပိုင်းတွင် ၂၀၂၁ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် တိုကျိုအိုလံပစ်ပြိုင်ပွဲကို ကျင်းပရန် သဘောတူညီခဲ့ခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီအနေဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို တားဆီးကာကွယ်ရန်နှင့် ကုန်ကျစရိတ်များ လျှော့ချရန်အတွက် ဂျပန်အစိုးရ၊ ပြိုင်ပွဲကျင်းပရေးကော်မတီ၊ တိုကျိုမြို့တော်အစိုးရတို့နှင့် ညှိနှိုင်းဆွေးနွေးမှုများလည်း လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီဥက္ကဋ္ဌသည် နိုဝင်ဘာ ၁၅ ရက်တွင် ဂျပန်နိုင်ငံသို့ သွားရောက်ရန် စီစဉ်လျက်ရှိကြောင်းနှင့် အဆိုပါခရီးစဉ်တွင် ဂျပန်ဝန်ကြီးချုပ် ဆူဂါ၊ တိုကျိုမြို့တော်ဝန် ယူရီကိုတို့နှင့် တွေ့ဆုံဆွေးနွေးရန်ရှိကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီဥက္ကဋ္ဌ သောမက်ဘတ်ချ်သည် တိုကျိုတွင် နိုဝင်ဘာ ၁၈ ရက်အထိ နေထိုင်ရန်နှင့် အိုလံပစ်ပြိုင်ပွဲကျင်းပရေးကော်မတီနှင့် ပြုလုပ်မည့်အစည်းအဝေးသို့ တက်ရောက်ရန် မျှော်လင့်လျက်ရှိကြောင်းလည်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အလင်းသစ်**

# သမ္မတရွေးကောက်ပွဲ၌ ဂျိုးဘိုင်ဒင်အနိုင်ရရှိခဲ့ပြီးနောက် အမေရိကန်နှင့် ဆက်ဆံရေးတိုးတက်လာမည်ဟု အာဖဂန်သမ္မတ မျှော်လင့်

**ကဘူး နိုဝင်ဘာ ၈**

အမေရိကန်သမ္မတရွေးကောက်ပွဲ၌ ဂျိုးဘိုင်ဒင်အနိုင်ရရှိခဲ့ပြီးနောက် တန်ပြန်အကြမ်းဖက်မှုနှိမ်နင်းရေးနှင့် ငြိမ်းချမ်းမှုတည်ဆောက်ရေးနယ်ပယ်၌ အာဖဂန်နစ္စတန်နှင့် အမေရိကန်ပြည်ထောင်စုအကြား ဆက်ဆံရေး ပိုမိုတိုးတက်လာမည်ဟု မျှော်လင့်ကြောင်း အာဖဂန်သမ္မတ အာရှ်ရာ့ဖ်ဂါနီက ယနေ့ပြောကြားသည်။

ထို့အပြင် အာဖဂန်နစ္စတန်မှ အမေရိကန်တပ်ဖွဲ့ရုပ်သိမ်းမှုကို ဘိုင်ဒင်အနေဖြင့် ဖြည်းဖြည်းမှန်မှန်ဖြင့် လုပ်ဆောင်လာမည်ဟု မျှော်လင့်ထားသော အာဖဂန်သာမန်ပြည်သူများသည် အမေရိကန်သမ္မတရွေးကောက်ပွဲ၌ ဂျိုးဘိုင်ဒင်၏ အနိုင်ရရှိမှုကို ကြိုဆိုခဲ့ကြသည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်အစိုးရနှင့် တာလီဘန်အုပ်စုတို့သည် စစ်ပွဲအဆုံးသတ်ရေးအတွက် ငြိမ်းချမ်းရေးသဘောတူစာချုပ်တစ်ရပ်ကို ယခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်က လက်မှတ်ရေးထိုးခဲ့ပြီး ယင်းသဘောတူစာချုပ်အရ အာဖဂန်နစ္စတန်နိုင်ငံ၌ ဖြန့်ကြက်ထားသော အမေရိကန်တပ်ဖွဲ့ဝင်အားလုံးကို ၂၀၂၁ ခုနှစ် မေလတွင် ရုပ်သိမ်းရမည်ဖြစ်သည်။

ထို့အပြင် ဘိုင်ဒင်သည် အာဖဂန်နစ္စတန်မှ တပ်ဖွဲ့ရုပ်သိမ်းမှုကို ထရမ့်ကဲ့သို့ အလောတကြီးဆောင်ရွက်မည်မဟုတ်ဘဲ တပ်ဖွဲ့ဝင်တချို့ကို အာဖဂန်နစ္စတန်နိုင်ငံ၌ ဆက်လက်ထားရှိမည်ဟု ယူဆရသည်။

အမေရိကန်တပ်ဖွဲ့ရုပ်သိမ်းရေးသည် အမေရိကန်၏ အရှည်ကြာဆုံး စစ်ပွဲအဆုံးသတ်စေရေးအတွက် သမ္မတထရမ့်၏ အဓိကရည်ရွယ်ချက်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုသည် ယင်းသဘောတူချက်အရ အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်းရှိ တပ်စခန်းအများအပြားကို ပိတ်သိမ်းခဲ့သလို ၎င်း၏တပ်ဖွဲ့ဝင် ထောင်ပေါင်းများစွာကိုလည်း အာဖဂန်နစ္စတန်နိုင်ငံမှ ရုပ်သိမ်းခဲ့သည်။

တစ်ချိန်တည်းမှာပင် အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်တက္ကသိုလ်မှ ကထိကတစ်ဦးဖြစ်သူ တီမောရှာရန်က အမေရိကန်သမ္မတဂျိုးဘိုင်ဒင်အစိုးရလက်ထက်တွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများအတွက် ပိုမိုအချိန်ယူသောချဉ်းကပ်မှုဖြင့် လုပ်ဆောင်လာလိမ့်မည်ဖြစ်ကြောင်း ၎င်း၏ တွစ်တာစာမျက်နှာပေါ်၌ ရေးသားဖော်ပြထားသည်။

တာလီဘန်နှင့် အာဖဂန်အစိုးရတို့အကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲကို စက်တင်ဘာ ၁၂ ရက်မှ စတင်ခဲ့သော်လည်း ယင်းဆွေးနွေးပွဲသည် လက်ရှိအချိန်အထိ သိသာထင်ရှားသော တိုးတက်ပြောင်းလဲမှုတစ်စုံတစ်ခုမျှမလုပ်ဆောင်နိုင်ခဲ့ပေ။ တာလီဘန်အုပ်စုက အာဖဂန်လုံခြုံရေးတပ်ဖွဲ့အပေါ် တိုက်ခိုက်မှု အရှိန်မြှင့်လုပ်ဆောင်လာခြင်းနှင့်အတူ ကဘူးမြို့အပါအဝင် အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း၌ ပဋိပက္ခများသာ တစ်ဟုန်ထိုးမြင့်တက်စေခဲ့သည်။

တစ်ချိန်တည်းမှာပင် ကဘူးမြို့ရှိ တက္ကသိုလ်ကျောင်းသားတစ်ဦးက အမေရိကန်သမ္မတရွေးကောက်ပွဲ၌ ဂျိုးဘိုင်ဒင်အနိုင်ရရှိမှုသည် အာဖဂန်နစ္စတန်နိုင်ငံအတွက် သတင်းကောင်းတစ်ရပ်ပင်ဖြစ်ကြောင်း၊ ဘိုင်ဒင်အနေဖြင့် သမ္မတထရမ့် ကျူးလွန်ခဲ့သည့်အမှားများကို နောက်ထပ်တစ်ကျော့ပြန်လုပ်မည်ဟု မထင်ပါကြောင်း၊ ဘိုင်ဒင်သည် အမေရိကန်နှင့် တာလီဘန်အုပ်စုအကြား သဘောတူစာချုပ်ကို ပြန်လည်စဉ်းစားချင့်ချိန်ပြီး တစ်နည်းနည်းဖြင့် အာဖဂန်နစ္စတန်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင်တချို့ကို ဆက်လက်ချထားပေးမည်ဟု ယူဆရကြောင်း ပြောကြားသည်။

**ကိုးကား – အေအက်ဖ်ပီ**
**ဘာသာပြန် – ဂျော်တီ**

# ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ရွေးချယ်ရေးအစည်းအဝေးကို ရွှေ့ဆိုင်း

**ဂျီနီဗာ နိုဝင်ဘာ ၈**

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သည် အဖွဲ့၏ဥက္ကဋ္ဌသစ် ရွေးချယ်ရေးအစည်းအဝေးကို ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။ အဆိုပါဆုံးဖြတ်ချက်မှာ နိုင်ဂျီးရီးယား ဘဏ္ဍာရေးဝန်ကြီးဟောင်းတစ်ဦးအား ဥက္ကဋ္ဌသစ်အဖြစ် ခန့်အပ်ရေးနှင့် စပ်လျဉ်း၍ အမေရိကန်က ကန့်ကွက်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်းလည်း သိရသည်။

နိုဝင်ဘာ ၉ ရက်တွင် ကျင်းပရန် စီစဉ်ထားသည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်းအဝေးသည် နိုင်ဂျီးရီးယား ဘဏ္ဍာရေးဝန်ကြီးဟောင်း အိုကွန်ဂျို-အီဝီယာလာနှင့် တောင်ကိုရီးယား ကုန်သွယ်ရေးဝန်ကြီး ယိုမြောင်ဟီးတို့အနက်မှ တစ်ဦးကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဥက္ကဋ္ဌသစ်အဖြစ် ရွေးချယ်ရန် မျှော်လင့်ထားခြင်းဖြစ်သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ တာဝန်ရှိသူများသည် အိုကွန်ဂျို-အီဝီယာလာကို အဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်သစ်အဖြစ် ခန့်အပ်ရန် အကြံပြုထားပြီး အိုကွန်ဂျို-အီဝီယာလာသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အဖွဲ့ဝင်အများစု၏ ထောက်ခံမှုရရှိထားသူလည်းဖြစ်သည်။

သို့ရာတွင် အမေရိကန်နိုင်ငံကမူ တောင်ကိုရီးယား ကုန်သွယ်ရေးဝန်ကြီး ယိုမြောင်ဟီးမှာ ကုန်သွယ်ရေးအတွေ့အကြုံရှိသူဖြစ်ကြောင်းနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အကြီးအကဲဖြစ်သင့်ကြောင်း ထောက်ခံချက်ပေးထားသည်။

ထို့ကြောင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အနေဖြင့် နိုဝင်ဘာ ၉ ရက်တွင် ပြုလုပ်မည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ်သစ်တစ်ဦးကို ခန့်အပ်ရန် စီစဉ်ထားခဲ့ခြင်းဖြစ်သော်လည်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အကြီးအကဲသစ် ရွေးချယ်ရေးအစည်းအဝေး ရွှေ့ဆိုင်းမည့်ဆုံးဖြတ်ချက်၏ နောက်ကွယ်မှ အကြောင်းပြချက်များကို ထုတ်ဖော်ပြောကြားခြင်းမရှိဘဲ အကြီးအကဲသစ်ရွေးချယ်မည့်ကိစ္စကို ရွှေ့ဆိုင်းကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။ **ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အလင်းသစ်**




# သြစတြေးလျ၌ အက်စ်ထရာဇန်နီကာ ဗိုင်းရပ်စ်ကာကွယ်ဆေးထုတ်လုပ်မှု စတင်မည်

**မဲလ်ဘုန်း နိုဝင်ဘာ ၈**

သြစတြေးလျနိုင်ငံ၌ နိုဝင်ဘာ ၉ ရက်မှစ၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ သန်းနှင့်ချီ၍ စတင်ထုတ်လုပ်မည်ဖြစ်သည်။ ယခုသီတင်းပတ်အတွင်း မဲလ်ဘုန်းမြို့ရှိ စက်ရုံ၌ အက်စ်ထရာဇန်နီကာ ဗိုင်းရပ်စ်ကာကွယ်ဆေး AZD1222 စတင်ထုတ်လုပ်မည်ဟု ဇီဝနည်းပညာကုမ္ပဏီ CSL က ကြေညာခဲ့သည်။

သြစတြေးလျအစိုးရနှင့် လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက်၏ တစ်စိတ်တစ်ဒေသအဖြစ် ဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေ သန်း ၃၀ ထုတ်လုပ်မည်ဖြစ်ပြီး ၂၀၂၁ ခုနှစ် နှစ်လယ်တွင် စတင်ဖြန့်ဝေမည်ဟု CSL ကုမ္ပဏီက ပြောသည်။ အောက်စဖို့ဒ်တက္ကသိုလ်မှ ထုတ်လုပ်သည့် အဆိုပါထိုးဆေးက ကမ္ဘာတစ်ဝန်း အလားအလာအကောင်းဆုံး ဗိုင်းရပ်စ်ကာကွယ်ဆေးတစ်မျိုးအဖြစ် သတ်မှတ်ခံရပြီး အပြီးသတ်အဆင့် စမ်းသပ်မှုများ လုပ်ဆောင်လျက်ရှိသည်။ လက်ရှိဆောင်ရွက်ဆဲ လက်တွေ့စမ်းသပ်မှုများ အောင်မြင်ပါက သြစတြေးလျအစိုးရက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နောက်ထပ်နှစ်မျိုးဝယ်ယူရန် လက်မှတ်ရေးထိုးခဲ့သည်။

သြစတြေးလျနိုင်ငံသည် အမေရိကန်ဆေးဝါးကုမ္ပဏီ Novavax ထံမှ ဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေ သန်း ၄၀ နှင့် အမေရိကန်ဆေးဝါးလုပ်ငန်းများဖြစ်သော Pfizer နှင့် BioNTech တို့ ပူးတွဲထုတ်လုပ်သည့် ဗိုင်းရပ်စ်ကာကွယ်ဆေး ၁၀ သန်း ဝယ်ယူမည်ဖြစ်သည်။ အဆိုပါ ဗိုင်းရပ်စ်ကာကွယ်ဆေးများကို ကမ္ဘာတစ်ဝန်း အပြီးသတ်အဆင့် စမ်းသပ်မှုများလုပ်ဆောင်နေပြီး လာမည့်နှစ်အစောပိုင်းတွင် သြစတြေးလျနိုင်ငံ၌ အသုံးပြုရန် အတည်ပြုနိုင်သည်။

အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံတန်ကြေးရှိ ကွင်းစလန်းတက္ကသိုလ်၊ အက်စ်ထရာဇန်နီကာတို့နှင့် လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက်များအရ သြစတြေးလျနိုင်ငံသည် ဒေါ်လာ ၃ ဒသမ ၂ ဘီလီယံ အကုန်အကျခံ၍ ဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေ ၁၃၄ သန်း ဝယ်ယူမည်ဖြစ်သည်။ **ကိုးကား – ဒေးလီးမေးလ်၊ ဘာသာပြန် – ကျော်ထိုက်စိုး**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၅၀၃၇၇၇၇၆ | ဦး |
| သေဆုံးသူ | ၁၂၅၈၀၆၆ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၃၅၆၂၀၈၁၆ | ဦး |

# အိမ်ဖြူတော်ဆီ တတိယအကြိမ် ခြေဆန့်မယ့် ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင်

မေလဲ့သင်း

နိုဝင်ဘာ ၃ ရက် ရွေးကောက်ပွဲအပြီး လေးရက်အကြာမှာတော့ အမေရိကန်သမ္မတ ရွေးကောက်ပွဲရလဒ် ထွက်ပေါ်လာခဲ့ပြီဖြစ်ကာ ဒီမိုကရက်တစ်ပါတီ ကိုယ်စားပြုအနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်တဲ့ ဘိုင်ဒင်ဟာ အမေရိကန်ပြည်ထောင်စုရဲ့ ၄၆ ဦးမြောက် သမ္မတအဖြစ် လာမယ့် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ စတင်တာဝန်ထမ်းဆောင်တော့မှာဖြစ်ပါတယ်။ သူ့အနေနဲ့ လေးနှစ်တာသက်တမ်းအတွင်း လုပ်ဆောင်ရမယ့် တာဝန်တွေ များပြားမှာဖြစ်သလို တစ်ဖက်မှာလည်း စိန်ခေါ်မှုများစွာကို ရင်ဆိုင်ဖြေရှင်းရဖို့ ရှိနေပါတယ်။

လက်ရှိသမ္မတထရမ့်ကတော့ ဘိုင်ဒင်ကို အရေးနိမ့်ခဲ့ရမှုနဲ့အတူ ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း လက်ရှိသမ္မတဟာ ပြိုင်ဘက်သမ္မတလောင်းကို အရေးနိမ့်ကာ သက်တမ်းတစ်ကြိမ်သာ ထမ်းဆောင်ခွင့်ရတဲ့ မှတ်တမ်းရရှိခဲ့ပါတယ်။ ထရမ့်ရဲ့ ကိုဗစ်-၁၉ ရောဂါကိုင်တွယ်ဖြေရှင်းပုံဟာ အမေရိကန်ပြည်သူတွေအတွက် စိတ်ကျေနပ်မှုမပေးစွမ်းနိုင်ခဲ့တာကြောင့် ဒီအချက်ကပဲ ဘိုင်ဒင်ကို အိမ်ဖြူတော်ဆီ ပို့ဆောင်ပေးနိုင်ခဲ့တာပါ။

အမေရိကန်သမ္မတ ရွေးကောက်ပွဲဟာ နိုဝင်ဘာလမတိုင်မီ စက်တင်ဘာ၊ အောက်တိုဘာလလောက်ကတည်းက စကားစစ်ထိုးပွဲတွေ၊ မဲဆွယ်စည်းရုံးရေးခရီးစဉ်တွေနဲ့အတူ စိတ်ဝင်စားစရာကောင်းခဲ့ပြီး မဲပေးအပြီးမှာလည်း ဘယ်ပြည်နယ်မှာ ဘယ်သူက ဦးဆောင်နေတယ် စသဖြင့် ပြည်နယ်တစ်ခုချင်းစီရဲ့ ရလဒ်ကို မီဒီယာတွေက အနီးကပ်တောက်လျှောက် ဖော်ပြနေခဲ့တာဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်း နိုင်ငံအသီးသီးက ရွေးကောက်ပွဲတွေ ကျင်းပနေကြတာဟာ ဒီမိုကရေစီကျင့်ထုံးတစ်ခုအနေနဲ့ ဖော်ဆောင်နေကြတာဖြစ်ပြီး အမေရိကန်သမ္မတရွေးကောက်ပွဲရလဒ်ကိုတော့ စိတ်ဝင်စားမှုပိုကြရတာက အမေရိကန်ပြည်ထောင်စုရဲ့ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံမှာ ဩဇာတိက္ကမ ကြီးမားမှုအပါအဝင် အမေရိကန်သမ္မတတစ်ဦးရဲ့ မူဝါဒချမှတ်မှုနဲ့ ချဉ်းကပ်မှုတွေက ကမ္ဘာ့နိုင်ငံများအပေါ် သက်ရောက်မှုတွေရှိတာကြောင့် ဖြစ်ပါတယ်။

နိုင်ငံတကာ အသိုင်းအဝိုင်းကတော့ မစ္စတာဘိုင်ဒင်အနေနဲ့ နိုင်ငံတကာဆက်ဆံရေးနဲ့ ကုန်သွယ်ရေး၊ လူ့ဝင်မှုကြီးကြပ်ရေးမူဝါဒတွေမှာ သမ္မတထရမ့်ရဲ့ ချဉ်းကပ်ပုံနဲ့ များစွာကွာခြားသွားမယ်လို့ ယူဆနေကြပါတယ်။ အောင်ပွဲခံမိန့်ခွန်းမှာ ဘိုင်ဒင်က အားလုံးစုစုစည်းစည်းနဲ့ အလုပ်လုပ်ကြဖို့နဲ့ ပိုင်းခြားမှုမရှိဘဲ စုစည်းညီညွတ်ကြဖို့ တိုက်တွန်းလိုက်ပါတယ်။ ဒီတော့ ဘိုင်ဒင်ရဲ့ နိုင်ငံရေးခရီးလမ်းကို ပြန်ကြည့်ပါမယ်။

### ဘိုင်ဒင်ရဲ့ နိုင်ငံရေးခရီးလမ်း

မစ္စတာဘိုင်ဒင်လို့ ပြောလိုက်ရင် ဒုတိယသမ္မတအနေနဲ့ လူသိများပြီး သမ္မတဟောင်း အိုဘားမားလက်ထက် အိမ်ဖြူတော်မှာ ဒုတိယသမ္မတအဖြစ် နှစ်ကြိမ်တိုင် တာဝန်ထမ်းဆောင်ခဲ့ဖူးပြီးဖြစ်တဲ့အတွက် ယခုသမ္မတအဖြစ် ရွေးချယ်ခံရခြင်းက သူ့အဖို့ တတိယအကြိမ်မြောက် အိမ်ဖြူတော်ခရီးလို့ ဆိုရမှာဖြစ်ပါတယ်။ လက်ရှိမှာ အသက် ၇၈ နှစ်ရှိပြီဖြစ်တဲ့ ဘိုင်ဒင်ဟာ အသက်(၂၉)နှစ်အရွယ် (၁၉၇၂ ခုနှစ်)ကတည်းက ဒီလာဝဲလ်ရဲ့ အထက်လွှတ်တော်အမတ်အဖြစ် စတင်ရွေးချယ်ခံခဲ့ရပြီး ၂၀၀၉ ခုနှစ်အထိ သက်တမ်းခြောက်ကြိမ်တိုင် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါတယ်။ ဝါရင့်နိုင်ငံရေးသမားဖြစ်တဲ့ ဘိုင်ဒင်ဟာ နိုင်ငံရေးလောကထဲ ဝင်ရောက်လုပ်ကိုင်နေစဉ် တစ်ဖက်မှာလည်း ၁၉၈၁ ခုနှစ်မှ ၂၀၀၈ ခုနှစ်အကြား ကာလတွေမှာ ဝစ်ဒန်နာတက္ကသိုလ်ရဲ့ တွဲဖက်ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ အထက်လွှတ်တော်အမတ်အဖြစ် တာဝန်ထမ်းဆောင်နေစဉ်မှာ နိုင်ငံတကာဆက်ဆံရေး၊ပြစ်မှုဆိုင်ရာ တရားမျှတမှု၊ မူးယစ်ဆေးဝါးဆိုင်ရာ မူဝါဒတွေ ဦးစားပေး ဆောင်ရွက်ခဲ့ပါတယ်။



### အမေရိကန်ပြည်တွင်းကိစ္စရပ်များအတွက် ရင်ဆိုင်ရမယ့် စိန်ခေါ်မှုများ

ပထမဆုံးနဲ့ အရေးကြီးဆုံးဖြေရှင်းရမယ့် ပြဿနာကတော့ ကိုဗစ်-၁၉ ရောဂါကြောင့် ကျဆင်းသွားခဲ့တဲ့ အမေရိကန်စီးပွားရေးကို ဘိုင်ဒင် ဘယ်လိုဆယ်တင်မလဲဆိုတဲ့အချက်ပါ။ ရွေးကောက်ပွဲကတိအတိုင်း အစိမ်းရောင်စီမံချက်၊ လူမှုရေးပင်စင်နဲ့ နိုင်ငံတကာကျောင်းသားတွေအတွက် ချေးငွေချထားပေးမှု၊ အလုပ်အကိုင် ပြန်လည်ဖွံ့ဖြိုးလာရေးစတဲ့ ကိစ္စရပ်တွေအတွက် ဒေါ်လာ နှစ်ထရီလီယံအထိ သုံးစွဲသွားမယ်လို့ဆိုခဲ့ပေမယ့် ဒီဘတ်ဂျက်တောင်းခံမှုကို ရီပတ်ဘလီကန်အများစု နေရာယူထားတဲ့ လွှတ်တော်နှစ်ရပ်က ပယ်ချနိုင်တယ်ဆိုတာ သတိပြုရပါမယ်။ ဒါ့အပြင် သမ္မတထရမ့်ရဲ့ အခွန်လျှော့ချမှု မူဝါဒကြောင့် ဝင်ငွေမြင့်မားတဲ့ လူတန်းစားတွေ အကျိုးခံစားခွင့်ပိုများလာပြီး လူတန်းစားကွာဟမှု ပိုမိုကြီးထွားလာတာကို အခွန်တိုးကောက်ရုံနဲ့ ဘိုင်ဒင်ဖြေရှင်းနိုင်မလားဆိုတာ စဉ်းစားစရာကိစ္စရပ်ပါ။

### ကမ္ဘာ့အာဏာ လွန်ဆွဲမှု

သမ္မတထရမ့်ဟာ တရုတ်နိုင်ငံနဲ့ ဆက်ဆံရေးမှာ တင်းမာတဲ့ သဘောထားရှိသူအဖြစ် အများက လက်ခံထားပေမယ့် ဘိုင်ဒင်သမ္မတဖြစ်လာခြင်းကလည်း တရုတ်နိုင်ငံရဲ့ ကမ္ဘာ့နံပါတ်(၁) အင်အားကြီးနိုင်ငံအဖြစ် ရပ်တည်ရေး ခြေလှမ်းတွေအတွက် ခက်ခဲစေဦးမယ်လို့ စာရေးဆရာ ဂျွန်ဆက်ဝ့ါသ်က ရေးသားခဲ့ပါတယ်။ သမ္မတထရမ့်ဟာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးတွေမှာ အမေရိကန်ဦးစားပေးရေးစနစ်ကို ကိုင်စွဲလွန်းတာကြောင့် ရေရှည်မှာ အမေရိကန်ရဲ့ ကမ္ဘာ့နိုင်ငံတွေအပေါ် ဩဇာသက်ရောက်မှုဟာ ကျဆင်းသွားနိုင်တယ်လို့ တရုတ်နိုင်ငံဘက်က ယူဆနေတယ်လို့ဂျွန်က ဆိုပါတယ်။ ဥပမာအားဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကနေ နုတ်ထွက်မယ်လို့ ခြိမ်းခြောက်ခြင်း၊ ပါရီ ရာသီဥတုဆိုင်ရာ သဘောတူညီချက်ကနေ နုတ်ထွက်ခဲ့တဲ့ ဖြစ်စဉ်တွေပါ။ ဘိုင်ဒင်ကတော့ သူသာသမ္မတဖြစ်ရင် ကမ္ဘာ့အရေးကိစ္စရပ်တွေမှာ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်မှာဖြစ်သလို မဟာမိတ်တွေနဲ့ ဆက်ဆံရေး ပြန်လည်ကောင်းမွန်အောင် ထူထောင်သွားမှာဖြစ်ကြောင်း ပြောကြားထားခဲ့ပြီး အထက်လွှတ်တော်အမတ်အဖြစ် ဆောင်ရွက်ခဲ့ချိန်မှာလည်း နိုင်ငံတကာဆက်ဆံရေးကို အထူးအာရုံစိုက် လှုပ်ရှားခဲ့တာကို တွေ့ရပါတယ်။

ဘိုင်ဒင်လက်ထက်အတွင်း နေတိုးအဖွဲ့ဝင်နိုင်ငံများ၊ ဂျာမနီ၊ ကနေဒါတို့လိုနိုင်ငံတွေနဲ့ ဆက်ဆံရေး တိုးတက်လာနိုင်ခြေရှိပေမယ့် ဘရက်ဆစ်အရေးကိစ္စရပ်ကြောင့် ဗြိတိန်နဲ့ ဆက်ဆံရေးကောင်းမွန်ပါ့မလားဆိုတဲ့ မေးခွန်းတွေရှိနေသလို မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နဲ့ ဘိုင်ဒင်တို့ရဲ့ ရှိရင်းစွဲဆက်ဆံရေးကြောင့် ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးဟာ ဘိုင်ဒင်ရဲ့ လေးနှစ်တာ သမ္မတသက်တမ်းအတွင်းမှာ ပိုဆိုးသွားနိုင်သလားဆိုတဲ့ မေးခွန်းတွေ ရှိနေပါတယ်။

### အိန္ဒိယအတွက် ဖိအားတိုးလာနိုင်

အိန္ဒိယကတော့ အမေရိကန်သမ္မတအဆက်ဆက်နဲ့ ကောင်းမွန်တဲ့ဆက်ဆံရေး ထူထောင်နိုင်သလို အမေရိကန်ဘက်ကလည်း အိန္ဒိယဟာ အာရှ-ပစိဖိတ်ဒေသရဲ့ အရေးအပါဆုံး မဟာမိတ်နိုင်ငံဖြစ်တယ်လို့ ခံယူထားတာပါ။ သမ္မတထရမ့်နဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေးရှိတဲ့ နိုင်ငံတွေထဲမှာ ဂျပန်၊ အိန္ဒိယ၊ အစ္စရေးတို့ ပါဝင်ပါတယ်။ ဒါပေမယ့် ဘိုင်ဒင်ဟာ မဲဆွယ်ကာလကတည်းက ကက်ရှ်မီးယားဒေသမှာ ရှိတဲ့ လူတွေအားလုံး တန်းတူအခွင့်အရေးရရှိစေရမယ်လို့ ကတိပြုခဲ့သလို ဒုတိယသမ္မတဖြစ်လာမယ့် အိန္ဒိယသွေးနှောတဲ့ ကမ်မလာဟဲရစ္စကလည်း လက်ရှိအိန္ဒိယအစိုးရရဲ့ မူဝါဒဟာ ဟိန္ဒူတွေကို ဦးစားပေးဖို့ ဖော်ဆောင်ထားတဲ့ မူဝါဒဖြစ်ပြီး ဒီမူဝါဒကပဲ တစ်နိုင်ငံတည်းမှာ အတူနေထိုင်တဲ့ ဟိန္ဒူနဲ့ မွတ်စလင်တို့ကြား ကွဲပြားမှုတွေကို ဆောင်ကြဉ်းလာတယ်လို့ ဝေဖန်ဖူးပါတယ်။ ဒါကြောင့် ဘိုင်ဒင်အစိုးရဟာ အိန္ဒိယရဲ့ နိုင်ငံသားမှတ်ပုံတင်ကတ်ရရှိရေးစနစ်နဲ့ နိုင်ငံသားဖြစ်ခွင့်ဥပဒေကိစ္စရပ်နဲ့ ပတ်သက်လို့ သေချာပေါက် ဖိအားပေးဖွယ်ရှိနေပါတယ်။

### ဘရက်ဆစ်အရေး

ဗြိတိန်နဲ့ အမေရိကန်ပြည်ထောင်စုတို့ကြားထဲက ရှည်လျားခိုင်ခံ့ပြီးဖြစ်တဲ့ ဆက်ဆံရေးဟာ ဘရက်ဆစ်ကိစ္စရပ်အပေါ် ပြင်းထန်တဲ့ သဘောထားရှိတဲ့ ဝန်ကြီးချုပ်ဘောရစ်ဂျွန်ဆင်နဲ့ ဥရောပသမဂ္ဂကနေ ဗြိတိန်ခွဲထွက်ရေးကို မလိုလားခဲ့တဲ့ ဘိုင်ဒင်တို့ကြား ဆက်ဆံရေးဟာ ကောင်းမွန်ပါ့မလားဆိုတာပါ။ ဘောရစ်ဂျွန်ဆင်ဟာ ဘရက်ဆစ်ကိစ္စနဲ့ ပတ်သက်ပြီး တင်းမာတဲ့ သဘောထားရှိတာကြောင့် သူ့ကို "ဗြိတိန်ထရမ့်"လို့တောင် အမည်တပ်ခဲ့သူတွေ ရှိပါတယ်။ အမေရိကန်မှာ ထရမ့် ရွေးကောက်ပွဲ အနိုင်ရတဲ့ ၂၀၁၆ ခုနှစ်မှာပဲ ဗြိတိန်ကလည်း ဘရက်ဆစ်ကိစ္စအတွက် မဲပေးခဲ့ကြပါတယ်။ ဒီကိစ္စရပ်နဲ့ပတ်သက်ပြီး မဲမပေးခင်ကာလကတည်းက အဲဒီအချိန်က သမ္မတ အိုဘားမားနဲ့ ဒုတိယသမ္မတအဖြစ် တာဝန်ထမ်းနေတဲ့ ဘိုင်ဒင်တို့နှစ်ဦးစလုံးဟာ ဗြိတိန်အတွက် ဥရောပသမဂ္ဂကနေ ခွဲထွက်ရေးဆိုတဲ့ အဖြေထက် အခြားရလဒ်တစ်ခု ထွက်လာဖို့ မျှော်လင့်တဲ့အကြောင်း ထုတ်ဖော်ပြောကြားခဲ့ဖူးပါတယ်။

### ပူတင်ရဲ့ ကာလရှည်ဦးဆောင်မှု

မကြာသေးခင်ကာလကပဲ ဘိုင်ဒင်က ရုရှားဟာ အမေရိကန်အတွက် အဓိကခြိမ်းခြောက်နိုင်တဲ့ နိုင်ငံဖြစ်လာနိုင်ကြောင်းနဲ့ ပူတင်ရဲ့နေရာမှာ သူသာဆိုရင် သမ္မတအဖြစ်နဲ့ ဝန်ကြီးချုပ်အဖြစ် အကြိမ်ကြိမ်ပြောင်းလဲတာဝန်ထမ်းဆောင်တာမျိုးတွေ လုပ်မှာမဟုတ်ဘဲ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကပဲ အာဏာကို ရယူထားတာက ရုရှားနိုင်ငံအတွက်သာမက ပူတင်ကိုယ်တိုင်ပါ ကောင်းမွန်တဲ့ကိစ္စရပ်မဟုတ်ဘူးလို့ ဝေဖန်ခဲ့ပါတယ်။ ဒါကြောင့် ယိုင်နဲ့ပြီးသား ရုရှား-အမေရိကန်ဆက်ဆံရေးဟာ ဘိုင်ဒင်လက်ထက် အဆိုးဘက်ကို ရောက်သွားမလားဆိုတာ စောင့်ကြည့်ရဖို့ရှိနေပါတယ်။

### ကနေဒါ၊ ဂျာမနီ၊ အီရန်

သမ္မတ ထရမ့်ဟာ ဂျာမနီစီးပွားရေးအဓိကအခြေပြုထားရာ လွတ်လပ်စွာကုန်သွယ်ခွင့်နဲ့ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကို တားဆီးသူအဖြစ် ဂျာမနီနိုင်ငံဘက်က ယူဆထားပါတယ်။ တရုတ်နိုင်ငံနဲ့ ဂျာမနီနှစ်နိုင်ငံ ကုန်သွယ်မှုကို ထရမ့်က တောက်လျှောက်ဝေဖန်ခဲ့သလို ဂျာမနီရဲ့ ကားဈေးကွက်ဟာလည်း ထရမ့်ရဲ့ အမေရိကန်နိုင်ငံသား ဦးစားပေး မူဝါဒအောက်မှာ ခရီးမတွင်ခဲ့ပါဘူး။ ဘိုင်ဒင်ရဲ့ သမ္မတသက်တမ်းမှာတော့ အမေရိကန်နဲ့ ဂျာမနီအစိုးရတို့ကြား မူဝါဒချဉ်းကပ်ပုံတွေ ထရမ့်လက်ထက်ကလောက် ကွာဟနေတာမျိုးဖြစ်နိုင်ဖွယ်မရှိဘဲ တိုးတက်မှုတွေ မြင်တွေ့လာရဖို့ရှိနေပါတယ်။

ကနေဒါဝန်ကြီးချုပ် ထရူးဒေါကတော့ အမေရိကန်မှာ ဘယ်သူသမ္မတဖြစ်ဖြစ် ကနေဒါအနေနဲ့ ပူးပေါင်းဆောင်ရွက်ရေးလမ်းကြောင်းဖွင့်ထားမှာ ဖြစ်တယ်လို့ ဆိုထားပါတယ်။ ဒါပေမယ့် ဘိုင်ဒင်ကတော့ သမ္မတထရမ့်နဲ့ ကနေဒါနိုင်ငံတို့ သဘောတူထားပြီးဖြစ်တဲ့ အယ်လ်ဘာတာ-တက္ကဆက်စ် ရေနံပိုက်လိုင်းတည်ဆောက်ရေးကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ရပ်ဆိုင်းသွားမယ်လို့ဆိုခဲ့ပါတယ်။ ဒီပိုက်လိုင်းဟာ စွမ်းအင်လိုအပ်ချက် မြင့်မားနေတဲ့ ကနေဒါနိုင်ငံအတွက် အသက်ရှူပေါက်ဖြစ်ပါတယ်။

ဘိုင်ဒင်ဟာ အိုဘားမားလက်ထက် ဆောင်ရွက်ခဲ့တဲ့ အီရန်နျူကလီးယားအရေး သဘောတူညီချက်ကို ဆက်လက်ဖော်ဆောင်နိုင်ဖွယ်ရှိနေသလို ကျူးဘားအရေးမှာလည်း ပျော့ပျောင်းတဲ့ သဘောထားမျိုးရှိတာကြောင့် ကျူးဘား-အမေရိကန် ဆက်ဆံရေးတိုးတက်လာမှုကို မြင်တွေ့ရဖွယ်ရှိနေပါတယ်။

အမေရိကန် ခေါင်းဆောင်တွေရဲ့ မူဝါဒ၊ နိုင်ငံရေးခံယူချက်နဲ့ နိုင်ငံတကာဆက်ဆံရေး ချဉ်းကပ်ပုံဗျူဟာတွေဟာ ကမ္ဘာ့နိုင်ငံတွေအပေါ် လွှမ်းမိုးမှုရှိနေဦးမှာဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ် အမေရိကန်သမ္မတရွေးကောက်ပွဲမှာ ဒီမိုကရက်ပါတီဝင်တစ်ဦးရဲ့ အောင်ပွဲခံမှုနဲ့အတူ ဒီမိုကရက်ပါတီရဲ့ အခြေခံမူဝါဒတွေဖြစ်တဲ့ နိုင်ငံတကာအရေး ထည့်သွင်းစဉ်းစားမှု၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပွင့်လင်းမြင်သာမှု၊ ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအတွက် တွန်းအားပေးမှု၊ လူသားတိုင်း သာတူညီမျှခံစားခွင့်ရရှိမှုနဲ့ နိုင်ငံတကာ လွှတ်တော်များအတွင်း ဒီမိုကရေစီစံနှုန်း အားကောင်းလာရေးတို့ကို အာရုံစိုက်သွားဖို့ ရှိနေပါတယ်။

**၂၀၂၀ ပြည့်နှစ် အမေရိကန်သမ္မတရွေးကောက်ပွဲမှာ ဒီမိုကရက်ပါတီဝင်တစ်ဦးရဲ့ အောင်ပွဲခံမှုနဲ့အတူ ဒီမိုကရက်ပါတီရဲ့ အခြေခံမူဝါဒတွေဖြစ်တဲ့ နိုင်ငံတကာအရေး ထည့်သွင်းစဉ်းစားမှု၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပွင့်လင်းမြင်သာမှု၊ ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအတွက် တွန်းအားပေးမှု၊ လူသားတိုင်း သာတူညီမျှခံစားခွင့်ရရှိမှုနဲ့ နိုင်ငံတကာလွှတ်တော်များအတွင်း ဒီမိုကရေစီစံနှုန်း အားကောင်းလာရေးတို့ကို အာရုံစိုက်သွားဖို့**

ကိုးကား

ဘီဘီစီ၊ ဝါရှင်တန်အိတ်ဇက်မင်နာ။

# Stay at Home အစီအစဉ်တွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အလုပ်သမား၊ ဝန်ထမ်းများအား လူမှုဖူလုံရေးထောက်ပံ့ငွေများ ဆက်လက်ခွင့်ပြုထုတ်ပေးလျက်ရှိ

(ယမန်နေ့မှအဆက်)

**၂၂-၁၀-၂၀၂၀ ရက်နေ့မှ ၂-၁၁-၂၀၂၀ ရက်နေ့အထိ လူမှုဖူလုံရေးထောက်ပံ့ငွေ ၄၀ % ဆက်လက်ခွင့်ပြုထုတ်ပေးခဲ့သည့် စက်ရုံ/အလုပ်ရုံ/အလုပ်ဌာနများစာရင်း**

| စဉ် | အလုပ်ဌာနအမှတ် | စက်ရုံ/အလုပ်ရုံ/အလုပ်ဌာန အမည် | အလုပ်သမား ဦးရေ | ထောက်ပံ့ငွေ (ကျပ်) |
|---|---|---|---|---|
| ၁၃၃၁ | 13008.313.3.2.108 | kamcaine Mfg (Myanmar ) Co.,Ltd | ၁,၂၇၁ | ၇၁,၅၄၀,၆၄၀.၀၀ |
| ၁၃၃၂ | 13008.313.3.2.111 | Htun Nay Wun Thitsar | ၁၉၂ | ၂၂,၃၇၈,၀၀၀.၀၀ |
| ၁၃၃၃ | 13008.313.4.2.10 | SAIFORM | ၁,၇၄၆ | ၉၉,၂၂၀,၈၀၀.၀၀ |
| ၁၃၃၄ | 13008.313.4.2.77 | Gread-OneMyanmarCo.,Ltd | ၄၈၀ | ၂၇,၆၉၆,၀၀၀.၀၀ |
| ၁၃၃၅ | 13008.313.4.2.122 | RUI_NING myanmar | ၇၃၄ | ၄၃,၂၁၄,၄၀၀.၀၀ |
| ၁၃၃၆ | 13001.37.8.2.24 | လျှံတက် | ၇ | ၄၀၃,၂၀၀.၀၀ |
| ၁၃၃၇ | 13008.313.7.2.141 | ရွှေဗိုင်းဖြူ ကုမ္ပဏီ | ၃၁ | ၂,၃၁၄,၈၀၀.၀၀ |
| ၁၃၃၈ | 13009.34.2.2.14 | ငွေတောင် တရုတ်အစားအစာ | ၁၃ | ၃၁၆,၀၀၀.၀၀ |
| ၁၃၃၉ | 13009.34.5.2.22 | MOTTAMA DEVELOPMENT GROUP CO.,LTD | ၆၁ | ၇,၀၅၆,၂၁၀.၈၀ |
| ၁၃၄၀ | 13009.34.5.2.41 | Safety Station Group | ၅ | ၄၃၈,၀၀၀.၀၀ |
| ၁၃၄၁ | 13009.34.6.2.21 | The One Entertainment Park Co,Ltd | ၄ | ၂၆၀,၀၀၀.၀၀ |
| ၁၃၄၂ | 13009.34.6.2.68 | PRM (119) | ၆ | ၃၂၀,၈၀၀.၀၀ |
| ၁၃၄၃ | 13009.34.6.2.79 | Red Grapes Co.Ltd | ၄ | ၄၈၀,၀၀၀.၀၀ |
| ၁၃၄၄ | 13009.34.6.2.87 | Yoma German Motor Ltd. | ၂၅ | ၂,၉၁၀,၅၀၀.၀၀ |
| ၁၃၄၅ | 13009.34.6.2.90 | A & M Myanmar Co.Ltd | ၁၃ | ၁,၄၂၀,၀၀၀.၀၀ |
| ၁၃၄၆ | 13009.34.6.2.109 | Iconic Samsung Services | ၃၉ | ၂,၃၃၁,၂၀၀.၀၀ |
| ၁၃၄၇ | 13009.34.7.2.4 | iGenesis Technologies Limited | ၆၄ | ၆,၉၉၅,၄၃၉.၂၀ |
| ၁၃၄၈ | 13009.34.7.2.15 | NAING Group Building Maintenance Co.,Ltd | ၄၆ | ၂,၈၅၈,၀၀၀.၀၀ |
| ၁၃၄၉ | 13009.34.7.2.18 | Naing Goup Time Square Trading Co.Ltd | ၂၈ | ၂,၃၂၀,၀၀၀.၀၀ |
| ၁၃၅၀ | 13009.34.7.2.19 | KM Global Co.Ltd | ၁၃ | ၈၁၂,၀၀၀.၀၀ |
| ၁၃၅၁ | 13009.34.7.2.29 | ပွင့်ဖူးအောင် Co.Ltd | ၄ | ၂၈၀,၀၀၀.၀၀ |
| ၁၃၅၂ | 13009.34.7.2.44 | NS Engineering Co.Ltd | ၁၀ | ၁,၁၄၈,၀၀၀.၀၀ |
| ၁၃၅၃ | 13009.34.7.2.65 | Center for Vocational Training/CVT Myanmar | ၆၄ | ၃,၉၂၄,၀၀၀.၀၀ |
| ၁၃၅၄ | 13009.34.7.2.72 | Asia Time Co,Ltd | ၁၉ | ၁,၃၀၈,၀၀၀.၀၀ |
| ၁၃၅၅ | 13009.34.7.2.79 | 315 Security Service Co.,Ltd | ၂၂ | ၁,၂၀၄,၈၀၀.၀၀ |
| ၁၃၅၆ | 13009.34.7.2.80 | NESIC (THAILAND ) | ၁၈ | ၂,၁၆၀,၀၀၀.၀၀ |
| ၁၃၅၇ | 13009.34.7.2.83 | Global Air & Sea Travels & Tours Co.,Ltd. | ၆ | ၆၄၀,၀၀၀.၀၀ |
| ၁၃၅၈ | 13009.34.7.2.85 | Golden A Plus Co.,Ltd | ၈ | ၆၉၂,၀၀၀.၀၀ |
| ၁၃၅၉ | 13009.34.7.2.93 | Nice Style Travel &Tours | ၃၁ | ၃,၃၈၀,၀၀၀.၀၀ |
| ၁၃၆၀ | 13009.34.7.2.95 | Chubb Life Co,Ltd | ၃၅ | ၄,၂၀၀,၀၀၀.၀၀ |
| ၁၃၆၁ | 13009.34.7.2.107 | ဒိုတာဝန်မိသားစုအိမ်ဆောက်ပစ္စည်း | ၁၂ | ၇၁၆,၀၀၀.၀၀ |
| ၁၃၆၂ | 13009.34.7.2.111 | Fecon Trung Chinh Myanmar Construction Co.,Ltd | ၃၉ | ၄,၆၂၈,၀၀၀.၀၀ |
| ၁၃၆၃ | 13009.34.7.2.116 | Growval Myanmar Limited | ၁၂ | ၁,၄၄၀,၀၀၀.၀၀ |
